
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (တစ်)

ဘရဏီစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

တစ်နေ့တာထမ်းဆောင်ခဲ့ရသည့် သူမတာဝန်ချိန် ကုန်ဆုံးသွားပြီဖြစ်၍ လေယာဉ်ပေါ်မှ သူမဆင်းလာခဲ့သည်။

သူမပုံစံက အသားလတ်လတ် အရပ်မြင့်မြင့်၊ ခွေလိပ်သောဆံပင်များကိုထုံးဖွဲ့ထားပြီး မျက်နှာလေးက မြင်သူတကာ သေရလောက်အောင် လှပ၍ဆွဲဆောင်မှုရှိသူတစ်ယောက်ရယ် ပါ။

သူမက လေယာဉ်မယ်. . . ပန်းရိုပ်ထင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်လေဆိပ်အပြင်ဘက်သို့ ရောက်သောအခါ 'တက္ကစီ'တစ်စီးကိုငှားလိုက်၏။ သူမအိမ်သို့ ပြန်ရန်ဖြစ်သည်။

လေယာဉ်မယ်ဝတ်စုံလေးနှင့် ဆွဲဆောင်မှုရှိလှသည့် သူမကို လူအချို့က ငေးကြည့်နေကြသည်။ ထိုစဉ် သူမငှားလိုက်သည့် 'တက္ကစီ'ကားနှင့်ကပ်လျက်ရပ်ထားသည့် Toyota corolla ကားပေါ်မှ အသက်အစိတ်ခန့်ရှိ လူရွယ်တစ်ယောက် ပြေးဆင်းလာပြီး သူမအနီးသို့ ရောက်လာ၏။

"ဟင်. . . နှောင်းရိပ်ဝေပါလား၊ ဒါကြောင့် ပြောတာပေါ့၊ နှောင်းလေးမသေပါဘူးလို့"

ထိုလူ့စကားကြောင့် သူမအလွန်အမင်းအံ့ဩသွားပြီး ထိုလူ့မျက်နှာကိုကြည့်လိုက်မိ၏။

ထိုလူက လေယာဉ်မယ်ဝတ်စုံနှင့် သူမကိုကြည့်ပြီး သဘောကျသလို တဟားဟားရယ်နေသည်။

"ကိုကို. . . လာ ပြန်ကြရအောင်"

အသက်နှစ်ဆယ့်သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး ကားပေါ်မှဆင်းလာပြီး ထိုလူ့လက်မောင်းကိုဆွဲ၍ ခေါ်လိုက်၏။





"နေပါဦး အိဇင်ရယ်. . .၊ ဒီမှာ နှောင်းပြန်လာပြီလေ၊ မတွေ့ဘူးလား"

သူ့စကားကြောင့် အိဇင်ဆိုသည့်မိန်းကလေးက လေယာဉ်မယ်ပန်းရိပ်ထင်ကို ငေးကြည့်လိုက်သည်။

အိဇင်မျက်နှာတစ်ခုလုံး ဖြူဖွေးသွားလောက်အောင် အံ့ဩသွားရပြီး သူမကိုအံ့ဩမယုံနိုင်လွန်းစွာဖြင့် ငေးကြည့်နေပါတော့သည်။

"နှောင်း. . . နှောင်း၊ ကိုကို့ကိုမမှတ်မိဘူးလားဟင်၊ ကိုကိုတို့မင်္ဂလာပွဲမပျက်သေးဘူး သိလား၊ နှောင်းရောက်လာတဲ့နေ့မှာ မင်္ဂလာဆောင်ဖို့ ကိုကိုစောင့်နေတယ်"

သူမပခုံးတစ်ဖက်ကို သူ့လက်တစ်ဖက်ဖြင့်ဆုပ်ကိုင်၍ အားတက်သရောပြောနေသောကြောင့် ပန်းရိပ်ထင်ထူထူပူပူ ဖြစ်ပြီး ဆောင့်ရုန်းလိုက်မိသည်။

"နှောင်းရယ်. . . ကိုကို့ကိုခွင့်လွှတ်ပါနော်"

"အို. . . ရှင်၊ ဒီမှာ စော်ကားလှချည်လား၊ ကြာရင်ပါးရိုက်မိတော့မှာပဲ၊ ဘာကြောင့် ကျွန်မကိုဒီလောက်နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ. . . ပြောပါဦး"

ထိုလူ့ကိုတွန်းပစ်ပြီး သူမ'ကာက'ပေါ်တက်လိုက်၏။

သို့သော် ထိုလူကသူမဘေးတွင် အတင်းအကျပ်ဝင်ထိုင်လိုက်သောကြောင့် သူမဘာလုပ်ရမှန်းမသိဘဲ တုန်လှုပ်ချောက်ချားသွားမိသည်။

"ကိုကို လာခဲ့လေ၊ အိမ်ကကားနဲ့ ပြန်ကြစို့"

အိဇင်က ထိုလူ့လက်ကို အတင်းအကျပ်ဆွဲခေါ်နေသောကြောင့် သူမနားမလည်နိုင်အောင်ဖြစ်နေမိသည်။

"နှဟ. . . လူကလေး၊ ဦးကြီးတို့နဲ့ ပြန်လိုက်ခဲ့စမ်း၊ သူက နှောင်းရိပ်ဝေမဟုတ်ဘူး၊ တခြားလေယာဉ်မယ်တစ်ယောက်ပါ"

"သူ့နှောင်းရိပ်ဝေပဲဆိုတာ ကျွန်တော်သိတယ်၊ မမှားပါဘူး ဦးကြီးပွရယ်၊ သူ့နောက်ကို ကျွန်တော်လိုက်သွားခွင့်ပြုပါ"

"လူကလေး. . . မင်းငါ့စကား နားမထောင်ရင် မင်းကို ငါကောင်းကောင်းထိုးရလိမ့်မယ်နော်၊ ပြီးတော့ မင်းအိမ်ထဲက အိမ်ပြင်ထွက်မရအောင် တံခါးပိတ်ထားရလိမ့်မယ်"





"ဒီလောက်လဲ လေတွေပွမနေပါနဲ့ ဦးကြီးပွရယ်၊ သူ့နောက်သာမလိုက်ရရင် ကျွန်တော်သေရလိမ့်မယ်"

"မိန်းကလေးက မင်းကိုမခေါ်ဘူးတဲ့၊ မယုံရင် မင်းမေးကြည့်ပါလား၊ သူ့နာမည် နှောင်းရိပ်ဝေမဟုတ်ဘူး၊ မယုံရင် မင်းမေးကြည့်"

"နှောင်းလေး. . . မင်းဟာ နှောင်းရိပ်ဝေအစစ်ပါနော်"

"ကျွန်မနာမည် ပန်းရိပ်ထင်ပါ"

သူမအဖြေစကားကိုကြားတော့ ထိုလူ့အမူအရာက ဆောက်တည်ရာမရသလို မျက်လုံးဝိုင်းဝိုင်းလည်သွားပြီး. . .

"ဘာ. . . မင်းဟာ နှောင်းရိပ်ဝေ မဟုတ်ဘူးလား၊ ဒီမှာတော့ နှောင်းရိပ်ဝေကိုရှာလိုက်ရတာ မောလှပြီ၊ ငါ့ဘဝ တစ်နေ့အဓိပ္ပါယ်ရှိလာနိုးနဲ့ ရှာနေခဲ့မိတာ၊ ခုတော့ မျှော်လင့်ချက်ဆုံးရှုံးရပြန်ပြီ ... အီး ... ဟီး ... ဟီး"

"ဟေ့ကောင် ... မင်းအရူးထလာပြန်ပြီလား၊ လာ. . . ထွက်ခဲ့စမ်း"

ဦးပွဆိုသည့် ထိုလူသန်ကြီးက သူ့လက်မောင်းတစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တို ဆုပ်ကိုင်၍ ကားထဲမှ အတင်းအကျပ်ဆွဲထုတ်သွားသည်။

သူမအံ့ဩနားမလည်နိုင်စွာ ငေးကြည့်နေမိစဉ် အိဖင်ဆိုသည့်မိန်းကလေးက သူမကိုတောင်းပန်သည့် အကြည့်များဖြင့်ကြည့်ပြီး ရှင်းပြလိုက်သည်။

"အိဖင်တောင်းပန်ပါတယ် မမရယ်. . . တကယ်တော့ ကိုကိုကစိတ်ဝေဒနာသည်ပါ။ မမကို သူလူမှားပြီး အတင်းအကျပ် မမနောက်လိုက်ဖို့ ကြိုးစားနေတာပါ"

အိဖင်ရှင်းပြလိုက်မှပင် ထိုလူသည် စိတ်ဝေဒနာသည်တစ်ယောက်ဖြစ်ကြောင်း သူမနားလည်ရသည်။

ဩော်. . . စိတ်ဝေဒနာသည်တဲ့. . .

မှိုပြာရောင်စပို့ရှပ်၊ ပလေကပ်လုံချည် နက်ပြာရောင်တို့ဖြင့် သည်လောက်ချော သည်လောက်ခန့်ညားတဲ့သူက စိတ်ဝေဒနာသည် ဆိုပါကလား. . .

သူမ မယုံနိုင်ပါ။ သို့သော် တကယ့်လက်တွေ့မှာမူ ထိုလူသည် စိတ်ဝေဒနာသည်တစ်ယောက်ဖြစ်မှန်း ပေါ်လွင်နေပါ၏။

"လေယာဉ်မယ်ချောချောလေးတွေကို အလွမ်းပြေ





လာကြည့်ပါရစေဆိုလို့ လေဆိပ်ကို နှစ်လတစ်ခေါက်လောက် လာပို့ပေးရတယ် မမရဲ့၊ ခုတစ်ခါတော့ မမကိုမြင်ပြီး သူလူမှားသွားခဲ့တာ အံ့ဩစရာပါပဲ၊ ကဲ. . . အိဖင်ကိုခွင့်ပြုပါဦး မမ"

သူမနှုတ်ဆက်ပြီး တစ်ဖက်ကားပေါ်သို့တက်ပြီး သူတို့ကားလေးထွက်ခွာသွားသည်မို့ ပန်းရိပ်ထင်ငေးမောကြည့်ရှုပြီး ကျန်ရစ်ခဲ့လေသည်။

"ဘယ်ကိုပို့ပေးရမလဲ အစ်မ"

"ပန်းဆိုးတန်းလမ်းကိုပါ ဆောရီးနော် ကားဆရာ၊ အနေထဲမှာ စိတ်ဝေဒနာသည်နဲ့လာတွေ့နေရလို့ ဘာလုပ်ရမှန်းတောင်မသိဘူး"ဟု သူမရင်မောစွာ ပြောလိုက်မိသည်။

ကားဆရာက. . .

"ဟုတ်ပါရဲ့ဗျာ ဒီလောက်ချော ဒီလောက်သန့်တဲ့ ယောကျ်ားရင့်မကြီးက စိတ်ဝေဒနာသည်ဖြစ်နေတာ အံ့ဩစရာလဲကောင်း၊ သနားစရာလဲကောင်း၊ ကျုပ်ညီသာဆိုရင်တော့ စိတ်ကျန်းမာရေးဆေးရုံ ပို့လိုက်မှာပဲ" ဟု ပြောလိုက်သောကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . . သနားစရာကောင်းပါတယ်ရှင်၊ ညာညာတာတာလဲ ပြောပါ"ဟု ပြောလိုက်မိသည်။

ထိုနေ့က သူမအိမ်ပြန်ရောက်တော့ စိတ်မတည်မငြိမ်ဖြစ်နေမိသည်။

သူမကို 'နှောင်းလေး'ဟု ခေါ်ပြီး သူမနောက်သို့ အတင်းအကျပ်လိုက်ရန် ကြိုးစားနေသည့်သူ့ကို ရုတ်တရက် မေ့ဖျောက်မရနိုင်ပေ။

ဩော် . . . ကိုလူချောရယ် . . . ရှင့်ရုပ်ရည်ခန့်ညားချောမောသလောက် ရှင့်အဖြစ်က ကရုဏာသက်စရာပါပဲ။

သူ့ကိုမြင်မြင်ချင်း ဘာဖြစ်လို့များ စိတ်ဝင်စားနေမိပါလိမ့် . . . ရင်ခုန်နေတာလဲ အမှန်ပါပဲ။

သူမအားချစ်ရေးဆိုနေသည့် ယောကျ်ားအချို့တို့အား စိတ်မဝင်စားဘဲ မာနထားနေသမျှ သည်လူနှင့်တွေ့ရမှ နှလုံးသားထဲမှာ လှိုင်းဂယက်ထနေမိတာ ဘာကြောင့်များလဲကွယ် . . .

* * *





## အခန်း (၂)

ထိုနေ့ညတစ်ညလုံး ဆူးသစ်အိပ်မပျော်နိုင်ဘဲ သူမကိုသာ တမ်းတမ်းတတခေါ်နေပြီး အိပ်ခန်းထဲမှပြေးထွက်လာလိုက်၊ ပြန်ဝင်သွားလိုက်ဖြင့် တစ်အိမ်လုံးရှိလူများကိုအမျိုးမျိုးဒုက္ခပေးလျက်ရှိသည်။

"နှောင်းလေးရေ . . . နှောင်းလေး၊ နှောင်းလေးကိုပြန်တွေ့ခွင့်ရပြီးမှ ဘာဖြစ်လို့ ကိုကို့နောက်ကို လိုက်မလာခဲ့တာလဲ နှောင်းလေးရယ်၊ မင်းကြောင့် ကိုကို့အသည်းတွေကွဲနေရပြီဟီး . . . ဟီး . . . ဟီး"

"ဟဲ့ . . . မောင်ဆူး၊ ဘယ်လိုဖြစ်နေတာလဲ၊ ကြည့်စမ်းကြ



www.burmeseclassic.com

www.burmeseclassic.com



ပါဦး၊ ဒီတစ်ခါရောဂါဟောင်းကြီး ပြန်ထလာတာ ဆိုးသလိုပဲ"

ဆူးသစ်၏အဘွားဖြစ်သူ ဒေါ်နှင်းအိက မျက်လုံးပြူး မျက်ဆံပြူးဖြင့် ထိတ်ထိတ်ပျာပျာ ပြောနေသည်။

"ဘွားဘွား. . . နှောင်းလေးကော၊ ဘယ်နားမှာ ကျန်ရစ်ခဲ့သလဲ"

"ဟဲ့. . . ဘယ်က နှောင်းလေးလဲ"

"ကျွန်တော့်မိန်းမ နှောင်းလေးလေ၊ ကျွန်တော်တို့ လက်ထပ်ပြီး နောက်တစ်နေ့မှာ သူထွက်သွားခဲ့တယ်၊ မနေ့ကမှ လေယာဉ်ကွင်းမှာ သူနဲ့ပြန်ဆုံခဲ့ရတာ ဘွားဘွားမသိဘူးလား"

"အဲသည်နှောင်းလေးက သေပြီလေ"

"ဘာ. . . သေပြီ ဟုတ်လား ဘွားဘွား၊ သူ မသေ သေးပါဘူး၊ မနေ့ကပဲ သူ့ကိုပြန်တွေ့ခဲ့ရတယ်၊ မယုံရင် အိဇင်ကို မေးကြည့်ပါလား ဘွားဘွားရဲ့"

"ဘာတွေလာပြောနေတာလဲ ဥမ္မတကရဲ့၊ အားအားရှိ တိုင်း ဒီနှောင်းလေး ပြဿနာပဲရှာနေတယ်"

"ကျွန်တော်မယုံဘူး၊ သူအခု ဘယ်မှာလဲဟင်၊ ပြောကြ





ပါဦး"

သူတတွတ်တွတ်မေးနေသည်။ ဒေါ်နှင်းအိက အမျိုးမျိုး ရှင်းပြသော်လည်း သူလက်မခံပါ။

"ကျွန်တော့်ချစ်သူက လေယာဉ်မယ်မဟုတ်လား ဘွား ဘွား၊ ကျွန်တော်လူမမှားပါဘူး၊ မနေ့က သူနဲ့ပြန်တွေ့တော့ လေယာဉ်မယ်ဝတ်စုံလေးနဲ့ပဲ"

ဆူးသစ်ကိုကြည့်ပြီး ဒေါ်နှင်းအိစိတ်မရှည်နိုင်တော့ပေ။ စိတ်တိုနေသည့်အမူအရာဖြင့် အိဇင်ကိုအော်ခေါ်လိုက်သည်။

"ဟဲ့. . . အိဇင်၊ လာစမ်းပါဦးဟေ့၊ ဒီမှာ မိနှောင်း ပြဿနာတက်နေပြန်ပြီ"

အိဇင်က VCD ကြည့်နေရာမှ သူတို့အနီးသို့ရောက် လာသည်။

"အဲဒီကိစ္စကို အခါခါရှင်းပြပြီးပြီမဟုတ်လား ကိုကိုရဲ့၊ သူက လေယာဉ်မယ်နှောင်းရိပ်ဝေမှ မဟုတ်ဘဲ၊ တခြား လေယာဉ်မယ်တစ်ယောက်ပါ၊ ကိုကိုလူမှားနေပြီ"

"နင်ငါ့ကို ညာတယ်၊ နင့်ကိုလည်းပင်းညှစ်သတ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတ်နေလဲ"

ဆူးသစ်မျက်လုံးများပြူးကျယ်လာပြီး လည်ပင်းညှစ်ရန် အမူအရာဖြင့်အနီးသို့ ကပ်လာသောကြောင့် သူမသုတ်ခြေတင်ပြီး ပြေးထွက်လာခဲ့မိသည်။

"ဦးကြီးပွရေ. . . လုပ်ပါဦး၊ ကိုကိုရောဂါထလို့"

တိုက်ရှေ့တွင်ခုံတစ်လုံးဖြင့်ထိုင်နေသည့် ဒရိုင်ဘာဦးကြီးပွ မနေသာတော့ဘဲ ထိုင်ရာမှထလာခဲ့ပြီး ဆူးသစ်အားတားဆီးလိုက်ရသည်။

"ဟော့ ... လူလေး၊ မင်းဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ အိဇင်ကို ရန်ရှာနေရတာလဲ"

"နှောင်းလေးနဲ့တွေ့လာတာကို သူကမဟုတ်ဘူးလို့ အတင်းအကျပ်ငြင်းနေတယ် ဦးကြီးပွ၊ အိဇင်ကို ကျွန်တော်သိပ်စိတ်ဆိုးတာပဲ"

သူ့အမူအရာက ရုတ်တရက်ဖျောင်းဖျ၍မရမှန်း သိသာပေါ်လွင်နေပါသည်။

"အိဇင်ကအမှန်ကိုပြောတာပဲ၊ မင်းကမယုံဘူးလား"





"မယုံနိုင်ဘူး ဦးကြီးပွ"

"မယုံတော့ ဘာဖြစ်ချင်သလဲ"

"ကျွန်တော် သူနဲ့တွေ့ချင်တယ်"

"တွေ့ချင်ရင် တွေ့ရမှာပေါ့ကွာ"

"ဘယ်တော့တွေ့ရမှာလဲ ဦးကြီးပွ၊ ပြောပါဦး"

သူ့မျက်ဝန်းများမျှော်လင့်ချက်ဖြင့် စူးရှတောက်ပြောင်နေပြီး ချက်ချင်းဆိုသလို ရွှင်လန်းတက်ကြွနေသည့် အမူအရာသို့ ပြောင်းလဲသွားသည်။

"မင်းတွေ့ချင်တဲ့နေ့ သူရှိတဲ့နေရာကို ငါကိုယ်တိုင်လိုက်ပို့ပေးမယ်"

"လေဆိပ်ကိုလား ဦးကြီးပွ"

"ဟုတ်တယ်"

"ဒါဖြင့် မနက်ဖြန်ညနေ လေဆိပ်ကိုလိုက်ပို့ပေးပါ၊ ကျွန်တော် သူနဲ့တွေ့ချင်တယ်"

"ရတာပေါ့ကွာ. . . ဘာခက်တာမှတ်လို့"

"တကယ်ပြောနေတာနော် ဦးကြီးပွ၊ မညာရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါကွ၊ မင်းက ငါ့ကိုမယုံလို့လား"

"ယုံပါတယ် ဦးကြီးပွရယ်၊ ကတိတော့ တည်ပါစေနော်၊ ဒါပဲ"

"ကောင်းပါပြီကွာ၊ အခုမင်းစိတ်ထဲကျေနပ်သွားပြီဆိုရင် သွားအိပ်တော့ကွာ ဟုတ်လား"

"ဟုတ်တယ် ကျွန်တော်လဲ အိပ်ချင်ပြီ"

သူကစကားဆုံးသည်နှင့် အိပ်ရာဝင်ရန် သူ့အိပ်ခန်းရှိရာသို့တက်သွားသည်။

အောက်ထပ်ဧည့်ခန်းထဲတွင် ဒေါ်နှင်းအိနှင့်အိဇင်တို့ မြေးအဘွားနှစ်ယောက် ကျန်ရစ်ခဲ့ကြပြီး ဒေါ်နှင်းအိက အကျိုးအကြောင်း မေးမြန်းနေသည်။

"ဘယ်လိုတွေဖြစ်ခဲ့ကြတာလဲ၊ အကျိုးအကြောင်းပြောစမ်းပါဦး အိဇင်"

"ထုံးစံအတိုင်းပေါ့ ဘွားဘွားရယ်၊ လေယာဉ်ကွင်းသွားမယ်ပူဆာတာနဲ့ မနေ့ညက ကိုကို့ကိုလေယာဉ်ကွင်းက စားသောက်ဆိုင်လိုက်ပို့ပေးခဲ့ကြတာ၊ Car parking မှာ ကားရပ်ထားတုန်း လေယာဉ်မယ်လေးတစ်ယောက်ကို လှမ်းမြင်ပြီး နှောင်းရိပ်ဝေနဲ့လူချင်း မှားတော့တာပဲ၊ ကိုကို့ရောဂါက ခုထိအခြေအနေကောင်းသေးတာမဟုတ်တော့ မနေ့ကတွေ့ခဲ့ရတဲ့ လေယာဉ်မယ်လေးနဲ့ နှောင်းရိပ်ဝေကို လူချင်းမှားပြီး စွဲလမ်းသွားခဲ့တာပဲ ဘွားဘွားရဲ့"

ဒေါ်နှင်းအိမျက်နှာပေါ်တွင် ယူကျုံးမရခြင်း၊ စိတ်ထိခိုက်ခြင်းအမူအရာများ ဖုံးလွှမ်းသွားသည်။

မြေးဖြစ်သူဆူးသစ်၏ရောဂါဝေဒနာကို အစွမ်းကုန်ကုသခဲ့သော်လည်း ယနေ့အထိရောဂါမသက်သာခဲ့ပေ။

နှောင်းရိပ်ဝေကဲ့သို့ လေယာဉ်မယ်လေးတစ်ဦးကိုတွေ့ပြီး သူ့စိတ်ဝေဒနာဘယ်လောက်ထိခံစားရဦးမည်မသိပါ။

"ကောင်မလေးက နှောင်းရိပ်ဝေနဲ့ ရုပ်ချင်းအတော်ဆင်သလား အိဇင်"

"ရုပ်ချင်းမတူပါဘူး ဘွားဘွားရယ်၊ ဒါပေမယ့် လေယာဉ်မယ်အဝတ်အစားနဲ့အရပ်အမောင်းက တူနေတယ်လေ၊ မိန်းကလေးက တော်တော်လှတယ်"







www.burmeseclassic.com

www.burmeseclassic.com



အိဇင်ရှင်းပြနေရင်း လေယာဉ်မယ်လေးပန်းရိုပ်ထင်ကို မြင်ယောင်နေမိသည်။

အပြာရင့်ရောင်ထက်အောက်ဆင်တူ လေယာဉ်မယ် ဝတ်စုံလေးနှင့်သူမကိုယ်ဟန်က နွဲ့နွဲ့နှောင်းနှောင်းရှိလှသည်။

သူမကို ဆူးသစ်မြင်မြင်ချင်းချစ်မယ်ဆိုလည်း ချစ်ချင်စရာ၊ သူမ၏ပုံရိပ်လေးက မြင်သူတကာ၏မျက်ဝန်းထဲတွင် စွဲလမ်းငြိတွယ်ချင်စရာကောင်းလှသည်မဟုတ်ပါလား. . .

"မနက်ဖြန် လေယာဉ်ကွင်းကို လိုက်ပို့ရမယ်တဲ့ ဘွားဘွား၊ သူ့တောင်းဆိုချက်ကို ဦးကြီးပွက လိုက်လျောခေါင်းညိတ်ပြီး ကတိပေးလိုက်မှ ငြိမ်သွားတာ၊ နောက်မဟုတ်ရင် တစ်ညလုံးမအိပ်ဘဲ ရောဂါတက်နေမှာသေချာတယ်"

"ဒီကိစ္စလွယ်မှလွယ်ပါ့မလား အိဇင်ရယ်၊ ငါ့မြေး ဆူးသစ်အတွက် ဘယ်လိုလုပ်ပေးရမလဲဆိုတာကို စဉ်းစားလို့ကိုမရတော့ဘူး"

မြေးဖြစ်သူရောဂါဝေဒနာ ခံစားနေရတာကို မကြည့်ရက်သလို ပြောလိုက်သည်။

"အဲဒီလေယာဉ်မယ်လေးကို အကူအညီတောင်းပြီး





အကျိုးအကြောင်းပြောပြရင်ကောင်းမလားလို့ စဉ်းစားမိတယ် ဘွားဘွား"

"ပြောပြတော့ကော သူက ဘာကူညီနိုင်မှာမို့လို့လဲ"

"ကိုကိုနဲ့ခင်မင်ရင်းနှီးသွားကြရင် ကိုကို့အပေါ် တဖြည်းဖြည်း ကရုဏာဖြစ်လာနိုင်တာပေါ့ ဘွားဘွားရယ်၊ ပြီးတော့ သူတို့နှစ်ယောက်ရင်းနှီးသွားပြီး ကိုကို့ရောဂါလဲ ပျောက်သွားနိုင်တာပဲ မဟုတ်လား"

"ဟဲ့. . . အဲသည်လောက်အထိ တစ်ဖက်မိန်းကလေးက သည်းခံခွင့်လွှတ်ပြီး နားလည်ပေးနိုင်ပါ့မလား"

"နားလည်ပေးနိုင်လိမ့်မယ်ထင်ပါတယ် ဘွားဘွား၊ မျှော်လင့်ရတာပဲလေ၊ သူ့ကြည့်ရတာ သဘောကောင်းပုံရပါတယ်"

"ဒါဖြင့် ညည်းက ဘယ်လိုလုပ်ဖို့ စဉ်းစားထားသလဲ"

"မနက်ဖြန် ကိုကို့ကိုလေဆိပ်လိုက်ပို့ပေးမယ်၊ ပြီးတော့ အဲဒီလေယာဉ်မယ်လေးနဲ့တွေ့ပြီး အကူအညီတောင်းမယ်"

"ဒါဖြင့်လဲ လေယာဉ်ကွင်းကို ငါပါလိုက်ခဲ့မယ်လေ. . . ကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းဘူး၊ လူငယ်တွေကိစ္စထဲမှာ ကန့်လန့်ကန့်လန့် ဝင်ပါနေလို့ ဘယ်ကောင်းပါ့မလဲ ဘွားဘွားရယ်"

"ဒါဖြင့်လဲ ညည်းဘာသာမီးစင်ကြည့်ပြီး ကတော့ပေါ့ သူများသားသမီးအကူအညီတောင်းရမှာ အားတော့နာပါရဲ့အေ"

"အားနာစရာမလိုပါဘူး။ ဘွားဘွားဒီလောက်ချမ်းသာတာ၊ အမွေလေးဘာလေး ခွဲပေးလိုက်ရင်ပြီးတာပဲ"

"ခွဲပေးရအောင် ငါနဲ့ဘာဆိုင်လို့တုန်း"

"သူက ဘွားဘွားရဲ့မြေးဖြစ်လာရင်ကော. . ."

"အို. . . တော်စမ်းပါအေ၊ ဒီဥမ္မတာကကို ဘယ်သူက စိတ်ဝင်စားမှာလဲ၊ ညည်းက မဦးမချွတ်ပြောမနေပါနဲ့"

"ကိုကိုဖြစ်နေတဲ့ရောဂါက မယားတရှူးလေ၊ သူနဲ့ လက်ထပ်ပြီး နောက်တစ်နေ့မှာပဲ ဆုံးသွားခဲ့ရှာတဲ့ သူရဲ့ အသစ်စက်စက်ဇနီးချောလေးအတွက် စိတ်တွေကမောက်ကမ ဖြစ်နေတဲ့ရောဂါပဲ မဟုတ်လား ဘွားဘွားရဲ့၊ လွမ်းနာကျနေတာ"

အိဇင်ရယ်ကျဲကျဲ ပြုံးဖြီးဖြီး ပြောနေတာကိုကြည့်ပြီး ဒေါ်နှင်းအိစိတ်တိုသွားသည့်အမူအရာဖြင့် သက်ပြင်းရှိုက်လိုက်





သည်။

"တယ်လေ. . . ငါမပြောလိုက်ချင်ဘူး၊ လွမ်းနာကျတော့ ဘာတတ်နိုင်မှာလဲ"

"ကိုကို့ရဲ့အလွမ်းဆိုတဲ့ဝေဒနာကွက်လပ်လေးကို အစားထိုးဖြည့်ပေးလိုက်နိုင်မယ်ဆိုရင် သူ့ရဲ့မယားတရှူး . . အဲလေ မယားလွမ်းရောဂါ ပျောက်သွားနိုင်တာပေါ့ ဘွားဘွားရဲ့"

"အေး. . . ဟုတ်ပါရဲ့၊ ဒီစိတ်ကူးမဆိုးဘူး အမြန်ဆုံး လက်တွေ့အကောင်အထည်ဖော်နိုင်ရင် ညည်းကိုပါ အောင်သွယ်ခ ချီးမြှင့်မယ်၊ ကျုပ်မြေးလေးအမြန်ဆုံး စိတ်ဝေဒနာပျောက်ကင်းပြီး ကျန်းမာပါ့စေလို့ ဆုတောင်းနေရတာ နေ့စဉ်ပါပဲအေ"

ညည့်နက်လှပြီဖြစ်သဖြင့် မြေးဘွားနှစ်ယောက်စကားဆက်မပြောဖြစ်ကြတော့ဘဲ အသီးသီးအိပ်ရာဝင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

နောက်တစ်နေ့နံနက်စောစော ဆူးသစ်အိပ်ရာမှနိုးသည်နှင့် သူမိဘိုင်းဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေလေသည်။

"ဟယ်လို ကိုလွင်မိုးလား၊ ကျွန်တော့်ချစ်သူလေယာဉ်မယ်လေးနှောင်းရိပ်ဝေကိုပြန်တွေ့ပြီ သိလား၊ ကျွန်တော်အရင်လို အသည်းမကွဲရတော့ဘူး၊ သူနဲ့ကျွန်တော်လက်ထပ်ပြီး မင်္ဂလာမဆောင်ခင် သူပျောက်ဆုံးသွားခဲ့တာလေ၊ ခုတော့ သူ့ကိုကျွန်တော်ပြန်တွေ့ပြီဗျ ဟား. . . ဟား. . . ဟား. . ."

"ဟယ်လို ကိုရန်အောင်လား၊ ဒီကနေ့ညနေလုပ်မယ့်





ခင်ဗျားရဲ့စတိတ်ရှိုးကို ကျွန်တော်လာမကြည့်ဖြစ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ညနေ ကျွန်တော့်မိန်းမကိုလေယာဉ်ကွင်းမှာ သွားကြိုရဦးမယ်၊ သူအခုနိုင်ငံခြားက ပြန်လာပြီလေ၊ အရင်ကထက်ပိုပြီး ချောလာလှလာတာ ခင်ဗျားမြင်ရင် အံ့သြသွားမယ် သိလား"

သူတစ်ယောက်တည်းဖုန်းတစ်လုံးဖြင့် နှိပ်ချင်ရာ နံပါတ်နှိပ်ပြီး နှုတ်မှထွက်သည့်နာမည်ကိုခေါ်ကာ ရေရေလည်လည်အူမြူးနေလေသည်။

"ဟော့. . အိဇင်ရေ၊ ဦးကြီးပွကိုကားပြင်ခိုင်းလိုက်စမ်း၊ ငါလေယာဉ်ကွင်းသွားတော့မယ်"

"အို. . . ကိုကိုကလဲ၊ အစောကြီးရှိသေးတယ်၊ သူကညနေမှ တာဝန်ချိန်ပြီးမှာ၊ ကိုကိုအခုသွားလဲ ဘယ်တွေ့နိုင်ပါ့မလဲ"

"အခုတွေ့ချင်တယ် အိဇင်"

"ကိုကိုကလဲ ဒီလောက်တောင်အဖြစ်သည်း မနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သည်းတယ်၊ သည်းတယ်၊ သည်ကနေ့ သူနဲ့သာပြန်တွေ့ရရင် သူ့ကိုမြင်မြင်ချင်း ဟောသလို ဟောသလိုဖက်ပြီး ဟောသလို ဟောသလို နမ်းလိုက်မယ်ဗျာ"

သူကဧည့်ခန်းထဲတွင်အလှပြထားသည့် မင်းသမီးပုံပန်းပုရုပ်လုံးကို တင်းတင်းဖက်ပြီး နမ်းပြလိုက်သည်။

သူ့အပြုအမူကိုကြည့်ပြီး အိဇင်ရှက်သွေးဖြာသွားသည်။ ပြီးတော့ . . .

အင်း . . . ဖြစ်မှဖြစ်ပါ့မလား . . . ဟု သူမတွေးနေ၏။

ညနေလေယာဉ်မယ်နှင့်တွေ့လျှင် ထိုကဲ့သို့ပရမ်းပတာပြုမူပါက ပြဿနာအကြီးအကျယ်တက်သွားနိုင်သည်မဟုတ်ပါလား . . .

"ကိုကိုနော် အိဇင်ပြောထားရဦးမယ်၊ သူ့ကိုတွေ့ရင် သတိလက်လွတ်မဖြစ်စေနဲ့ သိလား"

"ငါ့မိန်းမငါ မြင်မြင်ချင်း ဖက်နမ်းမယ့်ကိစ္စ နင်ကတားဆီးနေရသလား"





"အို . . . မဖြစ်ဘူးလေ ကိုကိုရဲ့၊ မဖြစ်ဘူး၊ အဲဒီလိုလုပ်ရင် သူကစိတ်ဆိုးပြီး ထွက်ပြေးသွားမှာပေါ့၊ ပြီးတော့ ရှက်သွားသိမ့်မယ်"

အိဇင်စကားကြောင့် သူအနည်းငယ်စိတ်ငြိမ်သက်သွားပုံရသည်။

"အိဇင်စကားကို နားထောင်မှ အိဇင်က ကိုကို့ကို လေယာဉ်ကွင်းလိုက်ပို့မှာနော်"

"ဘာတွေနားထောင်ရမှာလဲ၊ instruction ပေးပါဦး"

"သူနဲ့တွေ့ရင်ကိုကိုက မြင်မြင်ချင်းကြွကြွရွရွနဲ့ မခို့တရို့လေးပြုံး၊ ပြီးတော့ နေကောင်းလားလို့မေး"

"သူနေကောင်းတာ ငါမြင်သားပဲ၊ ဘာလို့အပိုစကားတွေ ပြောရဦးမှာလဲ"

သူဘုကျကျပြန်မေးလိုက်သောကြောင့် အိဇင်ရယ်လိုက်မိ၏။

"သူနဲ့ကိုကိုက ခွဲခွာနေကြရတာကြာပြီဆိုတော့ သမီးရည်းစားဖြစ်ခါစအချိန်တုန်းကလို သိမ်သိမ်မွေ့မွေ့ တည်တည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်လေးပြန်ပြီးပြောဆိုဆက်ဆံသင့်တာပေါ့ မဟုတ်ဘူးလား ကိုကို"

"ဟုတ်ပါ့ဗျာ. . . သူကိုယ်တိုင်ထိုးပေးသွားတဲ့ မာဖလာလေး ငါ့လည်ပင်းပတ်သွားမယ်လေ၊ ပြီးတော့ သူလက်ဆောင်ပေးခဲ့တဲ့ ပိုက်ဆံအိတ်လေး ကိုင်သွားမယ်၊ ဆောင်းဘီကိုတော့ သူအကြိုက်ဆုံး မီးခိုးရောင်လေးဝတ်သွားပြီး အင်္ကျီကိုတော့ ရွှေအိုရောင်စပို့ရှပ်လေး ဝတ်သွားရင်ကောင်းမလားလို့ ဟူး. . . ဟူး. . . ဟူး"

သူ့စိတ်ကူးနှင့်သူ ပျော်မြူးနေသည်ကိုကြည့်ပြီး နှမဖြစ်သူအိဇင်သနားလည်းသနား စိတ်လည်းပျက်ဖြစ်နေမိသည်။

ထိုနေ့ညနေတွင် ဒရိုင်ဘာဦးကြီးပွကကားကိုမောင်းပြီး ဆူးသစ်နှင့်အိဇင်တို့မောင်နှမနှစ်ယောက် လေဆိပ်ရှိရာ ရောက်လာခဲ့ကြသည်။

ကားပတ်ကင်တွင် ကားကိုရပ်ထားပြီး လေဆိပ်ထဲမှ သူမထွက်လာမည့်အချိန်ကို မျှော်တလင်လင့်ဖြင့် စောင့်စားနေကြသည်။





မကြာပါ။ မှောင်ရီပျိုးစအချိန်တွင် မနေ့ကတွေ့ခဲ့ရသည့် လေယာဉ်မယ်လေးပန်းရိပ်ထင် လေဆိပ်ထဲမှထွက်လာတာကို တွေ့လိုက်ကြရ၏။

"ဟော. . . ဟိုမှာ၊ နှောင်းလေး လာပြီ"

သူက ကားတံခါးကိုတွန်းဖွင့်ပြီး ကားပေါ်မှ ကသောကမျော ဆင်းလိုက်၏။

"ကိုကို. . . ကိုကို. . . နေပါဦး၊ အို. . . ဒုက္ခပါပဲ"

အိဇင်က သူ့နောက်မှအပြေးအလွှားလိုက်လာခဲ့ပြီး သူမနှင့်သူ့ကြားတွင် ဝင်ရပ်လိုက်၏။

သူတို့နှစ်ဦးကိုမြင်တော့ ပန်းရိပ်ထင်အံ့သြသွားသည်။

ရုတ်တရက်ခြေလှမ်းများ ရပ်တန့်သွားပြီး နားမလည်နိုင်သည့်မျက်ဝန်းများဖြင့် သူတို့နှစ်ဦးကို ကြည့်နေသည်။

"အဟဲ ဟဲ၊ နေကောင်းလား နှောင်းလေး"

"ကျွန်မနှောင်းမဟုတ်ဘူး"

သူမစကားကြောင့် သူမျက်မှောင်ကုတ်ပြီး အလိုမတူဖြစ်သွားသည့်အမူအရာဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက သိမ်သိမ်မွေ့မွေ့တည်တည်တံ့တံ့လေး မေးနေတာနော်၊ နှောင်းလေးက ဘာကြောင့် စိမ်းကားနေရတာလဲကွာ"

"ရှင်ဘာတွေလာပြောနေတာလဲ၊ ကျွန်မခေါင်းရှုပ်လိုက်တာ"

အိဇင်က သူမ၏လက်တစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်လိုက်ပြီး မျက်နှာချိုသွေးလိုက်သည်။

အိဇင်မျက်လုံးများက အကူအညီတောင်းလိုသည့် အရိပ်အယောင်များ အထင်းသားပေါ်လွင်ကြောင်း သူမ နားလည်လိုက်မိသည်။

ထိုလူသည် စိတ်ဝေဒနာသည်တစ်ဦးဖြစ်ကြောင်းကို မနေ့ကတည်းက သူမသိရှိထားပြီမို့ စိတ်မဆိုးတော့ပေ။

"မမကိုလိုက်ပို့ပေးပါရစေလား၊ ပြီးတော့ အိဇင်အကြောင်းပြောပြပြီး အကူအညီတောင်းစရာရှိလို့ပါ မမရယ်"ဟု သူမမျက်နှာနားကပ်ပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ပြောစရာရှိရင် ညကျမှဖုန်းဆက်လိုက်လေ၊ ကျွန်မ





ဒီဘိုင်းလ်နံပါတ်ပေးခဲ့မယ်၊ ခုတော့ ကျွန်မဘာသာပြန်ပါရစေ"

"အိဇင်တို့ကို ကူညီတယ်ဆိုရင် လိုက်ပို့ပေးပါရလား မမ"

"အို . . . မလုပ်ပါနဲ့၊ ကျွန်မဘာသာပြန်ပါရစေ"

သူမ အတင်းအကျပ်ငြင်းပြီး သူတို့အနီးမှခြေလှမ်းသွက်သွက်ဖြင့်လှည့်ထွက်သွားသဖြင့် ဆူးသစ်သူမနောက်သို့ ခြေလှမ်းကျဲဖြင့် လိုက်လာခဲ့ပြီး . . .

"နှောင်းလေး . . . ဘယ်သွားမလို့လဲ၊ ကိုကို့ကိုထားပစ်ခဲ့ဦးမလို့လား"

သူမက ဘာမှပြန်မပြောဘဲ လေဆိပ်ဝင်းထဲမှ အပြင်သို့ ခပ်သွက်သွက်လျှောက်လာခဲ့ရာ လေဆိပ်အပြင်ဘက်ရှိ ပလက်ဖောင်းပေါ်သို့ ရောက်လာခဲ့သည်။

"နှောင်းဘယ်သွားမလို့လဲ၊ ကိုကိုလဲလိုက်မယ်"

သူမက တက္ကစီတစ်စီးကိုတားပြီး ကားပေါ်တက်လိုက်သည်။

"နှောင်း . . . နှောင်း . . . နှောင်း"



www.burmeseclassic.com

www.burmeseclassic.com



သူကသူမစီးသွားသည့် ကားနောက်မှအတင်းပြေးလိုက်ပြီး ကားပြတင်းပေါက်ကို လှမ်းဆွဲလိုက်ရာ ကားကမောင်းအထွက် ဒယိမ်းဒယိုင်ဖြစ်သွားပြီး ပက်လက်လန်လဲကျ၍ ကျန်ရစ်ခဲ့သည်။

"ကိုကို. . . ကိုကို"

သူ့နောက်မှပြေးလိုက်လာသည့် အိဇင်စိုးရိမ်စိတ်ဖြင့် မျက်လုံးများ ပြာဝေသွားသည်။

"ဟောတော့. . . ဒုက္ခပါပဲ၊ ဟိုလူတော့ ဒုက္ခပါပဲ၊ လဲကျကျန်ရစ်ခဲ့ပြီ၊ ခဏရပ်ပါဦး ကားဆရာ"

"ဒီလူတော်တော်မိုက်မဲတာပဲ၊ ကားထွက်တာသိလျက်နဲ့ ပြတင်းပေါက်ကိုဖက်ပြီး အတင်းလိုက်လာတာ၊ ဇော်တော်ဆိုးတဲ့ လူပဲ"

ကားဆရာက ကားကိုရပ်ပေးရင်း ပြောသည်။

"ကိုကိုတော့ ဒုက္ခပါပဲ၊ ဒဏ်ရာရသွားပြီ. . . အဟင့်. . . အဟင့်. . . ရွတ်"

အိဇင်က ကလေးတစ်ယောက်လိုအော်ငိုပြီး အစ်ကို





ဖြစ်သူအား ပြေးပွေ့လိုက်သည်။

"စိတ်မကောင်းပါဘူး ညီမလေးရယ်၊ သူဒီလိုဖြစ်မယ်မထင်လို့ မမလဲလှည့်ထွက်ခဲ့မိတာပါကွယ်၊ သူ့ကိုဆေးခန်းလိုက်ပို့ပေးပါ့မယ်"

"ကျွန်မရဲ့ကိုကိုအဖြစ်က သနားစရာကောင်းလွန်းလှပါတယ် မမရယ်၊ စိတ်ဝေဒနာကြောင့် လူဖြစ်ရှုံးနေတဲ့ဘဝပါ"

ထိုစဉ် ဦးကြီးပွကားကို သူတို့အနီးမှာလာရပ်လိုက်သည်။ ပြီးတော့ ဆူးသစ်ကိုပွေ့ချီ၍ ကားပေါ်သို့တင်လိုက်၏။

"မမလဲလိုက်ခဲ့ပေးမယ်နော် ညီမလေး"

ပန်းရိုပ်ထင် စိုးရိမ်ပူပန်နေသည့် အမူအရာလေးဖြင့် အိဇင်ကိုလှမ်းပြောလိုက်သည်။

"ရပါတယ် မမ၊ မမလိုက်ခဲ့ရင် ပိုကောင်းတာပေါ့ နီးရာဆေးခန်းတစ်ခုကိုဝင်ပြီး ကိုကို့ကိုအမြန်ဆုံးပြမှ ဖြစ်မယ်"

အိဇင်တို့ကားနှင့်အတူ သူမပါလာခဲ့ရသည်။

နီးရာဆေးခန်းတစ်ခုတွင်ဝင်၍ ဆူးသစ်ကို ပြကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူးသစ်က မှုးဝေသွားခြင်းဖြစ်ပြီး တံတောင်ဆစ်တစ်ဖက်ပဲ့ရှဲ့သွားသည်မှအပ ပြင်းပြင်းထန်ထန်ဒဏ်ရာမရရှိခဲ့ပေ။

လူနာခုတင်ပေါ်တွင် လဲလျောင်းရင်း. . .

"နှောင်းလေး. . . နှောင်းလေး"ဟု တတွတ်တွတ် ခေါ်နေသည်။

အိဇင်က သူမကိုအရိပ်အကဲပြခေါ်လာခဲ့ပြီး အခန်းအပြင်ဘက်ရောက်တော့. . .

"အိဇင်ပြောပြချင်လို့ပါ မမရယ်၊ တကယ်တော့ ကိုကိုက သေဆုံးသွားတဲ့ သူ့ချစ်သူနဲ့မမကိုမှားနေတာပါ၊ ဖြစ်နိုင်မယ်ဆိုရင် ကိုကို့ရောဂါသက်သာလာတဲ့အထိ အကူအညီပေးစေချင်ပါတယ်"ဟု တောင်းတောင်းပန်ပန်ပြောနေသည်။

"ဘယ်လို . . . အကူအညီပေးရမယ် ဟုတ်လား"

"ဟုတ်ပါတယ် မမ"

"ဘယ်လိုအကူအညီပေးရမှာလဲ၊ မဖြစ်နိုင်ဘူးထင်တယ်"





"သူ့ချစ်သူနဲ့မှားယွင်းနေတဲ့ မမအနေနဲ့ ကိုကို့ကို အလိုက်အထိုက်ကလေး ပြောဆိုဆက်ဆံပေးရုံလေးတင်ပါပဲ မမ"

"အို. . . အဲဒီလိုပြောနိုင်လိမ့်မယ်မထင်ဘူး"

"ကိုကို့ကိုသနားလွန်းလို့ပါ မမရယ်၊ ကိုကိုက မမနှောင်းရိပ်ဝေကို စွဲလမ်းတဲ့စိတ်နဲ့ တကယ်ကိုခံစားနေရတဲ့သူပါ"

"သူ့ချစ်သူနာမည်က နှောင်းရိပ်ဝေတဲ့လား"

"ဟုတ်ပါတယ်၊ သူ့နာမည်က နှောင်းရိပ်ဝေ၊ သူလဲလေယာဉ်မယ်ပဲ၊ သူ့ကိုစွဲလမ်းတမ်းတတဲ့ဝေဒနာနဲ့ ကိုကိုဒီဘဝရောက်နေရတာပါ"

"သူနဲ့မမက ရုပ်ချင်းတူလို့လား"

"မတူပါဘူး၊ ဒါပေမယ့် အရုပ်အမောင်းတူတယ်၊ မမကလဲ လေယာဉ်မယ်ဆိုတော့ ကိုကိုလူမှားနေတာဖြစ်မှာပေါ့"

"ဟော့. . . အိဇင်၊ ဟိုမှာ နင့်အစ်ကိုရောဂါထနေပြီ အမြန်လာ"

ဦးကြီးပွလာခေါ်သောကြောင့် သူမတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ပြေးဝင်လာခဲ့မိကြ၏။

"မူးလိုက်တာဗျာ၊ မူးလိုက်တာ၊ ရင်ဘတ်ထဲကလဲ သိပ်အောင့်တယ်၊ ကျွန်တော့်ကိုသနားရင် နှောင်းလေးကိုခေါ် ပေးကြပါ"

အိပ်ရာပေါ်တွင် ပက်လက်ကလေးလဲလျောင်းနေပြီး နှုတ်မှတမ်းတမ်းတတပြောနေသည့်သူ့ကို မြင်လိုက်ရတော့ ပန်းရိပ်ထင် ကရုဏာမဖြစ်ဘဲမနေနိုင်။

"ကိုကို. . . ကိုကို သတိထားမှပေါ့"

"ကိုကို့ကို နှောင်းလေးထားရစ်ခဲ့ပြန်ပြီ အိဇင်"

သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့်စီးကျနေတာကိုကြည့်ပြီး သူမအံ့သြနေမိသည်။

"မငိုပါနဲ့ ကိုကိုရယ်၊ မမနှောင်းရိပ်ဝေက ကိုကို့ကိုပစ် မသွားတော့ပါဘူး"

"တကယ်. . . တကယ်ပြောတာလား အိဇင်"

"တကယ်ပါ ကိုကိုရဲ့၊ ကိုကို့မျက်လုံးတွေ ဖွင့်ကြည့်လိုက်ပါလား"

အိဇင်စကားကြောင့် သူ့မျက်လုံးတွေကို ဖွင့်ကြည့်လိုက်





တော့ သူ့ခုတင်ဘေးတွင်ရပ်နေသည့် သူမကို မမျှော်လင့်စွာ တွေ့လိုက်ရသည်မဟုတ်ပါလား. . .

"ဟင်. . . နှောင်းလေး"

"ဝုန်း"

သူဝမ်းသာအံ့သြသွားသည့်အမူအရာဖြင့် အိပ်နေရာမှ ဝုန်းခနဲထလိုက်သောကြောင့် သူမထိတ်လန့်သွားပြီး နောက်သို့ ခြေနှစ်လှမ်း ဆုတ်လိုက်မိသည်။

"နှောင်းလေး. . . နှောင်းလေး၊ မင်းကိုကို့ဆီပြန်လာပြီ ပေါ့နော်"

သူမ၏လက်မောင်းနှစ်ဖက်ကို သူ၏သန်မာသောလက် နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး ဝမ်းသာပီတိဖြစ်နေသည့် အမူအရာဖြင့် မေးလိုက်သည်။

သူမမလူးသာမလွန့်သာဖြစ်နေရာမှ သူ၏သန်မာသော လက်များကြားမှ ရုန်းထွက်လိုက်၏။

"မရုန်းနဲ့ မရုန်းနဲ့၊ ဒီတစ်ခါ မင်းထွက်ပြေးသွားရင် ကိုယ်သေရလိမ့်မယ်၊ အိဇင်. . . သူ့ကိုတစ်ခါတည်း အိမ်ပြန် ခေါ်သွားကြစို့၊ ဒါမှ နှောင်းလေးထွက်မပြေးနိုင်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝေဒနာရှင်ဆိုသော်လည်း ခန့်ညားချောမော၍ သင်းပျံ့သောကိုယ်ရနံ့ကြောင့် အပျိုစင်လေးဖြစ်သည့် ပန်းရိုး ထင် အချောအလှလေးခမျာ ရင်တထိတ်ထိတ်ခုန်နေမိပြီ အသက်ရှူမှားနေမိသည်မဟုတ်ပါလား. . .

"အိဇင် လုပ်ပါဦး၊ သူက ဆွဲလားရမ်းလားနဲ့ မမဖြူ ရှက်လိုက်တာ. . . သေတောင်သေချင်တယ်"

သူဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်ကိုရုန်းနေမိရင် အိဇင်ကိုအကူအညီတောင်းလိုက်ရသည်။

သည်တော့မှပင် အိဇင်က. . .

"ကိုကို မမနှောင်းစိတ်ဆိုးနေပြီ၊ သည်လိုမလုပ်ဖို့ အိဇ မှာထားတယ်မဟုတ်လား သိမ်သိမ်မွေ့မွေ့လေးလေးစားစာ ဆက်ဆံမှ မမနှောင်းက အိဇင်တို့နဲ့အတူ အိမ်ပြန်လိုက် မှာပေါ့"

အိဇင်သတိပေးလိုက်မှပင် သူက သူမလက်မော နှစ်ဖက်အားဆုပ်ကိုင်ထားသည့် သူ့လက်များကို လွှတ်ပေးလို သည်။





ဆရာဝန်ပေးသည့်ဆေးများကိုယူပြီး ဆေးခန်းထဲမှ ပြန်ထွက်လာကြသည်။

"မမ. . . အိမ်အထိလိုက်ပို့ပေးပါလား"

"ညကျမှ ဖုန်းဆက်လိုက်ပါလား အိဇင်၊ မမအိမ်ပြန် နောက်ကျရင် မေမေတို့စိတ်ပူနေလိမ့်မယ်"

"နှောင်းလေး. . . နှောင်းလေး၊ နှောင်းလေးမပါရင် ကိုကိုမပြန်ဘူး၊ ဒီတစ်ခါ တစ်ခါတည်းအသက်သေသွားအောင် ကားတိုက်ခံလိုက်မယ်နော်"

စိတ်ဖောက်ပြန်နေသည့် လူတစ်ယောက်၏စကားမို့ မယုံ၍လည်းမရနိုင်ပေ။

အားနာစိတ်၊ စိုးရိမ်စိတ်များနှင့်အတူ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်မိပြီဖြစ်သည်။

"မမရှေ့ခန်းမှာ ထိုင်မယ်နော်"ဟု အိဇင်ကိုလှမ်းပြော လိုက်စဉ် သူက. . .

"နှောင်းလေး. . . နှောင်းလေး၊ ရှေ့ခန်းမှာ မထိုင်နဲ့ နောက်ခန်းမှာ လာထိုင်၊ ကိုကိုတို့နှစ်ယောက်တ ဟသ်ာမောင်နှံ



www.burmeseclassic.com

www.burmeseclassic.com



လိုပဲ တတွဲတွဲနဲ့ မခွဲကြဘူးဆိုတာ မေ့သွားပြီလား"

"တော်တော်ခက်တဲ့လူပဲ"ဟု သူမစိတ်တိုတိုဖြင့် တွေးနေမိစဉ်. . .

"အို. . .ကိုကိုကလဲ၊ မမနှောင်း ရှေ့ခန်းမှာ အေးအေးဆေးဆေးထိုင်ပါစေ၊ အိမ်ရောက်မှ စကားပြောကြပေါ့"ဟု အိဇင်က အစ်ကိုဖြစ်သူအား ဟန့်တားသံကိုကြားလိုက်ရ၏။

❖❖❖





## အခန်း(၄)

သူတို့မောင်နှမနှစ်ယောက်နှင့်အတူ လိုက်ပါလာခဲ့မိသည့်အဖြစ်အတွက် သူမကိုယ်သူနားမလည်နိုင်လောက်အောင်ဖြစ်နေမိ၏။

ဒါဟာအမိပ္ပါယ်ရှိတဲ့ အဖြစ်အပျက်တစ်ခုမှဟုတ်ပါလေစ. . .

မေမေနှင့်တို့သာသိကြလျှင် ဘယ်လိုများပြောကြလေ. . .

ပြီးတော့ ကိုကိုခိုင်မင်း. . .



www.burmeseclassic.com

www.burmeseclassic.com



သူသာသိလျှင် အသည်းကွဲခတ်နေတော့မည်။

ကိုကိုခိုင်မင်းဆိုတဲ့လူက သူမအားလက်ထပ်ခွင့်တောင်းထားသူ လူချမ်းသာတစ်ယောက်ရယ်ပါ. . .

သူသည်သူမအား အရာရာလွှမ်းမိုးချင်သူဖြစ်၏။ ပြီးတော့ သူမကိုအရိပ်တကြည့်ကြည့်ဖြင့် မြတ်မြတ်နိုး ချစ်နေသူ။

သူနှင့်သူမကို နှစ်ဖက်မိဘများက သဘောတူထား သည်။

သူမ၏အတွေးကလေးမဆုံးခင်မှာပင် သူတို့အိမ်ကြီး ရှိရာခြံကျယ်ကြီးထဲသို့ ကားကချိုးကွေ့ဝင်လာခဲ့သည်။

ခေတ်မီလှပလွန်းသည့် ခမ်းနားထည်ဝါသော နှစ်ထပ် တိုက်အိမ်ကြီးကိုကြည့်ပြီး သူမအံ့သြနေမိသည်။

ကားပေါ်မှဆင်းလိုက်သည်နှင့် သူကပန်းရိပ်ထင် လက်တစ်ဖက်ကမ်းပေးသည်။

တိုက်ဝတွင်ထွက်ကြိုနေသည့် ဒေါ်နှင်းအိအားလှမ်း မြင်ပြီး မျက်လုံးပြူးမျက်ဆံပြူးဖြင့် အံ့သြသွားသည်။





"နှောင်းလေးကိုပြန်ခေါ်လာခဲ့ပြီ ဘွားဘွား၊ နှောင်းလေး ဘွားကျွန်တော့်ကို ပစ်မသွားတော့ဘူးတဲ့"

ဒေါ်နှင်းအိက သူမကိုစူးစူးစိုက်စိုက်ကြည့်နေမိသည်။

အပြာရင့်ရောင် ထက်အောက်ဝမ်းဆက်ဝတ်စုံလေး နှင့် လေယာဉ်မယ်လေးသည် မြင်သူတကာ ငေးမောရလောက် အောင် ချောမောလှပသူလေးရယ်ပါ။

နှောင်းရိပ်ဝေနှင့်ရုပ်ချင်းမဆင်သော်လည်း အရပ်ခပ် မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် သွယ်လျပုံက ခွဲမရအောင်တူသည်။

လေယာဉ်မယ်အဝတ်အစားနှင့်ဆိုတော့လည်း မှားချင် စရာပင် မဟုတ်ပါလား. . .

သူစိတ်ဝေဒနာ ပျောက်ကင်းသက်သာရန် ထိုမိန်း ကလေး ကူညီမှုဖြစ်မည့်အကြောင်းကို ဒေါ်နှင်းအိနားလည်ပါ သည်။

"နှောင်းလေး. . . လာလေ၊ ဘာရပ်ကြည့်နေတာလဲ အိမ်ကြီးထဲဝင်ရအောင်"

သူ့အမူအရာက ပျော်ရွှင်တက်ကြွကြည်နူးနေပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတွေကို ယူပစ်လိုက်သလို ရှင်လန်းနေသည်။

လန်းလန်းဆန်းဆန်း ကြည်ကြည်လင်လင်ဖြစ်နေသည့် သူ့ကိုကြည့်ပြီး ဒေါ်နှင်းအိက. . .

"အိမ်ထဲဝင်လေ. . . မြေးမလေး" ဟု ဖော်ရွေစွာ လှမ်းခေါ်လိုက်သည်။

သူက သူမလက်တစ်ဖက်ကိုဆွဲပြီး တိုက်ကြီးထဲသို့ သွက်လက်သောခြေလှမ်းများဖြင့် ဝင်လာခဲ့သည်။

"နှောင်းလေး ဘယ်တွေလျှောက်သွားနေလို့ ဒီလောက်အကြာကြီးပျောက်နေရတာလဲ နှောင်းလေးရယ်"

သူက သူမပခုံးတစ်ဖက်ကို သူ့လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး မျက်နှာကိုစူးစူးစိုက်စိုက်ကြည့်၍ မေးလိုက်သဖြင့် သူမဘာပြန်ပြောရမှန်းမသိဘဲ ရှက်အားပိုစွာ အနေခက်နေမိသည်။

"မြေးမလေးက နိုင်ငံခြားကို ခဏအလည်သွားနေတာဖြစ်မှာပေါ့ ငါ့မြေးရဲ့. . ဟင်း. . . ဟင်း. . . ဟင်း"

ဒေါ်နှင်းအိက အလိုက်သင့်ပြောရင်း မြေးဖြစ်သူ





ငေးကြည့်နေသည်။

"ကဲ. . . လာ နှောင်းလေး၊ ကိုကိုတို့အခန်းထဲ သွားကြရအောင်၊ ဓာတ်ပုံဟောင်းလေးတွေပြန်ကြည့်ပြီး ကိုကိုတို့နှစ်ယောက် အတိတ်အကြောင်းတွေ ပြန်ပြောကြအောင်"

"ဓာတ်ပုံတွေသွားယူခဲ့ပါလား၊ ဧည့်ခန်းထဲမှာပဲ ကြည့်မယ်"

"ဒါဖြင့်လဲ ကိုကိုသွားယူလိုက်မယ်နော်၊ ခဏကြာမှ ကိုကိုတို့လွတ်လွတ်လပ်လပ် စကားပြောကြမယ် ဟုတ်လား"

စကားဆုံးသည်နှင့် သူ့အခန်းရှိရာ အပေါ်ထပ်သို့ပြေးတက်သွားပါတော့သည်။

"မမပြန်ချင်ပြီ အိဇင်၊ ညခုနစ်နာရီတောင်ခွဲတော့မယ်၊ အချိန်လောက်ဆို မေမေတို့ စိတ်ပူနေလောက်ပြီ"

"အိဇင် ကိုယ်တိုင်လိုက်ပို့ပေးပါ့မယ် မမ"

"အို. . ကိစ္စမရှိပါဘူး၊ မမဘာသာပြန်ပါ့မယ်"

"ဒါဖြင့် ကိုကို့ကို ဘယ်လိုပြောရမှာပါလိမ့်"

"ငါ့မြေးလေးရဲ့အိမ်ကို အကျိုးအကြောင်းဖုန်းဆက်ပို့



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်သလားကွယ်၊ ရုတ်တရက်သာ ငါ့မြေးလေးပြန်သွားရင် မောင်ဆူးသစ် လဲသေသွားနိုင်တယ်” ဟု ဒေါ်နှင်းအိကဝင်၍ မေတ္တာရပ်ခံလိုက်သည်။

သို့သော် သူမက. . .

“အို. . . ကျွန်မပြန်မှဖြစ်မယ်၊ အိမ်အထိရောက်အောင် လိုက်လာပါဆိုလို့ လိုက်ပို့ပေးပြီးပြီပဲ၊ ကျွန်မဆက်နေဖို့မဖြစ်နိုင်တော့ဘူးထင်တယ်၊ ပြန်ခွင့်ပြုပါဦး”

စကားဆုံးသည်နှင့် သူမထိုင်နေရာမှထွက်လာခဲ့သည်။

အိဇင်က သူမနောက်မှအပြေးတစ်ပိုင်းဖြင့် လိုက်လာခဲ့သည်။

“ကဲ. . . လာ. . . လာ. . . မမ၊ အိဇင်ကိုယ်တိုင် မမကို အိမ်အရောက်လိုက်ပို့ပေးပါရစေ”

သူမတို့နှစ်ဦး ကားပေါ်တက်လိုက်ပြီး အိဇင်ကကားကို မောင်းထွက်လာခဲ့သည်။

ခဏကြာတော့ ဆူးသစ်အယ်လ်ဘမ်(မ်)များပိုက်ပြီး ဆင်းလာသည်။





ဧည့်ခန်းထဲတွင် သူမကို မတွေ့ရသောအခါ. . .

“နှောင်းလေး. . . နှောင်းလေး ဘယ်ရောက်သွားပြန်ပြီလဲ ဘွားဘွား၊ ကျွန်တော့်ကိုပစ်သွားပြန်ပြီလား”ဟု ဆောက်တည်ရာမရဖြစ်နေသည့်အမူအရာဖြင့် ပြောလိုက်သည်။

ချစ်သူကိုပြန်တွေ့ရပြီမို့ အလွန်ပျော်ရွှင်နေသည့်အချိန်တွင် ပျော်ရွှင်မှုတို့ ရုတ်တရက် ပျောက်လွင့်ခဲ့ရပြီမဟုတ်ပါလား. . .

အရူးမီးဝိုင်းဖြစ်နေသည့်အမူအရာဖြင့်. . .

“ဘွားဘွားရယ်. . . လုပ်ပါဦး၊ နှောင်းလေးကောဟင်”

“နှောင်းလေးလား. . . အိဇင်နဲ့အတူ မင်းစားဖို့ ကိတ်မုန့်သွားဝယ်တယ်”

“ကိတ်မုန့်. . . ဟုတ်လား၊ ဘယ်ဆိုင်မှာသွားဝယ်တာလဲ ဘွားဘွား၊ ကျွန်တော် အခုလိုက်သွားချင်တယ်”

ဒေါ်နှင်းအိက ဦးကြီးပွအားလှမ်းကြည့်ပြီး မျက်နှာရိပ်မျက်နှာကဲပြလိုက်သောကြောင့် ဦးကြီးပွသူ့အနီးမှာ လာရပ်ပြီး ကားဆီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလေးကလဲကွာ. . . မင်းက နေမကောင်းဖြစ်နေလို့ သူတို့တမုန့်ဝယ်တဲ့ဆီ ခေါ်မသွားတာပေါ့၊ သူတို့မကြာခင် ပြန်လာကြမှာပါကွ ၊"

"ကျွန်တော်သေချင်တယ် ဦးကြီး ၃၊ ကျွန်တော့်ကို သူညာပြီး ထားရစ်ခဲ့ပြန်ပြီထင်တယ် အီး. . ဟီး. . ဟီး"

ထိုကိစ္စအတွက် ဘယ်လိုစီစဉ်ရမည်ကို ဒေါ်နှင်းအိ စဉ်းစားနေမိသည်။

◆◆ ◆ ◆◆





## အခန်း (၅)

ဘယ်ဘဝ ရေစက်ကြောင့်မှန်းမသိ။

သူ့ကိုမြင်မြင်ချင်း ကရုဏာဖြစ်နေမိခဲ့သည်။

သူ့ဘဝကို ကယ်တင်ချင်သည့်ဆန္ဒတွေက သူ့မ ခင်နှင့် ဆန့်အောင် ပြည့်သိပ်နေမိသည်မဟုတ်ပါလား. . .

ကိုဆူးသစ်. . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားတည်ကြည်ချောမောတဲ့ သူ့မျက်နှာက ခင်မင်တွယ်တာစရာပါပဲ။

ကျွန်မဟာ ရှင်ထင်ထားသလို လေယာဉ်မယ် နှောင်းရိပ်ဝေမဟုတ်ဘူးဆိုတာ သိသွားတဲ့တစ်နေ့ အခုလိုပဲ ကျွန်မအပေါ် တွယ်တာနိုင်ပါ့မလားဟင်. . .

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ရှင့်အပေါ် သံယောဇဉ်ဖြစ်နေမိပြီ။

သည့်ထက်ပိုပြီးပြောရရင် ခန့်ညားချောမောပြီး သနားစရာကောင်းတဲ့ ရှင့်ကို စိတ်ဝင်စားနေမိတယ်ဆိုပါတော့. . .

သူ့မျက်နှာကိုမြင်ယောင်သလို သူ့အသံကိုကြားယောင်နေမိသည်။

"တကယ်ပြောတာပါ မမရယ်၊ ကိုကို့ဘဝက တကယ့်ကို သနားစရာကောင်းလှပါတယ်၊ မမနှောင်းရိပ်ဝေသေဆုံးသွားတဲ့နေ့ကစပြီး ကိုကိုဘယ်သူ့ကိုမှ စကားမပြောတော့ဘူး၊ ပြီးတော့ တစ်ယောက်တည်းကြိတ်ပြီး မျက်ရည်ကျနေတတ်တယ်၊ နှစ်ထဲ အကြာမှာ အခုလို စိတ်ဝေဒနာသည်တစ်ယောက်ဖြစ်သွား





ခဲ့တာပါပဲ"

"မိန်းမတစ်ယောက်အပေါ် သည်လောက်အထိ ချစ်တတ်တဲ့လူမျိုး လောကမှာရှိတယ်ဆိုတော့ တကယ့်ကို အံ့ဩမိတယ်၊ သူက တကယ်ချစ်တတ်တဲ့ယောကျ်ားတစ်ယောက်ပေါ့နော်"

သူမက အချစ်ကိုလှေလှောစူးစမ်းရှာဖွေနေမိသူမို့ မိန်းမတစ်ယောက်အပေါ် ထိုမျှလောက်စွဲစွဲလမ်းလမ်းချစ်နိုင်လွန်းသည့်သူ့ကို အထင်ကြီးမိသလို အံ့ဩနေမိသည်။

"ခုချိန်လောက်ဆို ကိုကိုတော့ အရူးမီးဝိုင်းဖြစ်နေလောက်ပြီ"

အိဇင်က အစ်ကိုဖြစ်သူအတွက် ရတက်မအေးနိုင်ဘဲ ပြောလိုက်ခြင်းဖြစ်သည်။

တကယ်လည်း ဆူးသစ်တစ်ယောက် ယခုချိန်တွင် အရူးမီးဝိုင်းဖြစ်နေမိပြီမဟုတ်ပါလား. . .

သူမ၏အိမ်ကိုပြန်ရောက်တော့ ခြံဝတွင် ထွက်မျှော်နေသည့် မိခင်ဖြစ်သူနှင့်ကိုကိုခိုင်မင်းတို့ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက စိတ်အလွန်ပူပန်နေသည့်အမူအရာဖြင့် သူမကို ဆီး၍မေးလိုက်သည်။

"နောက်ကျလှချည်လား သမီး၊ ဘာဖြစ်လို့ ဒီလောက်တောင် နေဝင်မိုးချုပ်ချိန်မှ ပြန်လာရတာလဲ"

"ကိစ္စတစ်ခုအရေးကြီးတာနဲ့ လိုက်သွားလို့ပါ မေမေ" သူမကားပေါ်မှဆင်းရင်း ပြောလိုက်သည်။

အိဇင်က သူမနောက်မှလိုက်ဆင်းလာပြီး သူမမိခင် ဒေါ်သဇင်နှင့် ရှုပ်ဖြောင့်၍တောင့်တင်းသော လူရွယ်တစ်ဦးကို လှမ်းကြည့်ပြီး အကဲခတ်လိုက်၏။

"မိဘက ဒီလောက်ပူပင်တတ်တာ၊ မိဘကိုတော့ လေးစားသင့်တာပေါ့ သမီးရဲ့၊ နောက်ကျမယ်ဆိုရင်လဲ လေဆိပ်ကနေလှမ်းပြီး ဖုန်းဆက်ရင်ရတာပဲ မဟုတ်လား၊ မေမေ့မှာ ညနေစာတောင်မစားနိုင်သေးဘူး"

ဒေါ်သဇင် စိတ်ဆိုးနေမှန်းသိ၍ အိဇင်က အကျိုးအကြောင်းပြောရန် စကားစလိုက်၏။

"မမကိုအပြစ်မတင်ပါနဲ့ အန်တီရယ်၊ တကယ်တော့





အိဇင်ရဲ့ ကိုကိုကြောင့် မမကိုအတင်းအကျပ်အပူကပ်ခဲ့ရတာပါ။ အိဇင်ရဲ့ကိုကို ရုတ်တရက်ဒဏ်ရာရသွားလို့ မမကလဲအားနာပြီး အိဇင်တို့အိမ်အထိ လိုက်ပို့ပေးခဲ့တာပါ အန်တီ"

အိဇင်အား သူမ မတားဆီးနိုင်ခဲ့ပေ။ အမှန်က ထိုအကြောင်းအရာများအား ကိုကိုခိုင်မင်းရှေ့တွင် မပြောစေချင်ပါ။

သူဘယ်လောက်သဝန်တိုမှန်း သူမအသိဆုံးပင်။

"ဘယ်က ကိုကိုလဲ၊ ဘယ်သူလဲ. . . ပန်းရိပ်၊ နင်ဘာတွေရှုပ်ရှုပ်ယှက်ယှက်လုပ်လာတာလဲ၊ ငါမအားလို့ လာမကြိုနိုင်တဲ့နေ့တွေမှာ နင်က ဘာတွေရှုပ်ရှုပ်ယှက်ယှက်လုပ်နေရတာလဲ ပြောစမ်း"

သူမမျက်နှာကို တောက်ပြောင်သည့်မျက်ဝန်းများဖြင့် စူးစိုက်ကြည့်၍ မျက်နှာထားတင်းတင်း အသံမာမာဖြင့်ပြောနေသည့် သူ့ကို အိဇင်အံ့ဩနေမိသည်။

ဘယ်လိုလူပါလိမ့်. . . အပြောအဆိုတွေကလည်း ရိုင်းသီးလိုက်တာ. . .



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားကလည်း ဆိုးဆိုး၊ အမူအရာကလည်း ပိုင်စိုးပိုင်နင်းအမူအရာဆိုတော့ သည်လူနဲ့မမ ဘယ်လိုတွေများ ပတ်သက်နေပါလိမ့် . . . ဟု စိတ်မသက်သာစွာတွေးနေမိ၏။

"မေးတာမြန်မြန်ပြောစမ်း ပန်းရိပ်၊ ငါစိတ်အရမ်းတိုလာပြီကွာ၊ မင်းဘာကြောင့် သူများအိမ်အထိလိုက်သွားရတာလဲ"

"အိမ်ပေါ်ရောက်မှ အကျိုးအကြောင်းရှင်းပြတော့မယ် ကိုကိုခိုင်မင်း၊ အခုဧည့်သည်ရှေ့မှာ မေးမနေပါနဲ့၊ အားနာစရာကောင်းနေပြီ"

သူမအိဇင်ကို အားတုံ့အားနာဖြစ်နေသည့်အမူအရာဖြင့် ပြောလိုက်သည်။

"ငါကဘာကိုအားနာရမှာလဲ၊ မေမေနဲ့ငါမသိဘဲ ဘယ်မှသွားခွင့်မပြုဘူးဆိုတာ မင်းမသိဘူးလား၊ နင်ကကော ဘယ်ကလဲ၊ ဘာကိစ္စ သူ့ကိုနင့်အိမ်ခေါ်သွားရတာလဲ ပြောစမ်း"

သူမကိုဆူပူကြိမ်းမောင်းနေရာမှ အိဇင်ဘက်လှည့်ပြီး အော်ငေါက်မေးမြန်းလိုက်သောကြောင့် အိဇင်မျက်လုံးပြူးမျက်ဆံပြူးအမူအရာဖြင့် . . .





"ဆောရီးပါပဲရှင်၊ ကျွန်မကိုကိုက စိတ်ဝေဒနာရှင်ပါ၊ မမကိုမြင်ပြီး လူမှားတာနဲ့ . . . ဟိုဒင်း . . ."

သူ၏မျက်လုံးစူးစူးကြီးများနှင့် အကြည့်ရိုင်းရိုင်းများကြောင့် အိဇင်ဆက်မပြောဝံ့တော့ဘဲ အသံများပင်တုန်ယင်လာမိသလို သူ့ရှေ့တွင်တစ်စက္ကန့်မှ ဆက်နေလိုစိတ်မရှိတော့ပေ။

ပန်းရိပ်ထင်က အခြေအနေကို ဝင်ထိန်းလိုက်၏။

"ဧည့်သည်ကိုမေးမနေစမ်းပါနဲ့ ကိုကိုရယ်၊ အားနာဖို့ကောင်းလှပြီ၊ ကဲ . . . ကဲ . . . အိဇင်ပြန်တော့၊ မမဘာသာ အကျိုးအကြောင်း ရှင်းပြလိုက်ပါ့မယ်"ဟု ပြောလိုက်သည်။

အိဇင်အခုမှ အသက်ရှူချောင်သွားကာ သူမ၏ ကားပေါ်သို့ ကမန်းကတမ်းတက်ပြီး မောင်းထွက်သွားလေသည်။

သူမ ကိုကိုခိုင်မင်းနှင့်မေမေ့ကို လှည့်မကြည့်တော့ဘဲ အိမ်ထဲသို့ တန်းတန်းမတ်မတ်ဝင်လာခဲ့သည်။

"ဟေ့ . . . ပန်းရိပ်ထင်၊ မင်းအမူအရာက ဘယ်လိုလဲ၊ မေမေနဲ့ငါ့ကို နည်းနည်းမှ မလေးစားတော့ဘူးလား"

"လေးစားပါတယ် . . . လေးစားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လေးစားရင် ငါ့ရှေ့မှာထိုင်စမ်း"

သူမ ဆောင့်ဆောင့်အောင့်အောင့်အမူအရာဖြင့်. . ဆိုဖာတစ်လုံးပေါ်ထိုင်ချလိုက်သည်။

သူက စိတ်မရှည်နိုင်သည့်အမူအရာဖြင့် သူမရှေ့ရှိ ဆက်တီစားပွဲပေါ် တွင်ဝင်ထိုင်ပြီး စူးစူးစိုက်စိုက်အကဲခတ်ကြည့်နေသည်။

"ပြောလေ. . ပြော"

"ဘာပြောရမှာလဲ"

"ခုနကကောင်မလေးပြောသွားတဲ့ ကိစ္စပေါ့၊ သူ့နောက်ကို မင်းကဘာကိစ္စလိုက်သွားရတာလဲ"

"ပြောရရင်တော့ ရှည်ရှည်ဝေးဝေးပဲ၊ အဲဒီလူက သေသွားတဲ့သူ့ရည်းစားနဲ့လူမှားပြီး ကျွန်မငှားစီးတဲ့ တက္ကစီနောက် အတင်းပြေးလိုက်ရင်း ဒဏ်ရာရသွားလို့ သူ့အိမ်အထိ လိုက်ပို့ပေးခဲ့တာပါ၊ ခုနက အတူပါလာခဲ့တဲ့မိန်းကလေးဟာ အဲဒီလူရဲ့နှမအရင်းပဲ၊ သူ့အစ်ကိုရဲ့အဖြစ်ကိုကြည့်ပြီး အိဇင်က အတင်းအကျပ်အကူအညီတောင်းလို့ သူတို့အိမ်အထိလိုက်သွားခဲ့တာပါ"





သူမစကားကြောင့် ကိုကိုခိုင်မင်း ရှုံ့ရှုံ့ရှားရှားဖြစ်သွားသည်။

"ဒါမင်းအလုပ်လား၊ မင်းကိစ္စလား၊ ဘယ်သူ့ခွင့်ပြုချက်ရလို့ မင်းကလိုက်သွားရတာလဲ"

"ဒါလူမှုရေးကိစ္စလေ ကိုကိုခိုင်မင်းရဲ့၊ ဘယ်သူ့ခွင့်ပြုချက် ယူရဦးမှာလဲ"

"ဘာလူမှုရေးလဲ၊ အရူးတစ်ယောက်ရဲ့အိမ်ကို လိုက်သွားတာ လူမှုရေးလား၊ ငါကွာ. . . စိတ်ရှိလက်ရှိလုပ်လိုက်ရရင်မကောင်းတော့ဘူး"

"အရူးမဟုတ်ပါဘူး၊ စိတ်ဝေဒနာသည်ပါ ကိုကိုခိုင်မင်းရဲ့"

"မင်းကြည့်ရတာ သူ့အပေါ်အတော်လေး သံယော ဇဉ်ဖြစ်လာပုံရတယ်"

"ထင်ချင်သလိုထင်နိုင်တယ်၊ ပန်းရိုပ်ကတော့ ပန်းရိုပ်မှန်တယ် ထင်တာပဲ"

သူမစကားဆုံးသည်နှင့် ထိုင်ရာမှထရပ်လိုက်ပြီး ခြေလှမ်းသွက်သွက်ဖြင့် သူမအခန်းရှိရာသို့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ. . . မေမေ့သမီးလုပ်ပုံကိုကြည့်ပါဦး၊ စိုးရိမ်စရာ ေတာင်းလိုက်တာ၊ အဲဒီကိစ္စ ဒီလိုကြည့်နေလို့မဖြစ်ဘူး မေမေ သူ့ကိုကြည့်ပြီး ပြောပါဦး"

ဒေါ်သဇင့်ကိုကြည့်ပြီး ကိုခိုင်မင်းအကူအညီတောင် သလိုအော်လိုက်သည်။

ဒေါ်သဇင်က သမီးဖြစ်သူအား အေးအေးဆေးဆေး ပြောဆိုဆုံးမရန် စဉ်းစားဆုံးဖြတ်လိုက်သည်။

"သူ့အကြောင်းလဲ မင်းသိပါတယ်၊ အေးအေးဆေးဆေး တော့ မေမေပြောပါ့မယ်ကွယ်၊ သူလဲငယ်တော့တဲ့ကလေး မဟုတ်ဘဲ၊ နားလည်မှာပါ"

ပန်းရိပ်ထင်အခန်းထဲရောက်တော့ အဝတ်စားလဲရင်း စိတ်ရှုပ်ထွေးနေမိ၏။

ကိုကိုခိုင်မင်း၏အပြောဆိုးဆိုး၊ အကြည့်ရိုင်းရိုင်းများ ကြောင့် အိဇင်ကိုအားနာနေမိသည်။

သူတော့ ဘယ်လိုထင်မလဲမသိဘူး. . .အကူအညီ တောင်းမိတဲ့အတွက် မှားပြီလို့ထင်နေလောက်ပြီ. . . အားနာ





သိုက်တာ. . .

တကယ်တော့ ကိုကိုခိုင်မင်းနှင့်သူမက နှစ်ဖက်မိဘများ သဘောတူထားကြသူများပင်။

ကိုကိုခိုင်မင်းတို့ မိသားစုပိုင်ကုမ္ပဏီကိုရန်ကုန်တွင် သာရောက်ဖွင့်လှစ်ခဲ့သည့်နေ့မှစ၍ ကိုကိုခိုင်မင်းက ပန်းရိပ်ထင် တို့အိမ်မှာပင် နေထိုင်ခဲ့သည်။

မန္တလေးတွင်နေခဲ့ကြစဉ်က ခြံချင်းကပ်လျက်ဖြစ်ပြီး နှစ်အိမ့်တစ်အိမ် ခင်မင်ရင်းနှီးရုံမက ဆွေမျိုးရင်းချာတွေလိုဖြစ် နေကြသောကြောင့် သူတစ်ယောက်တည်း ရန်ကုန်ရောက်လာ တော့ သူ့မိဘများက ဘယ်မှာမှမနေစေတော့ဘဲ သူမတို့ အိမ် တွင်သာ နေထိုင်ခဲ့လေသည်။

ထို့ကြောင့် သူမတို့အိမ်မှာပင် နေထိုင်ခဲ့လေသည်။

သူက တစ်ဦးတည်းသောသားဖြစ်သလိုပင် သူမက သည်း တစ်ဦးတည်းသောသမီးဖြစ်၏။

ထို့ကြောင့် အလိုလိုက်ခံထားရသူများဖြစ်ကြသည်။

သို့သော် ငယ်စဉ်ကလေးဘဝမှစ၍ သူမကိုသူက အနိုင်



www.burmeseclassic.com

www.burmeseclassic.com



ထူခဲ့သည်။ အံရာရာကိုလွှမ်းမိုးလိုသည့်ဆန္ဒများဖြင့် သူမအပေါ် အမျိုးမျိုးစိုးမိုးခဲ့သော်လည်း သူမက သူ့ကိုအရှုံးမပေးတတ်။

သို့သော် မေမေကသူမအရွယ်ရောက်လာသည့်အချိန်တွင် သူနှင့်လက်ထပ်ပေးရန် အမျိုးမျိုးနားချနေခဲ့၏။

သူမဘက်မှစဉ်းစားနေဆဲဖြစ်ပေမယ့် သူ့ဘက်ကတော့ သေချာနေပြီ။

သူ့သူငယ်ချင်းများအား အိမ်သို့ခေါ်လာပြီး သူမတို့ သူ့ဇနီးလောင်းအဖြစ် မိတ်ဆက်ပေးလေ့ရှိသည်။

ထိုနေ့ညက သူမညစာပင်မစားဖြစ်တော့ဘဲ စောစောပင် အိပ်ရာဝင်ခဲ့သည်။

ရုတ်တရက်အိပ်မပျော်နိုင်ဘဲ ဆူးသစ်ဆိုသည့် လူ့အကြောင်းကိုသာ အမှတ်ထင်ထင် တွေးတောနေမိလေသည်။

ဩော်. . . ကိုဆူးသစ်. . . ကိုဆူးသစ်. . .

ခုချိန်လောက်ဆို ရှင်ဘယ်လိုများဖြစ်နေမလဲနော်. . .

ရှင့်အကြောင်းတွေးပြီး ကျွန်မရင်လေးနေမိတယ်. . .

ပြီးတော့ ကရုဏာစိတ်နဲ့တသိမ့်သိမ့်ခံစားနေရတယ်လေ. . .





မထင်မှတ်တဲ့သံယောဇဉ်ကြိုးတွေက ကျွန်မရဲ့နှလုံးသား ကိုရစ်ပတ်နှောင်ဖွဲ့နေလေပြီလား. . .

ကျွန်မပြန်လာခဲ့ရတဲ့အတွက် ကျွန်မကိုခွင့်လွှတ်ပါနော် ကိုဆူးသစ်. . .

သူမနှုတ်မှ တဖွဖွပြောနေမိသည်မဟုတ်ပါလား. . .

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

နောက်တစ်နေ့နံနက်စောစောတွင် ဆူးသစ်အခြေ
အနေဆိုးလာ၍ သူမထံ အိဇင်ဖုန်းဆက်ရသည်။

နံနက်စောစော သူမအလုပ်သွားခါနီး ဖုန်းသံကြား
သဖြင့် ဖုန်းကိုကောက်ကိုင်ပြီး နားမှာကပ်လိုက်၏။

"ဘယ်သူနဲ့ပြောချင်လို့ပါလဲ"

"မမပန်းရိပ်ထင်နဲ့ ပြောချင်လို့ပါ. . . မမလားဟင်"





"ဟုတ်ပါတယ်၊ အိဇင်လား. . ."

"ဟုတ်ပါတယ်. . . မမ၊ အိဇင်အသံကို မှတ်မိလို့ ကျေးဇူးတင်ပါတယ် မမရယ်၊ ကိုကို့အကြောင်းပြောပြချင်လို့ပါ၊ ညက တစ်ညလုံးအိပ်မရဘဲ ရောဂါတွေ တအားတက်နေလို့ ဆရာဝန်ခေါ်ခဲ့ရတယ်၊ ဆရာဝန်က စိတ်ငြိမ်ဆေးနဲ့ အိပ်ဆေး ထိုးပြီး သိပ်လိုက်မှ အိပ်ပျော်သွားတာ၊ နှုတ်ကလဲ တတမ်း တတနဲ့ တတွတ်တွတ်ခေါ်နေတယ်၊ သူ့အသက်ကိုသူ ရန်ရှာ မှာတောင် စိုးရိမ်ရပါတယ် မမရယ်"

"အို. . . သည်လောက်တောင်ပဲလား"

"မယုံရင်လာကြည့်စေချင်ပါတယ် မမ"

သူ့အပေါ် သံယောဇဉ်တွယ်တာနေမိပြီမို့ သူ့အကြောင်း ကြားရတော့ စိတ်လှုပ်ရှားမိသည်။

"မမကို လေယာဉ်မယ်နှောင်းရိပ်ဝေနဲ့ လူမှားပြီး တတမ်းတတနဲ့အသည်းကြွေမတတ် ခံစားနေရရှာတယ် မမရဲ့"

"ဖြစ်မှဖြစ်ရလေ၊ မမလဲ ဘာမှမကူညီနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး အိဇင်"



www.burmeseclassic.com

www.burmeseclassic.com



"ကူညီလက်စနဲ့ ထပ်ပြီး ကူညီပေးပါနော် မမ"

"ဟင်. . . ဘယ်လိုကူညီရမှာလဲ"

"ညနေ မမလေယာဉ်ကွင်းကအပြန် အိဇင်လာကြိုမယ်လေ၊ ကိုကိုနဲ့ခဏစကားပြောချင်ပါ"

အိဇင်စကားကြောင့် သူမထိတ်လန့်သွားပြီး ခါးခါးသီးသီး ငြင်းလိုက်မိ၏။

"ရက်စက်လိုက်တာ မှုမရယ်"

"မမရဲ့အစ်ကိုက ဒီကိစ္စနဲ့ပတ်သက်ပြီး မမကို ပြင်းပြင်းထန်ထန်သတိပေးထားလို့ပါ။ ညနေကိုကိုလာကြိုမှာ သေချာတယ်၊ ဒါကြောင့် အိဇင်တို့နဲ့တွေ့လို့မဖြစ်ဘူး၊ နောက်အေးအေးဆေးဆေးမှ မမလာခဲ့မယ်နော်၊ ခုတော့ အိဇင်ရဲ့ကိုကို့ကို ချွေးမော့နှစ်သိမ့်ထားလိုက်ကြပါဦး"

"ကျေးဇူးတင်ပါတယ် မမ"

သူမဖုန်းပြောတာ အချိန်အတော်ကြာသွားပြီမို့ ခိုင်မင်းက အပေါ်ထပ်မှဆင်းလာရင်း သူမကိုအကဲခတ်ကြည့်နေသည်ပြီးတော့ မေးသည်။





"ဘယ်သူလဲ ဒီလောက်ကြာအောင် စကားပြောနေရတာ"

"ပန်းရိုပ်ရဲ့သူငယ်ချင်းတစ်ယောက်နဲ့ပါ"

ပန်းရိုပ်ထင်ဖုန်းခွက်ကိုချပြီး လှည့်ထွက်ခဲ့သည်။

"သွားတော့မလား၊ ခဏနေဦး၊ လေဆိပ်ကို ငါကိုယ်တိုင်လိုက်ပို့ပေးမယ်"

"မနက်စောစော ferry လာကြိုပါလိမ့်မယ် ကိုကိုခိုင်မင်း၊ ပန်းရိုပ်အတွက် ဒုက္ခမရှာပါနဲ့"

"ငါကိုယ်တိုင်လိုက်ပို့ပေးမယ်လို့ ပြောပြီးပြီ ခဏစောင့်"

"ကိုကိုကလဲ စောစောစီးစီးဒုက္ခရှာလို့၊ ကိုကိုခိုင်မင်း မျက်နှာတောင်မသစ်ရသေးဘူးမဟုတ်လား"

"ငါ့ဘာသာ မျက်နှာသစ်သစ် မသစ်သစ် မင်းနဲ့မဆိုင်ဘူး၊ လိုက်ပို့ပေးမယ်လို့ပြောပြီးပြီ၊ ဒါပဲနော်၊ ခဏစောင့်၊ ငါအခုပြန်ဆင်းလာခဲ့မယ်"

စကားဆုံးသည်နှင့် သူအပေါ်ထပ်သို့တက်သွားပြီး မျက်နှာသစ်အဝတ်စားလဲ၍ ပြန်ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုခိုင်မင်းကားဖြင့်ပင် လေဆိပ်သို့ရောက်လာခဲ့ကြသည်။

လေဆိပ်ရောက်တော့ သူမကားပေါ်က ဆင်းလိုက်သည်။

"ညနေလဲ ကိုကိုလာကြိုမယ်နော် ပန်းရိပ်"

"ကိုကို့မှာ အချိန်တွေပိုနေလို့လား၊ အချိန်တွေပိုနေတယ် ဆိုရင် လာကြိုလေ"ဟု အရွဲ့တိုက်ပြောလိုက်မိပြီး သူမ၏ pencil heel အဖြူရောင်လေးကိုစီး၍နင်းလျက် လေဆိပ်အဆောက်အဦထဲသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် ဝင်လာခဲ့သည်။

ကိုကိုခိုင်မင်းက သူမကိုမျက်စေ့တစ်ဆုံး ငေးမောကြည့်ပြီး ကျန်ရစ်ခဲ့လေသည်။

ညနေ သူတို့မောင်နှမနှစ်ယောက် လေဆိပ်ကို ရောက်မလာကြပါစေနဲ့ဟု အခါခါဆုတောင်းနေမိသလို ရင်မောနေမိသည်။

❀ ❀ ❀





## အခန်း(၇)

ဆူးသစ်တစ်ယောက်တည်း သူ့အခန်းထဲတွင် ကျောက်ရုပ်တစ်ရုပ်လို ငိုင်တွေစွာထိုင်နေ၏။

သူ့ရှေ့တွင် ဓာတ်ပုံအယ်(လ်)ဘမ်(မ်)တစ်ထပ်ကြီးကို မြင်တွေ့နေရသည်။

ညက သူတစ်ညလုံး အိပ်မပျော်နိုင်သဖြင့် ဆရာဝန်ပင်ခေါ်ခဲ့ရသောကြောင့် ယနေ့နေ့လယ်မှပင် အိပ်ရာမှ နိုးခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းလေး. . . နှောင်း. . . မင်းကို ပြန်တွေ့ခွင့်ရခဲ့ပြီးမှ ဘာကြောင့်များ ထွက်ပြေးသွားရတာလဲ နှောင်းလေးရယ်. .

သူငေးငိုင်တွေဝေနေရာမှ ရွှေရောင်အဖုံးနှင့်ဓာတ်ပုံအယ်လ်ဘမ်ကြီးကို လှမ်းယူ၍ဖွင့်ကြည့်လိုက်သည်။

သူနှင့်နှောင်းရိပ်ဝေတို့ လက်ထပ်ခဲ့ကြသည့်နေ့က အမှတ်တရရိုက်ထားသည့်ဓာတ်ပုံများရယ်ပါ. . .

ဓာတ်ပုံတွေထဲတွင် နှောင်းကချစ်စရာလှပနုနယ်လွန်းသည်။

မရမ်းရောင်ကြိုးကြီးချိတ်၊ မရမ်းရောင်ပိုးသားအကျီ လက်ရှည်တို့ဖြင့် သူမဆံထုံးတွင်လည်း မရမ်းရောင်သစ်ခွပွင့်တွေဝေ့နေလျက် အလှပဆုံးပြုံးနေပုံလေးက မက်မောတွယ်တာစရာပါ. . .

သူကလည်း မရမ်းနုရောင်ပိုးချိတ်လုံချည်၊ နံ့သာရောင်ပိုးတိုက်ပုံနှင့် ခန့်ညားချောမောနေသည်။

ထိုအတိတ်အကြောင်းအရာများကို သူမမေ့နိုင်ပါ။ သူ့စိတ်က အတိတ်ဘဝဆီသို့ မကြာခဏပြန်ရောက်သွားတတ်





တာက အမြဲလိုလိုပင်။

ထိုနေ့က နှစ်ဘက်မိဘများ ပျော်ရွှင်ဝမ်းသာနေကြသည်။

သူက တေးစီးရီးစ်ထုတ်လုပ်သူ အောင်မြင်နေသည့် ပရိုဂျူဆာတစ်ဦးဖြစ်သလို ငွေကြေးပြည့်စုံသည်။

နှောင်းရိပ်ဝေတို့က စည်းကမ်းအလွန်ကြီးသည့် အသိုင်းအဝိုင်းဖြစ်၏။

သူမဖခင်က ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး သူမမိခင်က ကျောင်းအုပ်ဆရာမကြီး၊ သူမ၏ကြီးကြီးကလည်း ကျောင်းဆရာမမို့ ထိုသုံးယောက်ကြားမှာနှောင်းရိပ်ဝေ ပိပိပြားပြားနေထိုင် ကြီးပြင်းလာခဲ့ရခြင်းပါ။

"ကျွန်တော်တို့ဘက်ကသားနဲ့သမီးအတွက် မော်တော်ကားတစ်စီးလက်ဖွဲ့ပါတယ်၊ အခုလောလောဆယ် သားလေးစီးနေတဲ့ odyssey တစ်စီးပေါ့၊ လာမယ့်နှစ်လောက် တိုက်တစ်လုံးဝယ်ပေးဖို့ စီစဉ်ထားပါတယ်"

လက်ထပ်ပွဲတွင် လက်မှတ်ရေးထိုးပြီးနောက် သူ့ဖခင်ကပြောလိုက်ခြင်းဝါ။ ထိုအချိန်က သူ့ဖခင်မကွယ်လွန်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားကတော့ မိန်းကလေးအတွက်စိန်တစ်ဆင်စာ သတ်ဖွဲ့ပါတယ်၊ လူလေးမေမေအသက်ထင်ရှားရှိခဲ့စဉ်က ဝတ်ခဲ့တဲ့စိန်တွေပေါ့၊ လူလေးက မိတဆိုးမို့အဘွားက သူ့မေမေဆိုလဲ ဟုတ်ပါတယ်"

ဒေါ်နှင်းအိပြောသမျှကို အားလုံးတပြုံးပြုံးဖြင့် ခေါင်းညိတ်နေကြသလို အိဇင်ကလည်း ခေါင်းညိတ်နေသည်။

မိခင်ကျန်ရစ်ခဲ့တာ စိန်သုံးဆင်စာမို့ တစ်ဆင်စာလက်ဖွဲ့လိုက်သော်လည်း ဘာမှမနာလိုစိတ်မဖြစ်ခဲ့ပေ။

"ကျွန်မတို့ကတော့ ပညာနဲ့အသက်မွေးတဲ့လူတွေပါ၊ စီးပွားရေးဘာမှမလုပ်ဘူး၊ ဒါကြောင့် မချမ်းသာပါဘူး၊ သမီးလေး အခုလက်ရှိဝတ်ထားတဲ့ ရွှေတစ်ဆင်စာကိုပဲ လက်ဖွဲ့နိုင်ပါတယ်" . . . ဟု သူ့မမိခင်က မျက်နှာငယ်ငယ်ဖြင့် ပြောလိုက်သောကြောင့် အားတုံ့အားနာဖြစ်သွားကြရသည်။

"အို . . . ကိစ္စမရှိပါဘူးကွယ်၊ ဘွားဘွားတို့ကို သမီးအလိမ္မာလေးပေးတာပဲ ကျေးဇူးတင်လှပါပြီ"

ဘွားနှင်းအိက အားလုံးပျော်ရွှင်စေရန် စကားကို





အလိုက်သင့်ပြောနေသည်။

"မောင်ဆုူးသစ်က ဖူးစာရှင်ရွေးတာတော်တယ်၊ မိန်းကလေးက အရမ်းချောတာပဲ၊ လေယာဉ်မယ်နော်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ အန်ကယ်လ်"

သူတို့မိတ်ဆွေအချို့ကိုသာဖိတ်ပြီး မိန်းကလေးအိမ်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်၏။

သန်ဘက်ခါမှ Traders Hotel တွင် ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ကြရန် စီစဉ်ပြီးပြီ။

"နေပါဦး သူငယ်ချင်းရယ်၊ ဒီလောက်လှတဲ့ မိန်းမနဲ့ ချစ်နေတဲ့အကြောင်း ဘာကြောင့်များ လျှို့ဝှက်ထားရတာလဲ"

"ဟုတ်ပါရဲ့ကွာ၊ မင်းက ပိပိရိရိလျှို့ထားပြီး ခုမှ ပြန်းစားကြီးသိလိုက်ရတာဆိုတော့ ထူးဆန်းနေတယ်"

သူ့သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုးဝေဖန်နေကြ၏။

"ပြောပါဦး လေယာဉ်မယ်လေးနဲ့ ဘယ်မှာတွေ့ကြတာလဲ၊ ကျူးပစ်လေးက တော်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ်ပေါ်မှာတွေ့တာလေ"

"အိုး . . . ဇာတ်လမ်းပဲ"

"မင်းချစ်သူက ကက်သရင်းဇီတာဂျုံးစ်နဲ့တူတယ်နော် . . . သိပ်လှတာပဲ"

"ဟုတ်တယ်ဟေ့၊ ဒါ အမှန်ပဲ"

အားလုံး ချီးမွမ်းမဆုံး ဖြစ်နေကြသောကြောင့် . . . အပျော်လွန်နေမိ၏။

မင်္ဂလာလက်မှတ်ထိုးပွဲကို နှောင်းရိပ်ဝေတို့အိမ်မှာ . . . ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လက်ထပ်ပွဲအပြီးတွင် ဧည့်သည်များ တဖြည်းဖြည်း . . . ပြန်သွားကြသည်။

သူ့အဘွားဒေါ်နှင်းအိနှင့်နှမအိဇင် ဆွေမျိုးတွေအား . . . ပြန်သွားကြသည်။

သူက ပြန်ရမလိုလို၊ နေခဲ့ရမလိုလိုနှင့် ယောက္ခမဖြစ် . . . များကို အကဲခတ်ကြည့်နေမိသည်။

ယောက္ခမများက သူ့ကိုပါပြန်လိုက်သွားစေချင်ပုံရ . . .





နှောင်းရိပ်ဝေနှင့်သူလက်ထပ်ပြီးပြီမို့ နှောင်းကိုသူ . . . ပိုင်ဆိုင်ခွင့်ရခဲ့ပြီမဟုတ်ပါလား . . .

သို့သော် ဘာကြောင့်များယောက္ခမနှင့်ကြီးတော်ဖြစ်သူ . . . ၏မျက်နှာတွေတင်းနေကြပါလိမ့် . . .

"နှောင်း"

ကြီးတော်ဖြစ်သူဒေါ်မေနွဲ့ခေါ်သံကြောင့် နှောင်းရိပ်ဝေ . . . ည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

သူက နှောင်းနောက်မှ အသာလိုက်လာခဲ့၏။

"ညည်းလူက မပြန်သေးဘူးလား"

"ရှင်"

"ဘာရှင်လဲ၊ ပြန်ဖို့ပြောလိုက်ပါ"

ဒေါ်မေနွဲ့အသံကြောင့် သူ့ဧည့်ခန်းထဲမဝင်ဖြစ်တော့ဘဲ . . . အသာကွယ်၍ရပ်ပြီး နားထောင်နေမိသည်။

"ဘာမှတွေဝေမနေနဲ့၊ ညည်းတို့ သန်ဘက်ခါမှ မင်္ဂလာ . . . လုပ်ရမှာမဟုတ်လား၊ ခုဘာမှမဆိုင်သေးဘူး"

"လက်ထပ်ပြီးပြီပဲ ကြီးမေရဲ့၊ တော်ကြာအထင်အမြင် . . .



www.burmeseclassic.com

www.burmeseclassic.com



နှင်လွှတ်ရင် သူစိတ်ဆိုးရင်ကော”

“အံမယ် ပူပန်နေလိုက်တာ၊ မိန်းကလေးဆိုတာ ထိန်းထိန်းသိမ်းသိမ်း ရှိရတယ် သိရဲ့လား၊ မင်္ဂလာဆောင်ပြီး လင်မယားအစစ်၊ ခုမင်္ဂလာပွဲမပြီးခင် ညည်းနဲ့သူ အတူနေ ခွင့်မပြုနိုင်သေးဘူး”

ကြီးကြီးဒေါ်မေနွဲ့စကားကြောင့် သူမတွေဝေနေ သည်။ မျက်နှာလေးညှိုးပြီး ဘာလုပ်ရမှန်းမသိလောက်အောင် ဖြစ်နေမိခြင်းပါ။

လက်ထပ်ပွဲအပြီး သိပ်ပျော်နေသည့် ကိုကို့ကို သူ ဘယ်လိုနှင်ရက်ပါ့မလဲ. . .

ကိုကိုဟာ မနှင်ဘဲပြန်မယ့်ပုံမရပါ။

ကြီးကြီးဒေါ်မေနွဲ့က သူမကိုစိတ်မရှည်စွာ ကြည့်နေ မှ အိမ်ထဲသို့ဝင်သွားသည်။

သည်တော့မှပင် သူဧည့်ခန်းထဲဝင်လာပြီး သူမ လ မောင်းနှစ်ဖက်ကို သူ့လက်များဖြင့် အသာဆုပ်ကိုင်လိုက်၏။

“နှောင်းလေး”





မျက်စိမျက်နှာပျက်နေသည့် နှောင်းရိပ်ဝေကို သူသနား သည်းသနား၊ ခွဲလည်းမခွဲရက်နိုင်ဖြင့် ဘယ်လိုဆုံးဖြတ်ရမှန်း သိလောက်အောင်ဝေခွဲမရဖြစ်နေမိသည်။

“ကိုကို”

“ပြောလေ. . . နှောင်းလေး”

“ဟိုလေ. . ကြီးကြီးက မင်္ဂလာပွဲပြီးမှ ကိုကိုနဲ့ နှောင်း လေးအတူနေဖို့. . .”

“ကိုကိုအားလုံးကြားပြီးပါပြီ နှောင်းလေးရယ်၊ ဒါပေမယ့် င်းလေးကို ကိုကိုမခွဲချင်တော့ဘူး၊ မပြန်ချင်ဘူး”

“မပြန်လို့ဖြစ်ပါ့မလား ကိုကိုရဲ့”

သူမအိမ်ထဲရှိ မေမေနှင့်ကြီးတော်တို့ထံ မသိမသာ မ်း၍ အကဲခတ်ရင်း စိုးရိမ်ပူပန်နေသည့်အမူအရာဖြင့် ပြော ဆိုခြင်းပါ။

“ဟော့. . . နှောင်းလေး၊ တွေဝေမနေနဲ့ သိလား”

“ရှင်”

“မင်းကို ကိုကိုလက်ထပ်ပြီးပြီပဲ၊ နှောင်းရိပ်ဝေဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းလေးကို ကိုကိုပိုင်ပြီကွ"

"ဟုတ်. . . ဟုတ်ပါတယ် ကိုကိုရယ်၊ ဒါပေမယ့် ကြီးကြီးက ကိုကို့ကိုပြန်လွှတ်လိုက်ဖို့ ပြောနေတယ်လေ"

သူမငိုချင်နေသည့်မျက်နှာလေးဖြင့် ပြောနေသော်လည်း သူက အလျှော့မပေးပေ။

"ဟာကွာ. . . မပြန်ဘူး၊ ကိုကို့ချစ်ဇနီးလေးနား ဘယ်မှမပြန်နိုင်ဘူး၊ မပြန်ခိုင်းရဘူးကွာ"

နှောင်းရိပ်ဝေပခုံးကိုဖက်ပြီး သူကြည်နူးပျော်ရွှင်သည့်အမူအရာဖြင့် ပြောနေသည်မို့ သူမဘာဆက်ပြောရမှန်း မသိဘဲ တွေဝေငေးငိုင်နေလေသည်။

♥ ♥ ♥ ♥ ♥ ♥





## အခန်း(၈)

သူမစိတ်ညစ်နေသည့်အမူအရာဖြင့် ဧည့်ခန်းထဲရှိ နှစ်ယောက်ထိုင်ဆိုဖာပေါ် ထိုင်ချလိုက်သည်။

"နှောင်းလေး"

"ပြော. . . ကိုကို"

"မျက်နှာကလဲ ဘယ်လိုဖြစ်နေတာလဲကွာ၊ ပြုံးပြုံးလေးနေစမ်းပါ၊ ကိုကိုသိချင်းဆိုပြရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပြ"

သူက သည်းဦးပန်းသီချင်းကို ခပ်တိုးတိုးညည်းညူရင်း သူမခေါင်းပေါ် သူ့မျက်နှာကိုအသာထိကပ်၍ထားသည်။

သူမထိုင်ရာမှထရပ်လိုက်ပြီး သူမအခန်းထဲသို့ ဝင်လာခဲ့၏။

ဆူးသစ်က သူမနောက်မှထပ်ချပ်မကွာ လိုက်ဝင်လာခဲ့သည်။

သူမအခန်းထဲရောက်တော့ ဘီးဆံထုံးလေးကို ဖြုတ်နေသည်။ သူက သူမမှန်တင်ခုံဘေးတွင်ရပ်ပြီး တိုက်ပုံအကျႌကို ဆွဲချွတ်လိုက်၏။

ပြီးတော့ သူမကိုငေးကြည့်နေသည်။

"နှောင်းလေးရယ် . . ."

သူမလက်မောင်းနှစ်ဖက်ကို ညင်ညင်သာသာ ဆုပ်ကိုင်ပြီး စိတ်လှုပ်ရှားနေသည့်အသံဖြင့်ခေါ်လိုက်သည်။

"ကိုကိုကို နှင်ရက်သလားဟင်"

"ကြီးမေနဲ့မေမေက ခွင့်မပြုကြဘူး ကိုကို"





သူ့လက်ကိုအသာဆွဲဖယ်ပစ်ပြီး သူမအခန်းထဲမှ ထွက်သွားသည်။

ရင်မောပြီး ကျန်ရစ်ခဲ့သူက ဆူးသစ်။

ချစ်ရလွန်းသူရဲ့ ခရီးဦးကြိုပြုပုံက စိမ်းစိမ်းကားကားမို့ သူ့ရင်ထဲမှာ နင့်နေမိသည်။

သူမကို မကျေနပ် . . . စိတ်တိုသွားသည်။

ယောကျ်ားတန်မဲ့ စိတ်ကောက်ပစ်လိုက်၏။ နေ့လယ်စာမစားဘဲ အခန်းထဲမှာအိပ်နေလိုက်သည်။ နေ့လယ်စာစားချိန်ရောက်တော့ သူမအခန်းထဲဝင်လာ၏။

"ကိုကို"

"ဘာလဲ"

သူ့အသံကမာပြီး ပြတ်တောင်းနေသည်မို့ သူမစိုးရိမ်သွားမိ၏။ ဩော် . . . သူ့ကို ဥပေက္ခာပြုထားတယ်လို့များ ယူဆနေပြီလား . . .

သူက သူမရင်ထဲထိအောင် တမင်ဟန်ဆောင်၍ မူယာမာယာများနေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို နေ့လယ်စာစားကြမယ်လေ"

သူ့ခုတင်အနီးမှာလာရပ်ပြီး လေသံတိုးတိုးဖြင့် သူမ ပြောလိုက်သည်။

"ကိုကို"

"ဘာလဲကွာ"

"နေ့လယ်စာစားဖို့ နှောင်းလေး စောင့်နေပါတယ် ကိုကို"

"မင်းကြီးတော်ကြီးနဲ့သွားစားကွာ၊ ကိုကိုဘိုက်ပြည့်နေပြီ၊ စိတ်ညစ်တယ်"

"နည်းနည်းဖြစ်ဖြစ် စားလိုက်ပါလား. . ."

သူမစကားမဆုံးမီပင် သူအိပ်ရာမှဝုန်းခနဲထထိုင်ပြီး သူမကိုယ်လေးကိုဆွဲယူလိုက်၏။

"ကိုကို့ကိုမချစ်တော့ဘူးလား ပြောစမ်း နှောင်းလေး၊ ကိုကို့ကိုဆက်ဆံပုံတွေက စိမ်းလိုက်တာကွာ"

သူမကိုယ်လေးကို တင်းတင်းဖက်ပြီး အပြစ်တင်လိုက်၏။ ပြီးတော့ ပါးပြင်ချင်းပွတ်သပ်နေသည်။





"နှောင်းလေး . . အချစ်ရယ်"

"လွှတ်ပါ ကိုကို၊ ကြီးမေဆူမှာ စိုးတယ်၊ နေ့လယ်စာစားဖို့ စောင့်နေကြပြီ"

သူမပျာယာခတ်နေပြီး စိုးရိမ်ပူပန်နေသည့်အမူအရာဖြင့် ပြောနေသည်။

"ကိုကိုတို့နှစ်ယောက် လက်ထပ်ပြီးပြီပဲကွာ၊ မင်းကြီးတော်နဲ့မိဘတွေက သိပ်ကြီးကျယ်လွန်းပါတယ်"

သူအတင်းအကြပ်ဖက်ပွေ့ထားရာမှ စိတ်ပျက်လက်ပျက် ပြောနေ၍ သူမငိုချင်နေမိပြီ။

ချစ်သူနှင့်မိခင်ကြီးတော်တို့အကြား ဘာလုပ်လို့ ဘာပြောရမှန်းမသိ။

"နှောင်းရေ"

ဒေါ်မေနွဲ့၏အသံကျယ်ကျယ်ကိုကြားလိုက်ရသောကြောင့် သူမဆူးသစ်ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

"ကိုကို . . လာ သွားကြစို့"

ထမင်းစားရန် သူမခေါ်နေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်နှာအောက်သိုးသိုးဖြင့် သူမနောက်မှ လိုက်လာခဲ့၏။

သူမတို့နှင့်အတူ ထမင်းစားနေရသော်လည်း စိတ်ဆိုးနေ၍ စားမကောင်းလှ၊ တစ်ပန်းကန်မကုန်မီပင် ထသွားသည်။

သူမရင်ထဲနင့်ပြီး ကျန်ရစ်ခဲ့သည်။

"နှောင်း"

"ရှင်. . . မေမေ"

"ဒီသူငယ်ကြည့်ရတာ ခေါင်းမာပုံရတယ်၊ တော်သေးတာပေါ့၊ ညည်းဖေဖေအလုပ်သွားလို့၊ အိမ်မှာသာဆက်ထိုင်နေရင် ဒီကောင်တင်းမာနေပုံနဲ့ ခက်လိမ့်မယ် ဟွန်း"

သူမတို့လက်ထပ်ပွဲကို မနက်ရှစ်နာရီမှာ ကျင်းပခဲ့ခြင်းဖြစ်၍ လက်ထပ်ပွဲပြီးသည်နှင့် ဖေဖေကရုံးတက်ရန်ထွက်သွားခြင်းပါ။

"ကိုကိုက. . . စိတ်ထိခိုက်နေပုံပဲ မေမေ"

"တော်စမ်းပါအေ. . . မင်္ဂလာမှမဆောင်ရသေးတာ မင်္ဂလာပွဲအကြီးအကျယ်နွှဲနေတဲ့အချိန်မှာ သတို့သားက မပေါ်





ပေါက်ရသေးတဲ့သတို့သမီးလက်ဖျားလေးကို တယုတယဆုပ်ကိုင်ပြီး ရှက်နေသလားဆိုတဲ့ မြတ်နိုးမှုအပြည့်နဲ့ကြည့်နေရမှာ၊ မင်္ဂလာဆောင်တဲ့နေ့မှာ ရင်ခုန်စရာမကျန်တော့ရင် ဘယ်တန်ဖိုးရှိပါတော့မလဲ. . . ညည်းနော် မိန်းမဈေး မဖျက်စမ်းပါနဲ့"

မိန်းမဈေးမဖျက်ရဘူးတဲ့. . .

ချစ်သူအပေါ် အလိုလိုက်အကြိုက်ဆောင်တာမျိုးဟာ မိန်းမဈေးဖျက်တာတဲ့လား. . .

သူမခေါင်းထဲ ချာချာလည်လောက်အောင်ပင် မူးဝေလာမိ၏။

ခေတ်ပြောင်းနေပြီဆိုတာ မေမေနှင့်ကြီးကြီးတို့ မသိကြတာလည်းမဟုတ်. . . အမှန်က လက်ထပ်ပြီးလျှင်အတူနေကြသည့်ချစ်သူတွေ ဒုနဲ့ဒေးပါ။

ရှေးဟောင်းအယူအဆကြီးအတိုင်း မေမေနှင့်ကြီးကြီး ကာဟန့်တားနေသဖြင့် ချစ်သူကိုဘယ်လိုနှင်ပစ်ရမှန်းပင် မတွေးနိုင်လောက်အောင် သူမရင်ထဲပြောင်းဆန်နေမိရသည်။

"ဟိုသူငယ်မျက်နှာလဲမကောင်းဘူး၊ ညည်းတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ထားတဲ့ ခန်းဝင်ပစ္စည်းတွေပြလိုက်ပါလား"

"ကောင်းပါပြီ ကြီးကြီး"

မဂ္ဂဇင်းတစ်အုပ်ကိုစိတ်မပါဘဲ ဖတ်ချင်ဟန်ဆောင်နေလျက် သူမအလာကို သူရင်တထိတ်ထိတ်ဖြင့် စောင့်နေခဲ့သည်မဟုတ်ပါလား. . .

"ကိုကို"

သူရုတ်တရက် လှည့်မကြည့်။

"ကိုကို. . . နှောင်းတို့အတွက် ဝယ်ထားတဲ့ခန်းဝင်ပစ္စည်းတွေ သွားကြည့်ကြရအောင်နော်"

သူမအပြောကို သူကခေါင်းမညိတ်သေးဘဲ သူမမျက်နှာလေးကို ပြုံးကြည့်၏။

သူမက အခန်းထဲကြာကြာမနေချင်သောကြောင့်. .

"လာလေ ကိုကို၊ သွားကြည့်ရအောင်"

မင်္ဂလာခန်းဝင်ပစ္စည်းများကို သူမတို့အိမ်အောက်ထပ် နောက်ဘက်ကျကျအခန်းတစ်ခန်းထဲတွင် ပြင်ဆင်ထားသည်။

ထိုအခန်းထဲရောက်တော့ သူအံ့သြနေမိ၏။





အခန်းက အတော်ကျယ်ဝန်းသန့်ပြန့်ပြီး ကြမ်းပြင်များ ပြောင်လက်နေ၏။

နှစ်ယောက်အိပ်ခုတင်ကြီးပေါ်တွင် ဖမ့်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်စသည့် မင်္ဂလာခန်းဝင်ပစ္စည်းများကိုတင်ထားသည်။ အားလုံးပလတ်စတစ်အိတ်ကြီးများဖြင့် ဖုံးထားသဖြင့် အသစ်စက်စက်တွေ့ရသည်။

အခန်းထဲတွင် ဘီရို၊ ပန်ကာ၊ ကက်စက်စသည့်ပစ္စည်းများ ပြည့်ပြည့်စုံစုံရှိနေ၏။ အားလုံးအသစ်ကျပ်ချွတ် ပြောင်လက်တောက်ပလွန်းသည်။

"ကိုကိုကြိုက်ရဲ့လားဟင်"

"အားလုံးကြိုက်ပါတယ်၊ ဒါပေမယ့် နားမလည်တာ တစ်ခုရှိတယ် သိလား"

"ဘာများလဲ ကိုကို"

"ဒီပစ္စည်းတွေ ဘာကြောင့်ဝယ်ထားရတာလဲ"

"မင်္ဂလာဆောင်ပြီး သုံးဖို့ပေါ့"

"ကိုကိုတို့အိမ်မှာလဲ အားလုံးဝယ်ပြီးပြီ၊ မင်္ဂလာခန်း



www.burmeseclassic.com

www.burmeseclassic.com



ဘုယ်ကြီးထဲမှာ ပြင်ဆင်ခင်းကျင်းထားပြီးပြီလေ၊ အခုချက်ချင်း နှောင်းလေးအိမ်လိုက်ခဲ့ရင် တွေ့ရလိမ့်မယ်"

"ဟင်"

"ဟုတ်တယ် နှောင်းလေး၊ ကိုကိုက နှောင်းလေးနဲ့လက်ထပ်လက်မှတ်ထိုးပြီးတာနဲ့ ချက်ချင်းခေါ်သွားဖို့ စဉ်းစားထားတာလေ၊ ဒါပေမယ့် နှောင်းလေးမေမေတို့က မထည့်ကြသလို နှောင်းကလဲမလိုက်ဝံ့ဘူးလေ၊ ပြီးတော့. . ."

"ဆောရီးပါပဲ ကိုကိုရယ်"

သူစိတ်ထိခိုက်နေမှန်းသိ၍ နှောင်းကတောင်းပန်လိုက်သည်။ ပြီးတော့ သူ့နဖူးပြင်လေးကို အသာငုံ့နမ်းလိုက်၏။ သူက သူမကိုယ်လေးကိုဖက်ထွေးပြီး ယုယမှုတွေပေးလိုက်သည်။

"ကိုကိုတို့မိဘတွေက နှစ်ဘက်လုံးခန်းဝင်ပစ္စည်းတွေ ဝယ်ထားကြတာဆိုတော့ ကိုကိုတို့မင်္ဂလာဆောင်ပြီးရင် ဘယ်အိမ်မှာနေကြမလဲ နှောင်းလေး"

သူ့အမေးကြောင့် သူမသက်ပြင်းရှိုက်သည်။

"ဘာဖြစ်လို့လဲ၊ ကိုကို့အိမ်ကို နှောင်းလေးမလိုက်ချင်





ဘူးလား"

"လိုက်ခဲ့ချင်ပါတယ်၊ ဒါပေမယ့် မေမေနဲ့ကြီးကြီးက နှောင်းဒီမှာပဲ ဆက်ပြီးနေရမယ်၊ မခွဲနိုင်ဘူးတဲ့"

မျက်နှာညှိုးညှိုးဖြင့်ပြောနေသည့် နှောင်းကိုကြည့်ပြီး သူကရှုဏာဖြစ်ရသည်။

"ဟိုအိမ်ဒီအိမ် တစ်လှည့်စီနေကြတာပေါ့ နှောင်းလေးရယ်. . . နော်"

"နှောင်း မနက်ဖြန်လေယာဉ်လိုက်ရဦးမယ် ကိုကို၊ ဒီနေ့ နှောင်းဂျူတီလဲထားတော့ မနက်ဖြန်အစားပြန်ဝင်ရမယ်"

"နုတ်ထွက်ခွင့်မတင်ဘူးလား နှောင်း"

"တင်ပြီးပါပြီ၊ ဒီလကုန်အထိပါပဲ၊ ခွင့်ယူတဲ့သူများနေသို့တဲ့ ကိုကို"

"ဟူး"

သန်ဘက်ခါမင်္ဂလာဆောင်ရှိနေသော်လည်း မနက်ဖြန် လေယာဉ်နှင့်အတူလိုက်ပါရဦးမည်ဆို၍ နှောင်းလေးအတွက် သူစိုးရိမ်ပူပန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘက်ခရီးသွားရမှာလဲ နှောင်း"

"မန္တလေးကနေ ရှမ်းပြည်နယ်ထိ ခရီးဆက်ရမှာ၊ မန
ဖြန် ညနေစောင်းမှ ပြန်ရောက်မယ်၊ ကျိုင်းတုံအထိပေါ့ ကိုက

"လူစားထပ်လဲပြီး ခွင့်တင်လိုက်ပါလား"

"မရဘူး ကိုကို၊ ဒီကနေ့တောင် နှောင်းအစား သူငေ
ချင်းမူယာက ဝင်ပေးလို့"

ဘာကြောင့်ရယ်မသိ . . .

သူစိတ်ထဲမှာ လေးလံနေမိသည်။

သန့်ဘက်ခါ မင်္ဂလာဆောင်ရမည့်သတို့သမီး နှော
လေးအတွက် စိုးရိမ်ပူပန်နေမိသည်။

"နှောင်း"

"ရှင် မေမေ"

သူမမိခင်ခေါ်သံကြောင့် နှောင်းအခန်းကျယ်ကြီးထဲ
ပြေးထွက်သွားသည်။

သူရင်ထဲဟာပြီး ကျန်ရစ်ခဲ့၏။

ရှေးဆန်လွန်းသည့် နှောင်းမေမေနှင့်ကြီးတော်ကြော





နှောင်းနှင့်အဆွေနီးရန် မလွယ်ကူလှပါ။

ထိုနေ့က ညနေစာစားပြီးချိန်တွင် သူနှင့်နှောင်းတို့ခြံထဲ
ဆင်းပြီး ခေတ္တထိုင်ကြသည်။

ပြီးတော့ သူ့ကိုဧည့်ခန်းနှင့်ကပ်လျက်အခန်းတစ်ခုထဲ
တွင်နေရာပေးပြီး နှောင်းက ပျောက်နေသည်။

သူမအခန်းထဲတွင် သူမတစ်ယောက်တည်းရှိနေမှာ
သေချာသည်။

ညဉ့်နက်ချိန်တစ်စစရောက်လာသော်လည်း ဆူးသစ်
သုံးဝအိပ်မပျော်နိုင်ပါ။

သူ့ရင်တစ်ခုလုံး လှုပ်ရှားတုန်ယင်နေသည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

## အခန်း(၉)

သူမအခန်းအပြင်ဘက် လေသာဆောင်တွင် ဆူးသစ်ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိ၏။

သူ့လုပ်ရပ်တ အဓိပ္ပာယ်မဲ့နေပြီလား. . .

သူမအခန်းက မီးရောင်ဖျော့ဖျော့ထွန်းထားပြီး တံခါးကိုပိတ်ထား၏။

တစ်အိမ်လုံးမီးတွေပိတ်ပြီး အိပ်မောကျနေပြီဖြစ်သည်။

အိမ်ကြီးက ကြီးမားကျယ်ဝန်းလှသဖြင့် တစ်ခန်းနှင့်





တစ်ခန်းအလှမ်းဝေးသည်၊ သူရပ်နေတာကို ဘယ်သူမှမမြင်ကြပါ။

သူမအခန်းတံခါးကို သူအသာအယာခေါက်လိုက်၏။

သူ့တံခါးခေါက်သံကြောင့် နှောင်းဆတ်ခနဲထထိုင်လိုက်သည်၊ ပြီးတော့ တံခါးရှိရာလျှောက်လာခဲ့သည်။

မှန်တံခါးအပြင်ဘက်မှသဏ္ဌာန်ကို သူမှန်း နှောင်းသိသည်။

သူမအခန်းတံခါးကို အသာအယာဖွင့်ပေးလိုက်၍ သူအခန်းထဲဝင်လာခဲ့သည်။

"ကိုကို"

"နှောင်း"

"ဘာလာလုပ်တာလဲ ကိုကိုရယ်"

သူမအသံကတုန်ယင်ပြီး စိတ်လှုပ်ရှားကာ မူမမှန်ဖြစ်နေ၏။

"မေးရက်လိုက်တာ နှောင်းလေးရယ်"

နှောင်းတံခါးကို ပြန်ပိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နှောင်းလေး"

သူက သူမကိုတအားဆွဲမွှေ့ပစ်ပြီး အားမလိုအားမ ခေါ်လိုက်မိ၏။ ပြီးတော့ မျက်နှာအနှံ့နမ်းပစ်လိုက်သည်။

သူမတစ်ကိုယ်လုံးတုန်ယင်နေပြီး ရှက်ခြင်း၊ ကြောက် ရွံ့ခြင်းခံစားချက်တွေက အသည်းနှလုံးတစ်ခုလုံးကို ဝါးမျို လိုက်၏။

"နှောင်းလေးရယ် . . . ကိုကိုဟာနှောင်းနဲ့ လက်ထပ်ပြီ ဖြစ်တဲ့ခင်ပွန်းပါနော်၊ ဘာဖြစ်လို့ သူစိမ်းတစ်ယောက်လို အပ ပယ်ခံနေရတာလဲကွာ . . ."

နာကြည်းခံခက်လွန်းစွာ သူပြောမိသည်။

သူမကြံရာမရဖြစ်နေသည့်မျက်နှာလေးဖြင့် . . .

"ဆောရီး ကိုကို . . . ဆောရီးနော်"ဟု ပြောသည်။

"အခုချက်ချင်း အိမ်ပြန်ချင်တယ် နှောင်း၊ ကိုကို့အိမ် ကို လိုက်ခဲ့ပါ၊ ခုချက်ချင်း ပြန်မယ်"

"မဖြစ်ပါဘူး ကိုကိုရယ်"

"တော်ပြီ နှောင်း၊ ကိုကိုနဲ့တစ်သက်လုံးဝေးချင်ပြီလား





ပြော၊ ကိုကိုသည်းမခံနိုင်တော့ဘူးနော်"

သူ့ကိုဘယ်လိုပြန်ပြောရပါ့မလဲဟု သူမနားမလည်နိုင် ဘဲ တွေဝေနေသဖြင့် သူ့စိတ်မရှည်နိုင်တော့တဲ့ သူမကိုတအား ဖက်ပွေ့ပြီး နမ်းရှိုက်နေမိသည်။

သူမရင်တစ်ခုလုံးဆောက်တည်ရာ မရလောက်အောင် ထိတ်ထွသွားပြီး သူ့ကိုတွန်းပစ်လိုက်၏။

"ကိုကို့ကိုယုံကြည်လို့ တံခါးဖွင့်ပေးခဲ့တာပါ ကိုကို"

"ယုံကြည်တာတွေ၊ မယုံကြည်တာတွေ ကိုယ်ဘာမှ နားမလည်ဘူး နှောင်းလေး၊ ကိုကိုနားလည်တာ ကိုယ်တို့ စိတ်ကပဲ လက်ထပ်ပြီးပြီ ဒါပဲ"

သူမမျက်နှာကိုဆွဲမော့၍ မျက်လုံးတွေထဲအဓိပ္ပါယ်ရှာ ရင်း သူပြောလိုက်သည်။

"ကိုကိုရယ် . . . ကိုကိုသွားပါတော့"

"မနှင်နဲ့ နှောင်း၊ ဒီညတစ်ညလုံး မအိပ်ဘူး၊ မင်းနဲ့စကား ပြောနေမယ်"

သူတဖွတ်ထိုးပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာလေး ညှိုးကျသွားပြီး မျက်ရည်များပင်ဝဲလာ
သည်အထိ တုန်လှုပ်နေသည်။

"တောင်းပန်ပါတယ် ကိုကိုရယ်၊ တော်ကြာ ကြီးမေ
နိုးလာရင်ခက်လိမ့်မယ်"

"ဇနီးမယားအခန်းမှာ ခင်ပွန်းရှိနေတာ ဘာဖြစ်သ
ကွာ၊ လာကြပါစေ"

သူက အလျှော့မပေးဘဲ သူပြောချင်ရာတွေဇွတ်ပြော
နေသည်။

သူမခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်နေပြီး မျက်နှာ
ခပ်တင်းတင်း. . .။

"သူတို့အထင်လွဲတော့မှာပဲ ကိုကို"

"သူတို့ဆိုတာ ဘယ်သူလဲ"

"မေမေနဲ့ကြီးကြီး"

"အမလေးဗျာ၊ အထင်လွဲမယ်တဲ့၊ အထင်လွဲတော့
မှုစရာလား"

သူမစိတ်ညစ်ပြီး ခေါင်းအုံးပေါ်မျက်နှာမှောက်ခ





ငိုရှိုက်နေသည်မို့ သူက သူမကိုယ်လေးကိုသိမ်းကျုံးဖက်ပြီး ရင်ခွင်ထဲမှာ ထွေးထားလိုက်၏။

"မငိုပါနဲ့ နှောင်းလေးရယ်၊ ကိုကိုက ကိုကိုတို့ရဲ့မင်္ဂလာဦး ညလေးကို တန်ဖိုးထားပါတယ်၊ မင်္ဂလာဦးညမှာ နှောင်းလေး စိတ်မညစ်ပါနဲ့၊ မငိုရဘူး"

သူမ၏ဆံပင်နက်နက်တစ်ထွေးကြီးကို တယုတယနမ်းပြီးပြောလိုက်သည်။

ရှန်ပူအကောင်းစား (Paul Mitchell) နှင့် လျှော်ထားသည့် သူမ၏ဆံပင်နက်နက်များက သင်းပျံ့ပျံ့ရနံ့ဖြင့် သူ့ရင်ကို အေးမြစေ၏။

"နှောင်းလေး"

"ကိုကို"

"နှောင်းလေးစိတ်ချလက်ချအိပ်တော့နော်၊ ကိုကို့လက်မောင်းပေါ် ခေါင်းအုံးပြီးအိပ်၊ နှောင်းလေးအိပ်ပျော်သွားတာ ကိုကိုစောင့်ကြည့်နေမယ်"

သူမကိုအသက်နှင့်ထပ်တူချစ်မြတ်နိုးရသူမို့ သူ့ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပင် အလိုလိုက်အကြိုက်ဆောင်ကာ အလျှော့ပေးလိုက်ခြင်းပါ။

"မနက်စောစော လေယာဉ်ကွင်းသွားရဦးမယ်"

"ကိုကိုလိုက်ပို့ပေးမယ်လေ၊ နှောင်းစိတ်ချလက်ချ အိပ်ပါ၊ မနက်စောစော ကိုကိုနှိုးမယ်"

"နှောင်းလေးကိုခွင့်လွှတ်ပါနော် ကိုကို"

"အိုကွာ. . . အိုကွာ၊ နှောင်းလေးအိပ်တော့"

သူ့လက်မောင်းပေါ် ခေါင်းအုံးပြီး သူမအိပ်ပျော်သွား သည်။

ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည်မသိ။

သူနှိုးမှပင် လန့်နိုးလာသည်။

"နှောင်းလေး. . . အချစ်"

"နှောင်းလေး. . . နှောင်းလေး"

ကိုကို့တယုတယခေါ်သံလေးက သူမပါးပြင်ပေါ်မှာ ဝဲပျံ့ကျလာ၏။ နှောင်းဖျတ်ခနဲ လန့်နိုးသွားသည်။

"ဟင်. . . ကိုကို"

"အိပ်ရာထပြီး ပြင်ဆင်တော့နော်၊ ပြီးရင် ကိုကိုလေဆိပ်





လိုက်ပို့ပေးမယ်"

"ကျေးဇူး"

နှောင်းနဖူးကို သူနမ်းပြီးသူ့အခန်းရှိရာပြန်လာခဲ့သည်။

သူမရင်ခုန်လှိုက်မောစွာ ကျန်ရစ်ခဲ့၏။

ကိုကို့ကိုလည်း အံ့ဩလေးစားနေမိသည်။

လက်ထပ်ပြီးပြီးချင်း ပူပူနွေးနွေးချစ်ဇနီးလေးအပေါ် အနမ်းပွင့်များကြဲဖြန့်ရှုံ့ဖြင့်သာ ကျေနပ်နှစ်သိမ့်နိုင်ခဲ့သည့် ကိုကို ပါပဲ။

နံနက်လက်ဖက်ရည်သောက်အပြီး လေဆိပ်သို့ ထွက် လာခဲ့ကြသည်။

ဆူးသစ်ကိုယ်တိုင် သူမကိုလေဆိပ်သို့ သူ့ကိုယ်ပိုင်ကား ဖြင့် လိုက်ပို့ပေးခဲ့သည်။

▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

လေဆိပ်သို့ ကားဖြင့်ထွက်လာခဲ့ကြသည်။

ထိုအချိန်တွင် ဘာကြောင့်ရယ်မသိ. . .

ဆူးသစ်ရင်ထဲမှာ တသိမ့်သိမ့်ခံစားနေရသည်။

ချစ်သူလေးနှင့်တစ်ဘဝလုံးဝေးသွားမှာ ကြောက်နေမိ သလို မခွဲမခွာချင်သည့်ဆန္ဒတွေက ရင်မှာပြင်းထန်လွန်းလှ၏။

"တစ်စက္ကန့်လေးတောင်မခွဲခွာချင်တော့ဘူး နှောင်း လေးရယ်၊ ကိုကို့ရင်ထဲမှာ တစ်မျိုးပဲကွာ၊ မနက်ဖြန်မင်္ဂလာ ဆောင်ပြီးတာနဲ့ ကိုကိုတို့အိမ်ကို နှောင်းလေးတစ်ခါတည်း





လိုက်ခဲ့ရမယ်နော်"

လက်တစ်ဖက်တည်းဖြင့် စတီယာရင်ကိုကိုင်ပြီး ကျန် လက်တစ်ဖက်က နှောင်းလေးညာဘက်လက်ဖဝါးကို ဆုပ်ညှစ် ထားရင်း သူတတွတ်တွတ်ပြောနေမိသည်။

"သိပ်ချစ်ရပါတယ် ကိုကိုရယ်၊ သိပ်ချစ်ရပါတယ်. . . နှောင်းလေး ကိုကို့ကိုချစ်တဲ့အချစ်ဟာ ကိုကို့ထက်မပိုရင်တောင် နှောင်းဘက်က မလျော့ပါဘူး ကိုကို"

"ကိုကိုယုံကြည်ပါတယ် နှောင်း၊ ဪ. . . မနေ့က နှောင်းကိုဝတ်ပေးဖို့ ကိုကိုဝယ်ထားတဲ့ရွှေဆွဲကြိုးလေးမေ့နေလို့ ခုမှ ဝတ်ပေးရမယ်"

လေဆိပ်ရှေ့ရောက်တော့ စိန်လော့ကက်ခပ်ကြီးကြီး နှင့်ရွှေကြိုးလေးကို နှောင်းလည်တိုင်မှာ စွပ်ပေးလိုက်သည်။

"နှောင်းလေး ညနေ ကိုကိုလာကြိုမယ်နော်"

"ကျေးဇူး ကိုကို"

နှောင်းကားပေါ်မှဆင်းမည်ပြုတော့ သူကသူ့မျက်နှာ ကို နှောင်းမျက်နှာနား အသာတိုးကပ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းက သူ့နဖူးပြင်ကိုဖွဖွနမ်းပြီး ကားပေါ်မှဆင်းလိုက်သည်။

လေယာဉ်မယ်ဝတ်စုံနှင့် ဆံထုံးခပ်မြင့်မြင့်ထုံးထားသည့် နှောင်း၊ ပင်စယ်လ်ဟီးလ်အဖြူရောင်လေးစီးထားသည်မို့ သူ့အရပ်က ပို၍မြင့်မားနေပုံရသည်။

"သွားတော့မယ်နော် ကိုကို"

နှောင်းနှုတ်ဆက်ပြီး လေဆိပ်ထဲဝင်သွားသည်။

သူကနှောင်းကို မျက်စိတစ်ဆုံးငေးမောကြည့်ပြီး ကျန်ရစ်ခဲ့သည်။

ထိုနေ့က သူမကိုမြင်တွေ့လိုက်ရသည့်မြင်ကွင်းလေးကို ယနေ့ထက်တိုင် မမေ့ရက်နိုင်ပါ. . .

နောက်ဆုံးမြင်တွေ့ခဲ့ခြင်းပါ။

နှောင်းတို့လေယာဉ်ထွက်ခွာသွားတော့ သူ့အိမ်သို့ပြန်လာခဲ့ပြီး နေမထိထိုင်မသာ ဖြစ်နေမိသည်။

"သား. . . နှောင်းကော"

သူ့ဖခင်က မေးသည်။ ဘွားဒေါ်နှင်းအိကလည်း နှောင်းကိုမမြင်၍ နားမလည်နိုင်သလိုဖြစ်နေသည်။





"နှောင်းတော့. . . လူလေး"

"လေယာဉ်နဲ့ပါသွားတယ်၊ ဒီနေ့ သူ့တာဝန်နောက်ဆုံးပဲ ဖေဖေ၊ သူက နှုတ်ထွက်စာတင်တာ နည်းနည်းနောက်ကျလို့ ဒီနေ့အစားဝင်ပေးရတာ"

"ဒီလိုပေါ့ သားရယ်၊ ညနေပြန်လာမယ်မဟုတ်လား၊ မနက်ဖြန်မင်္ဂလာပွဲအတွက် လိုအပ်တာတွေစီစဉ်စရာရှိတာ စီစဉ်ထားပေါ့"

"ဟိုတယ်လ်မှာဆိုတော့ ဘာမှအထူးအထွေ ပြင်ဆင်စရာမရှိပါဘူး ဖေဖေ"

သို့သော် ထိုနေ့က လေယာဉ်ရန်ကုန်သို့ပြန်ရောက်မလာပေ။ ရာသီဥတုဆိုးရွားသဖြင့် ကျိုင်းတုံမှာပင် လေယာဉ် ညအိပ်ရသည်။

နှောင်းက သူမတို့တည်းခိုသည့် ကျိုင်းတုံလေဆိပ်မှ ဖုန်းလှမ်းဆက်သည်။

"စိတ်မပူပါနဲ့နော် ကိုကို"

"ကိုကိုသေချင်နေပြီ နှောင်းလေး၊ မနက်ဖြန်မင်္ဂလာ ဆောင်အမီ ပြန်လာနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မြူတွေသိပ်ထူနေလို့ပါ ကိုကို"

"နှောင်းလေးတစ်ယောက်တည်း အားငယ်နေပြီလား"

"အားမငယ်ပါဘူး ကိုကို၊ နှောင်းတို့တစ်ဖွဲ့လုံးရှိနေတာပဲ၊ နှောင်းတစ်ယောက်တည်း ဟိုတယ်လ်မှာ ခရီးသည်အချို့နဲ့ တည်းနေတာပါ၊ လေယာဉ်မှူးနဲ့လေယာဉ်မောင်တွေက လေဆိပ်မှာပဲ ကျန်ရစ်ခဲ့တယ်"

"အိုကေ. . . အိုကေ"

သူ့အသံက စိတ်လှုပ်ရှားမှုကိုမျိုသိပ်ထိန်းချုပ်ထားရမှန်း သူနားလည်သလို နှောင်းသိပါလေစ. . .

"မနက်ဘယ်အချိန်ရောက်မလဲ နှောင်း ပြော၊ ကိုကို လာကြိုမယ်"

"မနက်ကိုးနာရီခွဲ ဆယ်နာရီလောက် ပြန်ရောက်မှာပါ ဆောင်းလယ်ကာလဆိုတော့ မြူတွေသိပ်ကျနေလို့ပါ ကိုကို လေယာဉ်တောင်တွေနဲ့ တိုက်မိမှာစိုးလို့လေ"

နောက်တစ်နေ့နံနက်စောစော ရာသီဥတုပြန်လည်ကြည်လင်လာသဖြင့် လေယာဉ်ချောမောစွာပြန်ရောက်လာခဲ့





သည်။

သူ့ကိုနှောင်းပြောထားသည့်အချိန်ထက်စောပြီး လေယာဉ်ရောက်လာသောကြောင့် နှောင်းဘာသာတက္ကစီငှား ပြီး ပြန်လာခဲ့၏။

သူက လေဆိပ်သို့အသွား လမ်းမှာ လွဲသွားသည်။

"မြန်မြန်လေးမောင်းပါ ကားဆရာ၊ ကားခနှစ်ဆပေးမယ်"

သူမမင်္ဂလာပွဲက နေ့လယ်နှစ်နာရီမှာမို့ တော်ပါသေးသည်။ မှီနိုင်သေး၏။

သို့သော် ကံဆိုးချင်တော့ သူမစီးလာသည့်တက္ကစီကားဟာ အက်ဆီးဒန့်ဖြစ်ပြီး နှောင်းရိပ်ဝေ ရုတ်တရက် သေဆုံးသွားခဲ့လေသည်။

ထိုအချိန်မှစ၍ ဆူးသစ်အကြေကွဲဆုံး ကြေကွဲကာ အသည်းနှလုံးကြောင်းဆန်လောက်အောင် ခံစားခဲ့ရပြီး နောက်ဆုံး ရူးသွပ်သွားခဲ့ရသည်မဟုတ်ပါလား. . .

နှောင်းရိပ်ဝေသေဆုံးသွားသည့်အဖြစ်ကို ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်ဘဲ တစ်နေ့ပြန်ရောက်လာနိုးဖြင့် မသိစိတ်က မျှော်လင့်နေမြဲ၊ သိစိတ်ကိုဖုံးလွှမ်းပြီး တမ်းတခြင်းဝေဒနာတွေက သွေးရင်ထဲမှာ ပြည့်သိပ်နေရသည်။

ဘာလိုလိုနှင့် သုံးနှစ်နီးပါးရှိခဲ့ပေပြီ။

လေဆိပ်သို့မကြာခဏ အလွမ်းပြေလိုက်ပို့ပေးရတာ ပါ။

တစ်နေ့ . . . ပန်းရိပ်ထင်နှင့်ဆုံတွေ့ခဲ့ရပြီး နှောင်းနှင့် လူချင်းမှားခဲ့ရခြင်းပါ။

♥♥"နှောင်းလေး . . . နှောင်းလေး မင်းကိုပြန်တွေ့ခွင့်ရ ပြီးမှ ဘာကြောင့်များထွက်ပြေးသွားရတာလဲ နှောင်း လေးရယ် . . . ညနေ လေဆိပ်ကိုလာခဲ့မယ်၊ နှောင်း လေး ဘယ်မှထွက်မပြေးနိုင်အောင် ကိုကိုကိုယ်တိုင် လာကြိုပါ့မယ် နှောင်းလေးရယ် . . .

သူတစ်ယောက်တည်း တတွတ်တွတ်ပြောနေ၊ တမ်းတ နေမိပြီး ညနေလေဆိပ်သို့သွားရန် စိတ်စောလျက်ရှိနေသည်။

? ? ?





အပိုင်း (နှစ်)



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ထိုနေ့ညနေ။

လေယာဉ်ဆင်းသက်ချိန်နီးလေ ပန်းရိပ်ထင်ရင်ထဲ လှုပ်ရှားလေဖြစ်နေမိသည်။

သည်ကနေ့ညနေ ကိုကိုခိုင်မင်းက သူမကိုလာကြိုမည် တဲ့ . . .။

တကယ်လို့ ဟိုကိုဆူးသစ်တို့မောင်နှမပါ ရောက်လာကြမယ်ဆိုရင် . . .



www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်ထဲမှထွက်လိုက်သည်နှင့် သူမမျက်ဝန်းများက သူ့ကိုရှာဖွေနေမိသည်မဟုတ်ပါလား. . .

သို့သော် သူ့ကားကိုရုတ်တရက်မတွေ့ရသလို ကိုကို ခိုင်မင်းကားကိုလည်း မတွေ့ရပေ။

ထို့ကြောင့် သူမခဏရပ်စောင့်နေမိ၏။ ရပ်စောင့်နေရင်းသူမ၏ G.S.M မိုဘိုင်းလ်ဖုန်းလေးကို ပြန်ဖွင့်လိုက်သည်။

အလုပ်ချိန်တွင် ဖုန်းပိတ်ပြီး ပိုက်ဆံအိတ်ထဲတွင် ထည့်ထားခြင်းမှ ပြန်ဖွင့်နေခြင်းရယ်ပါ။

ဖုန်းကိုဖွင့်ပြီး နားမှာကပ်လိုက်သောအခါ message သွင်းထားသံကို ကြားလိုက်ရ၏။

"နှောင်းလေး"

ဖုန်းဖွင့်ဖွင့်ချင်း သူ့အသံကိုကြားလိုက်ရသောကြောင့် သူမမျက်လုံးပြူးသွားမိသည်။

"ကိုကို ဒီနေ့ညနေ နှောင်းလေးကိုလာကြိုမယ် သိလား ပြီးရင် ကိုကိုနဲ့နှောင်းလေး Oasis restaurant မှာ dinner သွားစားကြမယ်၊ ကိုကို့ကို စောင့်နေနော်"





ဟင်. . . သူလာမယ်ဆိုပါလား. . .

ထို့နောက် ဒုတိယ message ကိုကြားရ၏။

"ပန်းရိပ်. . . ပန်းရိပ်ကို ကိုယ်လာကြိုမယ်နော်၊ ကိုယ်လာမကြိုမချင်း ပန်းရိပ်စောင့်နေပါ"

ကိုကိုခိုင်မင်း၏ message ကို ကြားရသည်။

ဒါဆိုရင်တော့ သူတို့နှစ်ယောက် ဆုံကြတော့မယ်. . . ဒါဘယ်လိုလုပ်ရမလဲ. . .

သူမကြံရာမရဖြစ်နေစဉ် သူမအနီးထိုးရပ်လာသော ဆူးသစ်၏ Toyota corolla ကားလေးကို တွေ့လိုက်ရ၏။

ကားပေါ်မှဆူးသစ် ကမန်းကတမ်းပြေးဆင်းလာပြီး သူမနားသို့ လျှောက်လာသည်။

"နှောင်းလေး. . . နှောင်းလေး ကိုကို့ကိုစောင့်နေတာမဟုတ်လားဟင်၊ ကိုကိုလဲ ကားကိုမြန်မြန်မောင်းခိုင်းခဲ့တာပဲ၊ ဒါပေမယ့် လမ်းထဲမှာ Heavy traffic ဖြစ်နေလို့"

သူ့စကားကြောင့် သူမပြုံးလိုက်မိ၏။

ဒီလူက စိတ်သာနောက်နေတာ၊ စကားပြောတဲ့ နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ အတော်ကြီးကြီးကျယ်ကျယ် ပြောတတ်တဲ့လူပါပဲ။

"လာလေ. . . နှောင်းလေး၊ ကိုကိုတို့ ဒီကပြန်ရင်
Oasis မှာ dinner စင်စားကြမယ်"

ပြောပြောဆိုဆို သူမလက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်
ပြီး ခေါ်လိုက်သောကြောင့် သူမလန့်ဖျတ်ပြီး ရုန်းလိုက်မိသည်

"အို. . . ဒီလိုမလုပ်ပါနဲ့ လွှတ်ပါ"

"ကိုကို့ချစ်သူကို ကိုကိုလက်ကိုင်တာပဲ၊ ဘာကြော
လွှတ်ရမှာလဲ"

သူကပြောပြီး သူမလက်ကိုဆွဲ၍ ကားရှိရာခေါ်ဆော
လာခဲ့သည်။

"ကျွန်မလက်ကိုလွှတ်ပါ ကိုဆူးသစ်၊ ကျွန်မနှောင်းလေ
မဟုတ်ဘူး"

"ဘာ. . . နှောင်းလေးမဟုတ်ဘူး ဟုတ်လား၊ ကို
နှောင်းလေးကို ဘယ်လောက်ထိလွမ်းဆွေးတမ်းတခဲ့ရသ
နှောင်းလေးကို ပြန်တွေ့ရနိုးနဲ့ ဘယ်လောက်ထိ ရှာဖွေခဲ့ရသ
ဆိုတာ နားလည်မပေးနိုင်သေးဘူးလားကွာ၊ ကိုကို့ကို ချောင်း





နေဦးမှာလားဟင်"

သူတကယ်ခံစားနေရမှန်း သူ့မျက်ဝန်းများကို ကြည့်
ရှုင်ပင် သိနိုင်ပါ၏။

"ကိုကို့နောက်လိုက်ခဲ့ပါ နှောင်းလေးရယ် နော်"

အသနားခံသလို သူမလက်တစ်ဖက်ကိုဆုပ်ကိုင်ရင်း
သူပြောနေသောကြောင့် သူမတွေဝေနေမိသည်။

ထိုစဉ် သူမတို့နား ဝူးခနဲထိုးဆိုက်လာသော ကား
တစ်စီးကို တွေ့လိုက်ရ၏။

"ပန်းရိပ်လက်ကို အခုလွှတ်လိုက်စမ်း"

. . . ဆိုသည့်အသံနှင့်အတူ ထိုကားပေါ်မှ ဆင်းလာ
သော ကိုကိုခိုင်မင်းကို တွေ့လိုက်ရလေသည်။

ခိုင်မင်းက ပန်းရိပ်လက်ကို ဆုပ်ကိုင်ထားသည့် ဆူးသစ်
၏လက်ကို ဖြုတ်ချလိုက်ပြီး ရင်ဘတ်ကိုဆောင့်တွန်းပစ်လိုက်
၏။

"ဟေ့ကောင်. . . မင်းက ဘာကိစ္စ ပန်းရိပ်လက်ကို
ကိုင်ရတာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



မီးဝင်းဝင်းတောက်နေသည့် ခိုင်မင်း၏မျက်ဝန်းမှ
ကြောင့် သူမထိတ်လန့်သွားမိ၏။

"ဟော့ကောင်. . . ငါမေးနေတာ ဖြေစမ်း"

ဒေါသကြီးသည့် ခိုင်မင်းက ဆူးသစ်၏အင်္ကျီစ
ဆောင့်ဆွဲပြီး မေးသည်။

"မင်းက ဘယ်သူလဲ၊ နှောင်းလေးက ငါ့ချစ်သူ
သူ့လက်ကို ငါဆွဲတာ ဘာဖြစ်လဲ"

"ဘာမင်းချစ်သူလဲ ဟော့ကောင်၊ မင်းအရှုးထတို
ပန်းရိပ်နဲ့လာပတ်သက်နေစရာ မလိုဘူးကွ"

"ဘယ်က ပန်းရိပ်လဲ၊ ဒါ ငါ့ချစ်သူ ငါနဲ့လက်ထပ်
တဲ့ ငါ့ဇနီး နှောင်းရိပ်ဝေတဲ့၊ မင်းမသိရင်မှတ်ထား"

သူ့စကားကြောင့် ခိုင်မင်းဒေါသဖောင်းသွားပြီး သူ့မျက်
ကိုဆွဲထိုးလိုက်၏။

"ကဲကွာ. . . စကားရှည်ဦး"

ခိုင်မင်းလက်သီးချက်ပြင်းပြင်းကြောင့် ဆူးသစ်နော
သို့ လန်သွား၏။





"အို. . . ကိုကိုခိုင်မင်း၊ ဒီလိုမလုပ်ပါနဲ့"

သူမစိုးရိမ်ထိတ်လန့်ပြီး ခိုင်မင်းကိုတားဆီးလိုက်သည်။

ဆူးသစ်ကားပေါ်တွင်ထိုင်နေကြသော ဦးကြီးပွနှင့်
အိဇင်တို့လည်း ပြေးဆင်းလာကြသည်။

"ကိုကို့ကို မထိုးပါနဲ့"

ခိုင်မင်းက ဆူးသစ်ကို တစ်ချက်ပြီးတစ်ချက် ဆင့်၍
ဆင့်၍ထိုးနေသောကြောင့် အိဇင်က အော်ဟစ်တားဆီးလိုက်
၏။

"လူလေးကို မလုပ်ပါနဲ့၊ သူက စိတ်နောက်နေတာပါ"

ပြောရင်း ဦးကြီးပွက ဝင်ဆွဲလိုက်၏။

"တော်ပါတော့ ကိုကိုခိုင်မင်းရယ်၊ သူက စိတ်ဝေဒနာ
သည်ပါ"

ခိုင်မင်းလက်သီးချက်ကြောင့် နှာခေါင်းမှသွေးတွေစီးကျ
နေသည့် သူ့ကိုကြည့်ရင်း သူမရင်မှာ နင့်ခနဲခံစားလိုက်ရသည်။

"စိတ်ဝေဒနာသည်ဆိုပြီး မိန်းကလေးတစ်ယောက်
ကို ဆွဲလားရမ်းလားလုပ်နေတာ ကောင်းသလား ပန်းရိပ်၊



www.burmeseclassic.com

www.burmeseclassic.com



တော့ကောင်. . . မင်းကြပ်ကြပ်သတိထားပါ၊ နောက်နောင် ပန်းရိပ်နဲ့ လုံးဝမပတ်သက်ပါနဲ့"

"မင်းက ဘာကောင်လဲ၊ မင်းကို ငါလုံးဝဂရုမစိုက်ဘူး နှောင်းလေး. . . ကိုကိုနဲ့လိုက်ခဲ့ပါကွာ၊ ကိုကိုနဲ့လိုက်ခဲ့ပါ"

ဦးကြီးပွဲဆွဲခေါ်သည့်နောက်သို့ပါသွားရင်း ဆူးသစ်ကို အော်ပြောနေ၏။

ခိုင်မင်းကြောင့် အညိုအမည်းစွဲသွားသည့် သူ့မျက်နှာကို ငေးကြည့်ရင်း သူမရင်ထဲထိခိုက်နေမိလေသည်။

သူတို့ကားလေးထွက်သွားတာကို ငေးမောနေမိစဉ် ကိုကိုခိုင်မင်းက သူမလက်မောင်းတစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး ကားရှိရာဆွဲခေါ်လာခဲ့၏။

"ဝင်စမ်း ကားထဲကို"

ပြောပြီး သူကမောင်းသူနေရာတွင်ဝင်ထိုင်၍ ကားကို ဒေါသတကြီးမောင်းထွက်လာခဲ့၏။

"ဒီမှာ ပန်းရိပ်၊ အဲဒီလူနဲ့မင်း ဘယ်လိုတွေပတ်သက် နေသလဲ ပြောစမ်း"





"- - - - - - - - - -"

"ငါမေးနေတယ်လေ၊ မင်းမဖြေဘူးလား"

"ကိုကိုသိပ်ရက်စက်တာပဲ"

"ဘာ"

"ဘာမှမသိနားမလည်တဲ့ စိတ်ဝေဒနာသည်တစ်ယောက်ကို သည်လောက်ထိနာကျင်အောင်ထိုးဖို့ မကောင်းပါဘူး"

"ဘာ. . . ဘာမှမသိနားမလည်တဲ့ စိတ်ဝေဒနာသည် ဟုတ်လား၊ နားမလည်ပေလို့ပဲနော်၊ နားသာလည်ရင် ဒီလိုလူနဲ့ မင်းတော့ လွယ်မှာမဟုတ်ဘူး"

"အဲဒီလိုမပြောပါနဲ့ ကိုကိုခိုင်မင်းရယ်"

"ဘာလဲ မင်းက ဒီလူ့ကိုထိတာနဲ့ ဒီလောက်နာနေပုံထောက်တော့ ဒီလူ့ကိုသံယောဇဉ်တွယ်နေပြီလား"

သူမဘာမှပြန်မဖြေမိဘဲ ကိုကိုခိုင်မင်းထိုးတာခံလိုက်ရသည့် သူ့အကြောင်းတွေးနေမိ၏။

"တိတ်ဆိတ်ခြင်းဟာ ဝန်ခံခြင်းတဲ့နော် ပန်းရိပ်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သံယောဇဉ်ဖြစ်နေပြီ မဟုတ်လား"

"အဲဒီလို မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

"ပန်းရိပ် သူ့ကိုသနားမိတာပါ"

"သနားတယ်ဆိုတာ ချစ်တာထက်ပိုပြီးအန္တရာယ်ကြီးတယ်၊ ဒါကို မင်းနားမလည်ဘူးလား၊ သနားရာက ချစ်မိသွားရင် ဘယ်နှဲ့လုပ်မလဲ၊ ကိုကို မင်းကို လုံးဝမစွန့်လွှတ်နိုင်ဘူးနော် ပန်းရိပ်၊ ဒီလူကြောင့် ကိုကိုတို့ရဲ့ အနာဂတ်မှာ အနှောင့်အယှက် မဖြစ်စေချင်ဘူး"

"- - - - - - -"

"ပြီးတော့ မင်းသိထားရမှာက သူစွဲလမ်းရူးသွပ်နေတဲ့ သူဟာ မင်းမဟုတ်ဘူးနော် ပန်းရိပ်၊ သူ့ချစ်သူ နှောင်းလေး အဖြစ်နဲ့ မင်းကို စွဲလမ်းနေတာ"

နိုင်မင်းစကားကြောင့် သူမတွေဝေသွားမိသည်။

သူစွဲလမ်းနေတဲ့သူဟာ ပန်းရိပ်မဟုတ်မှန်း ပန်းရိပ် နားလည်နေမိတာတော့ အမှန်ပါပဲ။





တစ်လမ်းလုံး နိုင်မင်းကို စကားတစ်ခွန်းမှမပြောဖြစ်တော့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ပန်းရိပ်ပါလာခဲ့သည်။

သူမရင်ထဲတွင် ဆူးသစ်အကြောင်းများ ပြည့်နှက်နေလေသည်။

ဦးကြီးပွဲဆွဲခေါ်သည့်နောက် ယက်ကန်ယက်ကန်ဖြင့် ပါသွားရင် သူမကိုတတွတ်တွတ်အော်ခေါ်သွားသည့် သူ့ပုံစံကို သူမမျက်ဝန်းတွေထဲမှ ရုတ်တရက်ဖျောက်ဖျက်ပစ်၍ မရနိုင်တော့ပေ။

❄❄❄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ထိုနေ့ည အိမ်ပြန်ရောက်တော့ သူမစိတ်မကောင်းဖြစ်နေမိသည်။

ထမင်းလည်း ကောင်းကောင်းမစားနိုင်ပေ။

"ပန်းရိပ်. . . စားတာနည်းလှချည်လား"

"ပန်းရိပ်သိပ်နေမကောင်းလို့ပါ မေမေ"

သူမက သည်လိုပြောတော့ ကိုကိုခိုင်မင်းက သူမကြည်မလင်လှမ်းကြည့်လိုက်ပြီး. . .





"နေမကောင်းတာလား စိတ်မကောင်းတာလား"ဟု လှမ်းမေးသည်။

သူမဘာမှပြန်မဖြေချင်တာကြောင့် ထမင်းစားခန်းမှ ထွက်လာခဲ့ပြီး အိမ်ပေါ်ထပ်သို့တက်လာခဲ့သည်။

"နေပါဦး ပန်းရိပ်"

လှေကားလက်ရန်းပေါ်တင်ထားသည့် သူမ၏လက်တစ်ဖက်ကိုဆုပ်ကိုင်ပြီး ခိုင်မင်းတားဆီးလိုက်၏။

"ကိုကိုခိုင်မင်း ဘာပြောစရာရှိလို့လဲ"

"ကိုယ်ဒီညအရေးကြီးကိစ္စတစ်ခုနဲ့ ခရီးထွက်ရမယ်၊ အဲဒါ ပန်းရိပ်နဲ့စကားခဏလောက်ပြောချင်လို့၊ ခြံထဲခဏသွားထိုင်ကြရအောင်"

သူမ သက်ပြင်းရှိုက်လိုက်မိသည်။

"ပန်းရိပ်ခေါင်းနည်းနည်းကိုက်နေလို့ပါ ကိုကိုခိုင်မင်း၊ ကိုကိုခိုင်မင်းပြောစရာရှိရင် ဒီမှာပဲပြောပါလား"

"လှေကားပေါ်မှာ ဘယ်လိုပြောရမှာလဲ ပန်းရိပ်ရဲ့ ဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



သူက ပန်းရိပ်လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ပြီး ဝရံတာရှိရာ ခေါ်လာခဲ့သည်။

ဝရံတာရောက်တော့ ပန်းရိပ်ပခုံးနှစ်ဖက်ကို အသာအယာဆုပ်ကိုင်ပြီး ပန်းရိပ်မျက်နှာလေးကို သေချာစိုက်ကြည့်သည်။

"ပန်းရိပ်"

"ပြောပါ ကိုကိုခိုင်မင်း"

"ဒီတစ်ခါ ကိုကိုခရီးထွက်ရမှာ တစ်လလောက်ကြာမယ်ထင်တယ်၊ ပန်းရိပ်ကိုထားခဲ့ရမှာ ကိုကိုစိတ်မချဘူးကွာ ကဲ. . . ပြောစမ်း၊ ပန်းရိပ်ကို ကိုကိုစိတ်ချရမှာလား"

"စိတ်မချစရာ ဘာရှိလို့လဲ ကိုကိုခိုင်မင်းရဲ့"

"သိပ်ရှိတာပေါ့ကွာ၊ ဟိုစိတ်မနှံ့တဲ့လူနဲ့. . ."

"တော်ပါတော့ ကိုကိုရယ်"

သူ့လက်တွေကိုပုတ်ထုတ်ရင်း စိတ်ရှုပ်သလို သူမပြောလိုက်သည်။

"ကိုကိုလဲသိပ်မပြောချင်ပါဘူး၊ ဒါပေမယ့် ကိုကိုမရှိတဲ့





ချိန်မှာ သူနဲ့မင်းရင်းနှီးသွားမှာ စိုးရိမ်ရတယ်လေ၊ ဒါကြောင့် ယ်က ပြောနေရတာ"

သူ့စကားများကြောင့် သူမရင်ထဲတင်းကြပ်သလိုဖြစ်လာ း သူ့ကိုကျောခိုင်းထားလိုက်မိ၏။

သူက သူမပခုံးနှစ်ဖက်မှဆုပ်ကိုင်၍ သူမကိုယ်လေးကို လှည့်လိုက်ပြီး. . .

"ဒီမှာ ပန်းရိပ်၊ ကိုကို့မျက်နှာကိုမကြည့်ချင်တော့ဘူး ား၊ ကိုကို့ကိုမျက်နှာလွှဲထားရလောက်အောင် ဟိုစိတ်ဝေဒနာ ည်က မင်းရင်ထဲမှာ နေရာယူနေပြီလား"

ခိုင်မင်းအသံတွေ တုန်ယင်နေ၏။

သူမကို သူ အလွန်သဝန်တိုနေပြီဖြစ်ကြောင်း သူမ းလည်နေမိသည်။

"ကိုကိုခိုင်မင်း ဘာတွေလျှောက်မေးနေတာလဲ၊ ပန်းရိပ် ဖြေတတ်တော့ဘူး"

"မင်းမဖြေတတ်တော့ဘူးဆိုရင် ကိုကိုပဲပြောတော့မယ်၊ ကိုခရီးသွားနေတဲ့ရက်မှာ မင်းနဲ့သူလုံးဝမပတ်သက်ရဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား၊ ကိုယ်ပြန်လာလို့ ရှုပ်ရှုပ်ယှက်ယှက်သတင်းတွေ ကြားရင် ကိုယ့်အဆိုးမဆိုနဲ့”

“ပန်းရိပ်အနားယူပါရစေတော့ ကိုကိုခိုင်မင်း”

သူမဆက်လက်နားမထောင်ချင်သောကြောင့် တော ပန်သလို ပြောလိုက်သည်။

သူမပခုံးပေါ်မှ သူ့လက်တွေကိုဖယ်ပေးလိုက်သည်နှ သူ့နားမှ သူမလှည့်ထွက်လာခဲ့သည်။

သူ့ကိုလုံးဝလှည့်မကြည့်တော့ဘဲ သူမအိပ်ခန်းရှိ လျှောက်လာခဲ့မိသည်။

တစ်နေ့လုံးပင်ပန်းလာသဖြင့် ခုတင်ပေါ် သူမပစ် လိုက်သည်။

ရင်ထဲတွင် ဘာကြောင့်မှန်းမသိ တင်းတင်းကြပ်ကြ ခံစားနေရ၏။

ကိုကိုခိုင်မင်း၏အနှောင်အဖွဲ့တွေကြားက ဘယ်တေ များမှ လွတ်မြောက်နိုင်မှာပါလိမ့်. . .

သူမတွေးနေမိစဉ် ခြံထဲမှကားမောင်းထွက်သွားသံ





ကြားလိုက်ရ၏။

ဩော်. . . ကိုကိုခိုင်မင်း ခရီးထွက်သွားပြီထင်ပါရဲ့. .

စိတ်ထဲအနည်းငယ်ပေါ့ပါးသွားသလိုပါပဲလား. . .

ညနေက ကိုကိုခိုင်မင်းအထိုးအကြိတ်ခံသွားရသော သူ့ကို ပြန်လည်မြင်ယောင်နေမိပြန်သည်။

ခုချိန်ဆို သူဘယ်ဘယ်လိုများနေလိမ့်မလဲ. . .

ခိုင်မင်း၏လက်သီးချက်ကြောင့် နှာခေါင်းမှ သွေးတွေ းကျနေသည့် သူ့အကြောင်းပြန်တွေးမိတိုင်း သူမရင်ထဲမှာ နာကျင်သလိုခံစားနေရ၏။

ချောမောခန့်ညားသည့် သူ့ရုပ်သွင်ကို သူမမေ့ဖျောက် ရနိုင်ဘဲဖြစ်နေမိသည်။

အခုချိန်ဆို သူဘာလုပ်နေမလဲ. . . သူတစ်ယောက် တည်း ကြိတ်မှိတ်ခံစားနေရရှာမလား. . .

သူမရင်ထဲမှ သူ့အပေါ်ဂရုဏာဖြစ်မိသည့်စိတ်ကို ဘယ်လိုမှတားဆီးမရနိုင်ပေ။

မှန်တင်ခုံပေါ်တင်ထားသည့် မိုဘိုင်းလ်ဖုန်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းယူလိုက်ပြီး နံပါတ်အချို့ကိုနှိပ်လိုက်မိသည်။

သူမမှားသလား. . . မှန်သလားမသိပါ။

"ဟယ်လို"

တစ်ဖက်မှ မိန်းကလေးတစ်ယောက်၏ပြန်ထူးသံ ကြားရ၏။

"အိဇင်လားဟင်"

"ဟုတ်ပါတယ်၊ ဟင်. . . မမ မမပန်းရိပ်ထင်လားဟင်"

"ဟုတ်ပါတယ်ကွယ်"

"ဝမ်းသာလိုက်တာ မမရယ်၊ အခုပဲ အိဇင်မမဆီဆက် တော့မလို့၊ ကိုကိုလေ. . . ကိုကို. . ."

"ဟင်. . . ကိုဆူးသစ် ဘာဖြစ်လို့လဲ"

အိဇင်ထိတ်ထိတ်ပျာပျာအသံကြောင့် သူမစိုးရိမ်ပူပန် သွားမိ၏။

"သူ. . . သူရောဂါတွေတအားတက်နေတယ် မမ ညနေက မမရဲ့ကိုကိုခိုင်မင်းဆိုတဲ့လူကို အရမ်းဒေါသထွက်နေ တယ်၊ ပြီးတော့ ဦးကြီးပွဲဆွဲထားတာနဲ့ အဲဒီမမအစ်ကိုကို ပြန်





မထိုးလိုက်ရလို့ ဦးကြီးပွဲကိုလဲ ဒေါသထွက်နေတယ်၊ ပြီးတော့ လဲလေ မမနာမည်ကို တတွတ်တွတ်ခေါ်နေတယ်"

"ညနေက ကိုစွအတွက် မမတကယ်ပဲစိတ်မကောင်း ပါဘူး ညီမလေးရယ်၊ အဲဒီအတွက် ကိုကိုခိုင်မင်းအစား မမကပဲ တောင်းပန်ပါတယ်ကွယ်"

"ကိုစွမရှိပါဘူး မမ၊ အိဇင်တို့ဆီ မမဖုန်းဆက်တာကိုပဲ ဝမ်းသာလှပါပြီ၊ ကိုကိုနဲ့ခဏစကားပြောလိုက်ပါလားဟင်၊ ကိုကို အခုအရမ်းစိတ်ထိခိုက်နေတယ်"

"ကောင်းပြီလေ. . . သူ့ကိုဖုန်းပေးလိုက်ပါ"

သူမဦးစားပြီးမှ ပြောလိုက်သည်။

"ဒါဖြင့် အိဇင်ကိုကို့အခန်းထဲက Cordlessကို လွှဲပေး လိုက်မယ်နော်"

"ကိုကိုရေ. . . ကိုကို၊ ကိုကို့အခန်းထဲက Cordless phone ကို ကိုင်လိုက်ပါ"

အိဇင်အသံကို ဖုန်းထဲမှတဆင့်ကြားနေရ၏။

"ဟယ်လို. . . ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



အသံမှာမာဖြင့် သူထူးသံကိုကြားနေရသည်။

"ကိုဆူးသစ်လား. . . ကျွန်မပါ"

"ဟင်. . . ကျွန်မဆိုတာ. . ."

"ဟို. . . ဟို. . . နှောင်းလေးပါ"ဟု သူမအရဲစွန့်ပြီး ပြောလိုက်မိသည်။

သူ့ရောဂါဝေဒနာသက်သာရန်အတွက် သူမဘက်က တတ်နိုင်သလောက် အကူအညီပေးချင်မိသည်မဟုတ်ပါ လား. .

"ဟင်. . . နှောင်းလေး၊ နှောင်းလေး. . . ဟုတ်လား နှောင်းလေး ကိုကို့ဆီဖုန်းဆက်တယ်၊ ကိုကိုပျော်လိုက်တာကွာ ပျော်လွန်းလို့ နှစ်ပတ်ဂျွမ်းတောင် ပစ်လိုက်ချင်တယ်"

သူ့အသံက ချက်ချင်းပြောင်းလဲသွားပြီး လိုက်လှဲတုန် ယင်သွား၏။

"ကိုကိုလေ နှောင်းလေးကို သိပ်သတိရနေတာ၊ ညနေ က နှောင်းလေးနဲ့ကိုကို dinner သွားစားကြမလို့၊ အစီအစဉ်ပျက် သွားတယ်ကွာ၊ ဒါနဲ့ နေပါဦး၊ ညနေက နှောင်းလေးကို ကိုကို့ခေါ်





ကခေါ်သွားတဲ့လူက ဘယ်သူလဲ၊ ကိုကို့ကို ပြောစမ်း၊ သူ့ကို ကိုကိုသတ်ပစ်ချင်လိုက်တာ"

"ဟို. . . သူက နှောင်းအသိမိတ်ဆွေတစ်ယောက်ပါ"

"ဟုတ်ရဲ့လား နှောင်းလေး၊ သူ့ကြောင့် ကိုကို့ကို မင်း စိမ်းကားနေတာမဟုတ်လား"

"မဟုတ်ရပါဘူး ကိုကိုရယ်"

သူ့စိတ်ချမ်းသာစေရန် သူမအလိုက်အထိုက်ပြန်ပြော နေမိသည်။

"နှောင်းလေး အခုဘယ်မှာလဲ၊ ကိုကိုအခုလာခေါ်မယ်၊ နှောင်းလေးကို ကိုကိုသိပ်တွေ့ချင်တယ်"

"အခုလာတွေ့လို့ ဘယ်ရပါ့မလဲ ကိုကိုရဲ့"

"ဘာဖြစ်လို့လဲ"

"နှောင်းက အိမ်မှာလေ"

"ဒါဖြင့် ဘယ်တော့တွေ့ရမှာလဲ. . . ပြော"

"မနက်ဖြန်ညနေ"

သူမတွေဝေစဉ်းစားနေမိပြီးမှ ဖြေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ နှောင်းလေးရယ်၊ ကိုကိုသိပ်ဝမ်းသာတာပဲ၊ မနက်ဖြန်ကျမှ နှောင်းလေးနဲ့အပြတ်လျှောက်လည်ပစ်မယ်"

ဖုန်းခွက်ကိုကိုင်ပြီး သူမငြိမ်သက်နေမိ၏။

ကိုကိုခိုင်မင်း သည်လောက်တားမြစ်ခဲ့တဲ့ကြားထဲက သူနဲ့တွေ့ဖို့ ချိန်းထားခဲ့မိတာ မှားများမှားသွားပြီလား. . .

ဘာဖြစ်လို့များ သူ့ကိုငါ သနားပြီးအလိုလိုက်နေမိပါလိမ့်. . .

"နှောင်းလေး. . . ကိုကို့ကို စကားပြောဦးလေ၊ နှောင်းလေးအသံကို ကိုကိုကြားချင်တယ်"

"ပြောစရာသိပ်မရှိတော့ပါဘူး"

"ဒါဖြင့် ချစ်တယ်လို့ပြော"

"အို. . ."

သူ့စကားကြောင့် သူမရင်ခုန်လှုပ်ရှားသွားမိ၏။

"ပြောလေ. . . ကိုကို့ကိုချစ်တယ်လို့"

"မပြောချင်ပါဘူး၊ ကဲ. . . နှောင်းလေးဖုန်းချလို





တော့မယ်နော် ကိုကို၊ နက်ဖြန်ညနေမှ တွေ့ကြတာပေါ့"

"နေပါဦးကွာ"

သူမဖုန်းပိတ်ပစ်လိုက်၏။

ရင်ထဲတွင် ဘာကြောင့်မှန်းမသိ၊ လှုပ်ရှားလွန်းလှသည်။

သူနဲ့ဘာကြောင့်များ သွားပြီးပတ်သက်နေမိပါလိမ့်...

သူမကိုယ်သူမ စိတ်ဆိုးနေမိသည်။

သို့သော် မနက်ဖြန်ညနေ သူနဲ့တွေ့ရမှာကိုတွေးပြီး ရင်ခုန်နေမိတာ အံ့သြစရာရယ်ပါ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

နောက်တစ်နေ့ ညနေ။

သူမချိန်းထားသည့်အတိုင်း သူက သူမအလုပ်ဆင်းခ
ချိန်တွင် လာစောင့်နေ၏။

သူမလေဆိပ်ထဲမှ ထွက်လာသည်နှင့် သူကကားပေါ်မ
ပြေးဆင်းလာပြီး သူမနား ကမန်းကတမ်းလျှောက်လာသည်

"နှောင်းလေး. . . ကိုကိုစောင့်နေတာကြာလှပြီ အချ
ရယ်"

ပြောပြောဆိုဆို သူမပခုံးတစ်ဖက်ကို ဖက်လိုက်သေ
ကြောင့် သူ့လက်ကိုသူမအသာဖယ်လိုက်ပြီး. . .

"လေယာဉ်ဆင်းတာ နည်းနည်းနောက်ကျလို့ပါ ကိုက





"လာ. . . နှောင်းလေး၊ ကိုကို့ကားနဲ့လိုက်ခဲ့ရမယ်"

သူကပြောပြီး သူမလက်ကိုဆွဲကာ ကားရှိရာသို့ ခေါ်သည်။

"နေပါဦး ကိုကို၊ ကျွန်မဒီနေ့ ကိုကို့ကိုကော်ဖီတိုက်မလို့၊ ကိုကိုကော်ဖီကြိုက်တယ်မဟုတ်လား"

"ဟင်. . . နှောင်းလေးကလဲ၊ ကိုကို့အကြိုက်တွေ တောင် မေ့နေပြီလားကွာ၊ ကိုကိုကော်ဖီမှမသောက်တာ"

"ဒါဖြင့် ဘာကြိုက်လဲ၊ ကိုကိုကြိုက်တာသောက်ပေါ့၊ ဒီ Oasis မှာ ကျွန်မလိုက်တိုက်မယ်"

"Good idea ပဲ၊ လာ. . . သွားကြစို့"

သူက သူမလက်တစ်ဖက်ကိုဆုပ်ကိုင်ကာ ကားနားမှ လှည့်ထွက်လာတော့ ကားထဲတွင်ထိုင်နေသော အိဇင်က. . .

"ကိုကို. . . ကိုကိုတို့ ဘယ်သွားကြမလို့လဲ"

"ငါတို့ Oasis မှာ တစ်ခုခုသွားစားကြမလို့"

"အိဇင်ပါလိုက်ခဲ့ပါလား"ဟု သူမကပြောတော့ သူက

"သူ့ကိုမခေါ်ပါနဲ့၊ ကိုကိုတို့နှစ်ယောက်ထဲသွားစားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် သူက သူမလက်ကိုဆွဲကာလှည့်ထွက်လာခဲ့သောကြောင့် သူမက အိဇင်ပါလိုက်ခဲ့ရန် မျက်နှာရိပ်မျက်နှာကဲ လှမ်းပြလိုက်၏။

အိဇင်က သူမတို့နောက်မှ မသိမသာ ကပ်လိုက်လာခဲ့သည်။

ဆိုင်ထဲရောက်တော့ သူနှင့်သူမ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ကိုကိုဘာသောက်မလဲ"

"ကိုကိုဘာကြိုက်တတ်သလဲဆိုတာ နှောင်းလေးပြောပါလား"

သူ့အမေးကြောင့် သူမဘာပြန်ဖြေရမှန်းမသိ ဖြစ်နေ၏

"ဩော်. . . နှောင်းလေးက ကိုကို ဘာကြိုက်တတ်သလဲဆိုတာတောင် မေ့ပစ်လိုက်ပြီကိုး"

ပြောပြီး သူ့မျက်နှာညှိုးကျသွား၏။

သူ့ကိုကြည့်ပြီး သူမစိတ်မကောင်းဖြစ်သွားမိသည်။

တကယ်တော့ သူချစ်သူက လေယာဉ်မယ်တစ်ယောက်မို့ သူမနှင့်သူချစ်သူမှားပြီး သူမကိုစွဲလမ်းနေမှန်းသိတာကလွဲ၍





သူတို့အကြောင်း တခြားဘာမှသိခွင့်မရသေးပေ။

"တော်ပြီ. . . နှောင်းလေး၊ ကိုကို ဘာမှမသောက်ချင်တော့ဘူး"

သူစိတ်မကောင်းဖြစ်ပြီး ချက်ချင်းထပြန်ရန် ဟန်ပြင်တော့ သူမတားဆီးလိုက်၏။

"အို. . . ကိုကိုကလဲ၊ နေပါဦး နှောင်းလေးက နောက်တာပါ။ကိုကိုဘာကြိုက်တတ်တယ်ဆိုတာ နှောင်းလေးသိပါတယ်၊ ကိုကိုကြိုက်တာ tea လေ၊ ဟုတ်တယ်မဟုတ်လား"

---ကော်ဖီမဟုတ်ရင်လက်ဖက်ရည်ပေါ့။ ဒါပဲရှိတာပဲ။

"ဟုတ်တယ်၊ နှောင်းလေးကလဲကွာ၊ မှတ်မိရဲ့သားနဲ့"

သူမမှန်းပြီးဖြေလိုက်တာမှန်သွား၍ တော်ပါသေးသည်။

သူမတို့ကော်ဖီနှင့်လက်ဖက်ရည်တစ်ခွက်စီ မှာလိုက်ကြပြီး Cheese cake မှာသည်။

ကော်ဖီဆိုင်ထဲရှိ သူတို့နှင့်ခပ်လှမ်းလှမ်းစားပွဲတစ်လုံးမှာထိုင်ပြီး အိဇင်က သူတို့ကိုအကဲခတ်လျက်ရှိသည်။

"ကိုကိုနဲ့ အခုလို အတူရှိနေရတာ ပျော်သလား နှောင်းလေး"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်ထားသည့် သူမလက်ဖမိုးလေးတစ်ဖက်ကို အုပ်ကိုင်ပြီး သူကမေးသည်။

"ပျော်ပါတယ်"

"ကိုကိုတော့ သိပ်ပျော်တာပဲ၊ ကိုကိုတို့မင်္ဂလာပွဲလုပ်ကြပါစို့နော်၊ နှောင်းလေးပျောက်သွားတဲ့နေ့ကစပြီး ကိုကိုတစ်ယောက်တည်း အထီးကျန်ခံစားနေရတာ ဒီနေ့အထိပါပဲကွာ ကိုကို့ကို မသနားဘူးလားဟင်"

သူမမျက်နှာကိုငေးစိုက်ကြည့်ပြီး လေးလေးနက်နက်မေးတော့ သူမအနေရခက်နေ၏။

သူဆုပ်ကိုင်ထားသည့် လက်ကိုရုန်းဖယ်လိုက်ပြီး ငြိမ်သက်နေမိသည်။

"ဖြေပါဦး နှောင်းလေး၊ ကိုကို့ဝေဒနာတွေကို ကိုယ်ချင်းမစာတော့ဘူးလားကွာ၊ ကိုကို့ကိုမချစ်တော့ဘူးလား နှောင်းလေးရယ်၊ ကိုကို့ကို မချစ်တော့ဘူးလား"

သူက အားမလိုအားမရအမူအရာဖြင့် သူမလက်ကိုပြန်ပြီး ဆုပ်ကိုင်တော့ သူမဆောင့်ရုန်းလိုက်ပြီး. . .

"ဒီလိုတွေအတင်းအကျပ်လုပ်ရင် ကျွန်မစိတ်ဆိုးလိုက်





ဘနော် ကိုဆူးသစ်၊ ရှင့်ကို သနားလို့ရှင်နဲ့လာတွေ့ခဲ့တာ၊ ဒီလိုတွေ မလုပ်ပါနဲ့"

သူမတို့နှစ်ယောက်၏အခြေအနေကို နားလည်သလို အိဇင်ထိုင်ရာမှ ထလာခဲ့သည်။

"ပြန်ကြရအောင် ကိုကို၊ မမကိုအားနာစရာကောင်းနေပြီ"

"ဟင်. . . နင်ကဘယ်ကဘယ်လို ဒီကိုရောက်နေရတာလဲ"

သူက အခုမှ အိဇင့်ကိုတွေ့သဖြင့် ဒေါပွသွားပုံရ၏။

"နင့်ကို လိုက်မလာဖို့ ပြောထားရဲ့သားနဲ့"

"ကဲပါ ကိုကိုရယ်. . . ပြန်ကြရအောင်နော်. . . လာ"

အိဇင်ကသူ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ပြီး ခေါ်သည်။

"မပြန်ဘူး. . . လုံးဝမပြန်ဘူး၊ နှောင်းလေး ကိုကိုမေးတာ ဖြေပါ၊ ကိုကို့ကို မင်းမချစ်တော့ဘူးလား"

"အို. . . ကိုကိုကလဲ၊ မမအနေရခက်အောင်မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမကို အားနာနေသည့်အမူအရာဖြင့် အိဇင်ပြောလိုက်၏။

"ဖယ်စမ်း အိဇင်၊ ငါရှင်းရှင်းလင်းလင်းသိချင်တယ် ငါ့ကို နှောင်းလေးမချစ်တော့ဘူးဆိုရင် ငါသေရလိမ့်မယ် နှောင်းလေး. . . ကိုကို့ကို တကယ်ပဲမချစ်တော့ဘူးလား"

သူမအဖြေရခက်နေ၏။ မျက်နှာလည်း မထားတတ် လောက်အောင် ရှက်ရွံ့နေမိလေသည်။

"မဖြေဘူးဆိုရင် မင်း ကိုကို့ကို မချစ်တော့လို့ပဲပေါ့ ဟိုနေ့က အကောင်က မင်းရဲ့အချစ်သစ်မဟုတ်လား၊ ပြောစမ်း . . . အဲဒီကောင်နဲ့ဘယ်တုန်းက တွေ့ခဲ့ကြတာလဲ"

သူစိတ်ရှူးပေါက်လာပြီး သူမပခုံးကို ဆွဲခါလှုပ်ယမ်း လျက်မေးနေသောကြောင့် သူမစိတ်ဆိုးဆိုးဖြင့် သူ့ရင်ဘတ်ကို တွန်းပစ်လိုက်သည်။

"ရှင်သိပ်လွန်လာပြီ"

"ကိုကိုရယ်. . . အိဇင်ပြောသားပဲမဟုတ်လား၊ မနေ့ တွေ့ရင် ဒီလိုကြမ်းကြမ်းတမ်းတမ်း မဆက်ဆံရဘူးလို့၊ အိဇင် အနူးအညွတ်တောင်းပန်ပါတယ်. မမရယ်နော်"





"ရပါတယ်. . . မမပြန်တော့မယ်"

"ဟင့်အင်း. . . နှောင်းလေး မပြန်ရဘူး၊ မပြန်ရဘူး၊ ကိုကိုနဲ့ပြန်လိုက်ခဲ့ရမယ်"

အိဇင်တားဆီးထားသည့်ကြားမှ သူမနောက်သို့ သူက အတင်းအကြပ်ပြေးလိုက်လာသည်။

ဆိုင်ထဲတွင် လူသိပ်မရှိသော်လည်း သူမက လေယာဉ် မယ်တစ်ယောက်မို့ ရှက်သွေးမွှန်ထူသွားမိ၏။

ထိုစဉ် ဦးကြီးပွရောက်လာပြီး သူ့လက်များကို ချုပ် ကိုင်တားဆီးလိုက်သည်။

"ဟေ့ကောင်. . . မင်းငြိမ်ငြိမ်နေစမ်း၊ ပြောမရရင် မင်းကိုငါရိုက်ရလိမ့်မယ်"

သူမက သူတို့ကိုကျောခိုင်းပြီး ဆိုင်ထဲမှထွက်လာခဲ့၏။

သူက ဦးကြီးပွလက်ထဲတွင် ရုန်းကန်အော်ဟစ်ရင်း ကျန် ရစ်ခဲ့လေသည်။

"နှောင်းလေး. . . နှောင်းလေး၊ မသွားရဘူး၊ မသွား ပါနဲ့၊ ကိုကို့ဆီပြန်လာခဲ့ပါ၊ ကိုကိုမှားပါပြီကွာ၊ ကိုကို့ဆီ ပြန်လာ ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံသည် သူမနှင့်တစ်စစ ဝေး၍ ဝေး၍ ကျန်ရ
ခဲ့၏။

ငါသိပ်မှားတာပဲ. . . တကယ်ဆို ကိုကိုခိုင်မင်း တားမြ
ထားတဲ့ကြားထဲက သူနဲ့ငါ လာမတွေ့သင့်ဘူး။

အော်ဟစ်ငိုယိုပြီး ကျန်ရစ်ခဲ့သော သူ့ကိုပြန်လည်မြ
ယောင်မိပြန်တော့လည်း သနားမိပြန်သည်။

သူ့ကိုကြောက်သည့်စိတ်နှင့် သနားသည့်စိတ်နှစ်ခု
သူမရင်ထဲတွင် လွန်ဆွဲလျက်ရှိသည်။

ဩော်. . . ကိုဆူးသစ်ဆိုတဲ့လူရယ်. . .

ရှင်နဲ့ကျွန်မ မဆုံခဲ့ကြရင် သိပ်ကောင်းမှာပဲ. . . အ
တော့ ရှင့်ကို ကျွန်မ သံယောဇဉ်ဖြစ်နေမိပြီထင်ပါရဲ့. . .

သူ့အကြောင်းကို မေ့ဖျောက်ပစ်ရန် သူမအပြင်းအထ
ကြိုးစားနေမိ၏။

သို့သော်. . .

☺☺☺





## အခန်း(၄)

နောက်သုံးရက်ခန့်အကြာ။

“လေယာဉ်ထွက်တော့မယ်လေ ပန်းရိုပ်၊ ဖုန်းဆက်ဦးမလို့လား”

သူမနှင့်အလုပ်အတူလုပ်သည့် လေယာဉ်မယ်လေးက သူမကိုလှမ်းပြောလိုက်ခြင်းပါ။

သူမက ပိတ်ထားပြီးဖြစ်သည့် mobile phone လေးတို့ ဖွင့်နေသောကြောင့် လေယာဉ်မယ်လေးကေဇင်တာ ပြောနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ဆီ ခဏဖုန်းဆက်မလို့ပါ ကေဇင်၊ မနက်က ရေချိုးခန်းထဲမှာ နာရီမေ့ကျန်ရစ်ခဲ့လို့ ပျောက်သွားမှာစိုးလို့"

"ဩော်. . . ဒါဖြင့် ကေဇင်လေယာဉ်ပေါ်တက်နှင့် တော့မယ်နော်"

"ကောင်းပြီ ကေဇင်"

အိမ်မှာက အိမ်ဖော်ကောင်မလေးများရှိသည်မို့ Longines နာရီအကောင်းစားလေးပျောက်သွားမှာ စိုးမိလေ သည်။

မေမေ့ထံဖုန်းဆက်ရန် ဖုန်းဖွင့်လိုက်သည်နှင့် message ဝင်နေကြောင်း သိလိုက်ရ၏။

"ဟယ်လို မမပန်းရိပ်ထင်၊ မမကိုပြောရမှာ အားတော့ နာပါတယ်၊ ဒါပေမယ့် အိဇင်အကူအညီတစ်ခု တောင်းပါရစေ နော်၊ ဟိုတစ်နေ့က မမနဲ့ကိုကိုပြဿနာဖြစ်ပြီး ကိုကို့ရောဂါ အရမ်းဆိုးဝါးလာတယ်၊ မမကို သူအရမ်းတွေ့ချင်နေတယ် ပြီးတော့ တောင်းပန်ချင်တယ်တဲ့၊ ဖြစ်နိုင်မယ်ဆိုရင် အိဇင်တို့ကို နောက်ထပ်တစ်ကြိမ်လောက် အကူအညီပေးပါဦးလားဟင် မမဆီ ဘယ်လိုမှ ဖုန်းဆက်လို့မရလို့ message သွင်းထား





ရတာပါ"

ဖုန်းလေးကိုကိုင်ပြီး သူမငြိမ်သက်တွေဝေနေမိလေ သည်။

ဒုက္ခပါလား. . . သူနဲ့မပတ်သက်ချင်လို့ ဖုန်းပိတ်ထား တာ နှစ်ရက်လောက်ရှိပြီ။

အခုဖုန်းဖွင့်လိုက်တာနဲ့ သူနဲ့ပတ်သက်ဖို့ message က ဝင်လာပြန်ပြီ. . .

ဘယ်ဘဝက ရေစက်ကြောင့် သူနဲ့ဇာတ်သိမ်းမပြတ်နိုင် ရတာလဲ. . .

သူစိတ်ရှုပ်ထွေးသွားမိသည်။

မဖြစ်ဘူး. . သူနဲ့သွားတွေ့လို့မဖြစ်ဘူး. . .

သူမခေါင်းတွင်တွင် ခါယမ်းလိုက်မိသည်။

"ဟေ့ ပန်းရိပ်၊ ဘာလို့ ခေါင်းတွေခါနေရတာလဲ၊ ဘာ. . . ဟိုမှာလေယာဉ်ထွက်တော့မယ်"

အချိန်နောက်ကျမှရောက်လာသည့် လေယာဉ်မယ် လေးနှင်းချို၏သတိပေးသံကြောင့် သူမတစ်ယောက်တည်း ငိုင်တွေနေရာမှ ဖုန်းကိုပိတ်ပြီး လေယာဉ်တွင်းထဲပြေးဝင်လာ



www.burmeseclassic.com

ခဲ့သည်။

မေမေ့ဆီဖုန်းဆက်ရန် အချိန်မရတော့ပေ။ တာဝ
ထမ်းဆောင်ရတော့မည်မို့ ဖုန်းပိတ်လိုက်ရ၏။

လေယာဉ်ပေါ် ရောက်သည်အထိ အတွေးများစွာဖြ
သူမရင်ထဲမတည်ငြိမ်။

Tray လေးကိုင်ပြီး ခရီးသည်တွေကြားလျှောက်လာရ
သူမစိတ်က အဝေးတစ်နေရာသို့ လွင့်ပါးလျက်ရှိ၏။

* * * "မမနဲ့ကိုကို ပြဿနာဖြစ်ပြီး ကိုကို့ရောဂါက အရှ
ဆိုးဝါးလာတယ်၊ မမကို သူအရမ်းတွေ့ချင်နေတ
ပြီးတော့ တောင်းပန်ချင်တယ်တဲ့"

အိဇင်စကားသံတွေကို ပြန်လည် ကြားယောင်နေမ
သလို ချောမောခန့်ညားသည့်သူ့ရုပ်သွင်ကိုလည်း မြင်ယော
နေမိဖလေသည်။

ကိုဆွေးသစ်. . . ကိုဆွေးသစ်. . .

ရှင်တစ်ယောက်တည်း သိပ်ခံစားနေရပြီလား. . .
အဲဒီနေ့က ကျွန်မရှင့်ကိုလုံးဝလှည့်မကြည့်ဘဲထားခဲ့မိတာ





သွားပြီလား. . .

"အို. . . ဆောရီး"

"ဟာဗျာ"

စိတ်နှင့်ကိုယ်မကပ်သဖြင့် ခရီးသည်တစ်ယောက်ရှေ့
ကော်ဖီပန်းကန်ချပေးလိုက်စဉ် မှောက်ကျသွားခြင်းရယ်ပါ။

"ဟို. . . တောင်းပန်ပါတယ်ရှင်၊ စိတ်မရှိပါနဲ့နော်၊
ကျွန်မ တကယ်ပဲ စိတ်မကောင်းပါဘူး"

သူမ tissue ပြေးယူပြီး ကော်ဖီပေသွားသည့်ခရီးသည်
ကို တောင်းပန်လိုက်သည်။

ထိုနေ့တစ်နေ့လုံး အလွဲလွဲအချော်ချော်ဖြင့် သူမအလုပ်
လုပ်ရတာ အဆင်မပြေပေ။

ကိုဆွေးသစ်ရယ်. . . ရှင့်ကြောင့် ကျွန်မတော့ဒုက္ခပါပဲ။

ညနေအလုပ်ဆင်းချိန်ရောက်တော့ လေဆိပ်အဝင်ဝ
တွင် ရပ်စောင့်နေသည့် အိဇင်ကို တွေ့လိုက်ရ၏။

အိဇင်ကို မမြင်ချင်ယောင်ဆောင်ပြီး သူမလှည့်ထွက်
ခဲ့သော်လည်း အိဇင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး မမရယ်၊ အိဇင်ကို မမ မတွေ့ချင်ဘူး ဆိုတာ အိဇင်နားလည်ပါတယ်၊ ဒါပေမယ့် အိဇင်တောင်းပ ပါရစေနော်၊ ကိုကို့ရောဂါသက်သာအောင် ကူညီနိုင်မယ့်လူ မ တစ်ယောက်တည်းရှိလို့ပါ"

"မဖြစ်နိုင်တော့ပါဘူး အိဇင်၊ တို့မကူညီနိုင်တော့ဘူး"

သူမတမင်တကာ မျက်နှာတင်းပြီးပြောလိုက်သည်။ သို့ သော် အိဇင်က လက်လျှော့မည့်ပုံမပေါ်။

"မမရယ်. . . ကူညီပါနော်၊ ကိုကိုလေ. . . အခုဘာ မစားမသောက်နဲ့ တစ်နေ့လုံး တစ်ညလုံး ရောဂါထနေလို့ တစ်ချိန်လုံး မမကိုပဲ အော်ခေါ်နေတယ်"

"သူ့အဲဒီလိုတွေ စိတ်လိုက်မာန်ပါလုပ်လို့ ဟိုတစ်နေ့က လေဆိပ်ကော်ဖီဆိုင်မှာ တို့အရှက်ရခဲ့ရတယ်မဟုတ်လား"

"ဟုတ်ပါတယ် မမရယ်၊ အဲဒီအတွက်လဲ မမကိုထပ်ပြီး တောင်းပန်ပါရစေ၊ ကိုကိုက စိတ်ဝေဒနာသည်မို့ပါ၊ ကိုကို သိပ်သနားစရာကောင်းပါတယ် မမရယ်၊ သူ့ခမျာ သူ့ချစ်သူ ချစ်ရှာလွန်းလို့ အခုလို စိတ်နောက်သွားခဲ့ရတာပါ"

သူမနှင့်တွေ့လျှင် အလွန်မြတ်နိုးချစ်ခင်စွာ ကြည့်တ





သော သူ့မျက်ဝန်းများကို သူမပြန်လည်မြင်ယောင်နေမိပြန် သည်။

"ကူညီပါဦး မမရယ်နော်၊ မမကိုသာ မြင်လိုက်ရရင် ကိုကို့ရောဂါ သက်သာသွားမှာပါ၊ ပြီးတော့ မမကို ဘာမှ မထိခိုက်စေအောင် အိဇင်တာဝန်ယူပါ့မယ်"

"သူ့ကို ဆေးခန်းမပြဘူးလား အိဇင်"

"ပြပါတယ် မမ၊ အခုနောက်ပိုင်းတော့မပြဖြစ်တော့ ပါဘူး"

"တို့ကူညီတယ်ဆိုရင်လဲ သက်သာရင်ခဏပေါ့တကယ် တော့ သူ့ကို တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်ကြီးတွေနဲ့ပြပြီး ကုသသင့်တယ်လို့ မမထင်တယ်"

"ကိုကို့ရောဂါကို ဆရာဝန်အတော်များများနဲ့ ကုသ ကြည့်ပြီးပါပြီ မမ၊ စိတ်ကျန်းမာရေးဆေးရုံကိုပို့ဖို့ကျတော့ ဘွား ဘွားက ခွင့်မပြုဘူး၊ ရောဂါမပျောက်နိုင်တော့ပါဘူးတဲ့၊ ကိုကို့ ကို အဲဒီမှာသွားပြီးထားရင် ဒုက္ခဖြစ်နေမှာစိုးလို့တဲ့လေ"

သူမသက်ပြင်းရှိုက်နေမိ၏။

"အိဇင်မှာ ကားပါလာခဲ့ပါတယ် မမ၊ အိဇင်နဲ့လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခယ်မဟုတ်လားဟင်”

အောက်ကျနောက်ကျခံပြီး အစ်ကိုဖြစ်သူအတွက် တောင်းပန်နေရှာသော အိဇင်ကိုသနားမိသည်မို့ သူမမငြင်းရက်တော့ဘဲ ခေါင်းညိတ်လိုက်မိသည်။

အိဇင်ကားဖြင့်ပင် သူမလိုက်ပါလာခဲ့ရသည်။ သူတို့အိမ်ရောက်တော့ အိဇင်ပြန်အလာကို စောင့်မျှော်နေသော ဘွားဘွားဒေါ်နှင်းအိကို တွေ့လိုက်ကြရသည်။

“ဟင်. . . ဟိုကလေးမလေး ပါလာပြီလား အိဇင် ဝမ်းသာလိုက်တာကွယ်”

မြေးဖြစ်သူအတွက် အပူမီးဝိုင်းနေရှာသော ဘွားဘွားဒေါ်နှင်းအိကို သူမကရုဏာဖြစ်သွားမိသည်။

“လာ. . . လာ. . . မြေးမလေး၊ လူလေးကို ငါ့မြေးလေး ကယ်မှဖြစ်မှာ၊ ငါ့မြေးမလေးကို တစ်ရက်မမြင်ရတာနဲ့ ငါ့မြေးလေး သေလုမျောပါးဖြစ်နေပြီ”

ဘွားဘွားဒေါ်နှင်းအိခေါ်ဆောင်ရာသို့ သူမလိုက်လာခဲ့သည်။ အိဇင်လည်း နောက်မှာပါလာသည်။





“ဒီအခန်းမှာ ကိုကိုရှိနေတယ် မမ”

အိဇင်က ဧည့်ခန်းနှင့်ကပ်လျက် အခန်းတစ်ခန်းကို လက်ညှိုးထိုးပြရင်း ပြောသည်။

အခန်းတံခါးကိုအသာခေါက်ပြီး အိဇင်ခေါ်လိုက်သည်။

“ကိုကို. . . ကိုကို၊ တံခါးဖွင့်ပါဦး”

“မဖွင့်ဘူး. . . သွားကြ၊ သွားကြ၊ ငါတစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တယ်”

“တံခါးခဏလောက်ဖွင့်ပေးပါ ကိုကိုရယ်”

“ဒုန်း”

အထဲမှ တံခါးကိုတစ်စုံတစ်ခုနှင့် ပစ်ပေါက်လိုက်သံကြောင့် သူမ၊ အိဇင်နှင့်ဘွားဘွားဒေါ်နှင်းအိပါ ထိတ်လန့်တုန်ယင်သွားကြ၏။

“မြေးလေးရဲ့အခြေအနေက မြင်တဲ့အတိုင်းပါပဲ မြေးမလေးရယ်၊ သူစိတ်ချမ်းသာအောင် ဘွားဘွားလဲ ဘာမှလုပ်မပေးနိုင်တော့ပါဘူးကွယ်”

ပြောရင်း ဘွားဘွားဒေါ်နှင်းအိမျက်ရည်ဝဲလာသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူမစိတ်မကောင်းဖြစ်သွားမိ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဘွားဘွားရယ်၊ သူ့ရောဂါဝေဒနာသက်သာအောင် တတ်နိုင်သလောက် ကျွန်မကူညီပါ့မယ်နော်"

ဘွားဘွားဒေါ်နှင်းအိကို အသာဖက်ပြီး သူမနှစ်သိမ့်လိုက်၏။

သူ့စိတ်ဝေဒနာသက်သာပျောက်ကင်းရန် သူမ မဖြစ်မနေ ကူညီရတော့မည်မဟုတ်ပါလား. . .

သနားကရုဏာဖြစ်စရာ၊ သူ့ကိုသူမကိုယ်တိုင်တသံယောဇဉ်ဖြစ်နေမိပြီဆိုတော့လည်း. . .





အခန်း(၅)

"ဒေါက်. . . ဒေါက်"

"မသွားသေးဘူးလားကွ"

အခန်းထဲမှ သူဒေါသတကြီးအော်သံကိုကြားရ၏။

"တံခါးခဏဖွင့်ပါဦး၊ ကိုကို၊ ဘယ်သူလဲဆိုတာ ကိုကိုသိချင်ဘူးလားဟင်"

သူမစကားသံအဆုံးတွင် အခန်းထဲမှအော်ဟစ်နေသံ



www.burmeseclassic.com

www.burmeseclassic.com



များ ငြိမ်သက်သွား၏။

"ဘယ်သူလဲ . . . အခုစကားပြောနေတာ ဘယ်သူလဲ"

စိတ်လှုပ်ရှားမှုပြင်းထန်နေသော သူ့အသံကို ကြား သည်။

"တံခါးလာဖွင့်ကြည့်ရင် သိမှာပေါ့"

တံခါးချပ်ကို အထဲမှဆွဲဖွင့်လိုက်၏။ ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီကို မသပ်မရပ်ဝတ်ဆင်ထားသော သူ့ကိုတွေ့လိုက်ရ လေသည်။

သူ့ဆံပင်များက ဖွာလန်ကြဲနေပြီး မျက်နှာတွင် နှုတ်ခမ်း မွေး၊ ပါးမြိုင်းမွေးများ ခပ်ရေးရေးပေါက်နေ၏။

"ဟင် . . . နှောင်းလေး"

သူက သူမမျက်နှာကိုမြင်တော့ ချက်ချင်းဆိုသလို ပြုံးရွှင်သွားပြီး သူမကိုယ်လေးကို ပွေးဖက်လိုက်သည်။

"အို"

သူ၏သန်မာသော လက်များကြားမှ သူမရုတ်တရက် ရုန်းမထွက်နိုင်ပေ။





"အို . . . ကျွန်မကိုလွှတ်ပါ"

အနေခက်သွားရသူများက ဘွားဘွားဒေါ်နှင်းအိနှင့် အိဇင်ပင်ဖြစ်သည်။

"မလွှတ်ဘူး . . . မလွှတ်ဘူး၊ လွှတ်လိုက်ရင် ကိုကို့ကို နှောင်းလေးပစ်သွားမှာပေါ့"

"ကိုကိုဒီလိုမလုပ်ရဘူးလေ၊ အိဇင်ကို ကတိပေးထား တယ် မဟုတ်လား၊ ကိုကို ကတိမတည်ရင် အိဇင် မမကို ဘယ် တော့မှ ခေါ်မပေးတော့ဘူး"

အိဇင်စကားကြောင့် သူမကိုယ်လေးကို တင်းတင်းကျပ် ကျပ်ဖက်ထားရာမှ သူလွှတ်ပေးလိုက်၏။

သူမရင်တဖျတ်ဖျတ်ခုန်နေမိလေသည်။ သူ့မျက်နှာကို ရုတ်တရက်မကြည့်ရဲတော့ဘဲ ဖြစ်နေ၏။

"ဆောရီးနော် နှောင်းလေး၊ ကိုကိုစိတ်လွတ်ကိုယ်လွတ် ဖြစ်သွားမိတာပါ၊ နှောင်းလေး ကိုကို့ဆီပြန်လာပြီနော်၊ ကိုကို ဝမ်းသာလိုက်တာကွာ"

သူ့အမူအရာက ချက်ချင်း ပျော်ရွှင်ကြည်နူးသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ယူထစ်လိုက်သလို ရွှင်လန်းနေသည်။

သို့သော် ယခင်ရက်များက အစားပျက်အအိပ်ပျက် ဖြစ်ခဲ့သောကြောင့် သူ့အတော်လေးပိန်သွား၏။

သူနှင့်သူမဆိုဖာခုံတွင် အတူတွဲထိုင်ပြီး စကားပြောဖြ ကြသည်။

အိဗင်က ခပ်လှမ်းလှမ်းတွင်ရပ်နေပေးပြီး ဘွားဘွား ဒေါ်နှင်းအိက စားစရာပြင်ဆင်ခိုင်းနေသည်။

"သိပ်လွမ်းရတာပဲ နှောင်းလေးရယ်၊ ကိုကိုနားမှာ ထာ ရ နေပါလားကွာ"

"ကိုကို့နားမှာ အမြဲတမ်းနေလို့မရဘူးလေ ကိုကိုရဲ့ နှောင်းက လေယာဉ်မယ်တစ်ယောက်ဆိုတာ ကိုကိုသိတယ် မဟုတ်လား"

"သိတာပေါ့ကွာ"

သူက ဆံထုံးမြင့်မြင့်ထုံးထားပြီး ဆံနွယ်လေးများမျက်နှာ ပေါ် ကပိုကရိုကျနေသည့် သူမကိုမြတ်နိုးသလိုကြည့်ရင်း ပြော သည်။





"သိရင် နားလည်ပေးမှာပေါ့၊ နှောင်းက လေယာဉ်မယ် ဆိုတော့ တာဝန်ထမ်းဆောင်ရမယ်လေ၊ ကိုကို့နားမှာ တစ်ချိန် လုံး ဘယ်နေနိုင်ပါ့မလဲ ကိုကိုရဲ့"

"ကိုကိုကမှ နှောင်းလေးနဲ့မခွဲနိုင်တာကွာ"

စကားပြောရင်း သူမမျက်နှာနားနီးကပ်လာသော သူ့ မျက်နှာကြီးကို တွန်းပစ်လိုက်ပြီး. . .

"ကိုကိုနော်. . . စကားကိုအေးအေးဆေးဆေးပြော"

"နှောင်းလေးနဲ့ ဒီလိုပဲ အမြဲနေချင်တယ်"

"နေလို့မှ မဖြစ်တာ"

"ဘာလို့မဖြစ်ရမှာလဲ၊ မင်္ဂလာဆောင်ပြီးရင် တစ်စက္ကန့် တောင် ခွဲနေစရာမလိုတော့ဘူး"

"နှောင်းလေးဆီဖုန်းဆက်ပေါ့ ကိုကိုရဲ့၊ နှောင်းရဲ့ ဖုန်း နံပါတ် ကိုကို့ကိုပေးခဲ့မယ်လေ"

သူငြိမ်သက်ပြီး စဉ်းစားနေသည်။

"ဘာတွေငိုင်နေတာလဲ၊ ရော့. . . ဒါနှောင်းရဲ့ Hand phoneနံပါတ်၊ နှောင်းပြန်သွားရင် ကိုကိုဖုန်းဆက်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့လက်ထဲ Name card လေး ထည့်ပေး...
ပြောလိုက်သည်။

သူမမျက်နှာကို အရိပ်တကြည့်ကြည့်နှင့် သူပျော်...
သည်။

ညနေစာကို သူမနှင့်အတူစားရမှ သူလည်းစား...
ဆို၍ သူတို့အိမ်မှာပင် ညနေစာစားခဲ့ရသည်။

ညနေစာစားပြီး သူ့ကိုချော့မော့ထားရစ်ခဲ့ပြီးမှ သူ...
အိမ်ပြန်လာခဲ့ရ၏။

အိမ်ရောက်တော့ မေမေက ဆူသည်။

"စိတ်မဆိုးပါနဲ့ မေမေရယ်၊ ဒီနေ့ သမီးတို့လေ...
မယ်အုပ်စုထဲက လေယာဉ်မယ်လေးတစ်ယောက်ရဲ့မွေး...
နောက်ကျနေတာပါ၊ သူတို့က ကြိုမပြောဘဲ dinner အ...
လိုက်ကျွေးထာနဲ့ လိုက်သွားရတာ"

မေမေက သူမစကားကိုသိပ်ယုံကြည်ပုံမရသော်...
ဘာမှမပြောတော့ပေ။

သူမအခန်းရှိရာတက်လာခဲ့ပြီး ရင်မောနေမိ၏။





နောက်ရက်များတွင် မေမေ့ကို ဘယ်လိုဆက်ပြီး လိမ်...
ညာနေရမှာပါလိမ့် . . .

သူ့အပေါ် တွယ်တာနေမိသည့် သံယောဇဉ်နှင့်တရှုံးရှုံး...
နားကြောင့် သူမအခက်တွေ့နေရပြီမဟုတ်ပါလား . . .

သူမအတွေးမဆုံးခင် သူမ၏ G.S.M ဖုန်းလေးမြည်...
လာသောကြောင့် ဖုန်းကိုဖွင့်၍နားမှာကပ်လိုက်သည်။

"ဟယ်လို"

"နှောင်းလေးလား၊ ကိုကိုဆက်နေတာပါ"

"သြော် . . . ပြောပါ ကိုဆူးသစ်"

"ဘာကိုဆူးသစ်လဲ . . . ကိုကိုလို့ခေါ်ကွာ"

"အင်းပါ ကိုကို . . . ပြောပါ"

"နှောင်းလေး ဘယ်တုန်းက အိမ်ပြန်ရောက်လဲ"

"အခုပဲ၊ အိပ်ခန်းထဲရောက်ပြီး အဝတ်အစားတောင်
မလဲရသေးဘူး"

"ဟုတ်လား"

"ဟုတ်တယ်၊ ကိုကိုနေကောင်းတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ နေမကောင်းဘူး"

"ဘာဖြစ်လို့လဲ၊ ခုနက အကောင်းကြီးပဲမဟုတ်လား"

"အခုမကောင်းတော့ဘူး"

"ဘာရောဂါဖြစ်လို့လဲ ကိုကိုရဲ့"

မေးပြီး သူမရယ်နေမိသည်။

"အချစ်နာ love sick တဲ့"

သူ့စကားကြောင့် သူမရယ်မိပြန်သည်။

ဘာကြောင့်ရယ်မသိ။ သူနဲ့စကားပြောရတာ ပျော်စရာတော့ကောင်းသည်ဟုထင်မိသည်။

"နှောင်းလေး"

"ပြောပါ ကိုကို"

"ကိုကိုနဲ့နှောင်း ဘယ်တော့မှ အတူနေရမှာလဲ"

"အချိန်တွေအများကြီး ကျန်ပါသေးတယ် ကိုကိုရယ် ဖြည်းဖြည်းပေါ့"

"အချိန်တွေဘယ်လောက်ကျန်ကျန် ကိုကိုကတော့ ဖြစ်နိုင်ရင် နှောင်းလေးနဲ့အခုပဲ အတူနေချင်တယ်"





"မဖြစ်နိုင်သေးဘူးလေ ကိုကိုရဲ့"

သူငြိမ်သက်တွေဝေနေပြီး ဘာမှပြန်ပြောသံမကြားရ။

"ကိုကို"

"ပြော. . ."

"နှောင်းအခုမအားဘူး၊ နောက်မှပြန်ဆက်ပါနော်"

"ဘယ်တော့လဲ"

"ညကိုးနာရီလောက်မှ ဆက်ပေါ့"

"ကိုးနာရီတစ်ကြိမ်၊ ဆယ်နာရီတစ်ကြိမ်၊ ဆယ့်တစ်နာရီ . . . တစ်နာရီကို တစ်ကြိမ်. . ."

"တော်ပါတော့ ကိုကိုရယ်၊ တစ်ကြိမ်ပဲ ဆက်ပါ။ ဆယ်နာရီလောက် ဆက်ပေါ့ ဟုတ်လား၊ ဒါပဲနော်"

ပြောပြီး သူမဖုန်းပိတ်လိုက်၏။

သူမအဝတ်စားလဲပြီး ရေချိုးသည်။ ပြီးတော့ တီဗီကြည့်ရန် အောက်ထပ်သို့ဆင်းလာခဲ့သည်။

"သမီးရေချိုးအဝတ်အစားလဲတာက ကြာလိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက တီဗီကြည့်နေရင်းမှ လှမ်းပြောသည်။ သူသေ မေမေ့ဘေးဝင်ထိုင်၍ တီဗီကြည့်နေလိုက်သည်။

ဆယ်နာရီခွဲလောက်မှ သူနှင့်ဖုန်းချိန်းထားမှန်းသတိ မိပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

အိမ်ခန်းထဲရောက်တော့ ဖုန်းက တတီတီမြည်နေ၏ ဖုန်းကိုကမန်းကတမ်းယူပြီး သူမနားမှာ ကပ်လိုက်သည်။

"ဟယ်လို"

"နှောင်းလေးလား . . ဖုန်းဘာလို့မကိုင်တာလဲ နှောင်း လေးရယ်၊ ကိုကိုဆက်နေတာ တော်တော်ကြာပြီ"

"ဆောရီး ကိုကို၊ ကျွန်မတရုတ်သိုင်းကားစီးရီးစ်ကြည့် နေတာနဲ့ မေ့သွားလို့"

"နှောင်းလေး မကောင်းဘူးကွာ၊ ကိုကို့ကို သိပ်ရက်စက် တာပဲ"

ပြောပြီး သူက အသံတိတ်နေ၏။

"စိတ်ကောက်နေပြီလား ကိုကို"

"ကောက်တယ်ကွာ၊ စကားမပြောချင်တော့ဘူး"





"ဒါဖြင့် ကျွန်မဖုန်းပိတ်လိုက်မယ်"

"ဟာ . . မပိတ်ပါနဲ့၊ ကိုကိုကနောက်တာပါ၊ နှောင်း လေးကို ကိုကိုသိပ်ချစ်တယ်၊ နှောင်းလေးကို မြင်ရရင်မြင်ရ၊ မမြင်ရရင် အသံကြားနေရမှ"

"ကျွန်မကို ဘာလို့ဒီလောက်တောင်ခင်တွယ်နေရတာ လဲ"

"ဟင် . . . နှောင်းလေး မသိဘူးလား"

"မသိဘူး"

"ကိုကို့ချစ်သူမို့ ကိုကိုချစ်ရတာပေါ့၊ တကယ်တော့ ကိုကိုနဲ့နှောင်းလေးက . . ."

ပြောရင်း သူ့အသံကတိမ်ဝင်သွား၏။ သူမငြိမ်ပြီး သူ ဘာဆက်ပြောမလဲဆိုတာ နားထောင်နေမိသည်။

တကယ်တော့ သူ့အကြောင်းကိုသိချင်၍ တမင်နား ထောင်နေခြင်းရယ်ပါ။ သူမကို လေယာဉ်မယ်လေး နှောင်းရိပ် ဝေအဖြစ် တမ်းတမ်းစွဲဖြစ်နေသောကြောင့် နှောင်းရိပ်ဝေ အကြောင်းကို သူမသိချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှောင်းလေးက ကိုကို့ကိုအကြာကြီးခွဲထားရစ်ခဲ့တယ် နော်"

"ဟုတ်လား ကိုကို၊ မမှတ်မိလို့ ပြောပြပါဦး"

"ဘာကြောင့်မမှတ်မိတာလဲ နှောင်းလေး"

"ကိုကိုပြန်ပြောပြတာ နှောင်းလေးနားထောင်ချင်တယ်"

"ကိုကိုနဲ့နှောင်းလေး သိပ်ချစ်ကြတာပဲလေ၊ ကိုကိုတ စီးရီးစ်တွေထုတ်တဲ့ ပရိုဂျူဆာပေါ့၊ နှောင်းလေးနဲ့ကိုကို ပထမ ဆုံး ဆုံခဲ့ကြတုန်းက သိပ်ရင်ခုန်စရာကောင်းတယ်၊ နှောင်းလေး အဲဒီနေ့က အရမ်းလှတယ်၊ ကိုကိုလေယာဉ်ပေါ်စပြီးတက်တဲ့ အချိန်ကတည်းက နှောင်းလေးကို ကိုကိုသတိပြုမိခဲ့တာ"

သူ့အသံက စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်လှုပ်ရှား နေ၏။

"ပြီးတော့ နှောင်းလေးကို တွေ့ချင်စိတ်နဲ့ ကိုကို လေယာဉ် ခဏခဏစီးဖြစ်ခဲ့တယ်၊ ပြီးတော့ နှောင်းလေးကို ချစ်ရေးဆိုခဲ့တယ်၊ သိပ်မကြာခင်မှာပဲ နှောင်းလေးနဲ့ကိုကို ချစ်သူ တွေဖြစ်သွားခဲ့ကြတယ်"





သူက စိတ်ရှည်လက်ရှည်ပြောပြနေသည်မို့ သူမစိတ်ဝင် တစား နားထောင်နေမိသည်။

"ဒါပေမယ့် နှောင်းလေးတို့ မိဘအသိုင်းအဝိုင်းက အရမ်းကို စည်းကမ်းကြီးလို့ စိတ်ညစ်ခဲ့ရတယ်၊ မှတ်မိတယ် မဟုတ်လားဟင်"

"သြော် . . . အင်း . . . မှတ်မိပါတယ်"

"ပြီးတော့ ကိုကိုနဲ့နှောင်းလေး လက်ထပ်ခဲ့ကြတယ် လေ၊ မင်္ဂလာဆောင်မယ့်နေ့မှာ . . ."

သူ့အသံတွေ ရုတ်တရက်တုန်ယင်ပြီး အသက်ရှူသံ ခပ်ပြင်းပြင်းကို ကြားရ၏။

"ဟင် . . . ကိုကို ဘာဖြစ်သွားတာလဲဟင်၊ မင်္ဂလာ ဆောင်မယ့်နေ့မှာ ဘာဖြစ်လို့လဲ"

"နှောင်းလေး . . . နှောင်းလေး၊ ဟင့်အင်း . . . ဟင့် အင်း၊ နှောင်းလေးမသေရဘူး၊ မသေရဘူး"

တစ်ဖက်ဖုန်းမှ သူ၏ရှုံးရှုံးဝါးဝါးအော်သံကို ကြားလိုက် ရသည်မို့ သူမစိုးရိမ်ထိတ်လန့်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆူးသစ် . . . ကိုကို . . . ကိုကို"

ရုတ်တရက်ဖုန်းသံပျောက်သွားသောကြောင့် သူမအော်နေမိ၏။

"ကိုကို . . . ကိုကို"

"ကျွီ . . ."

ထိုစဉ် တံခါးတွန်းဖွင့်ဝင်လာသော မေမေ့ကိုတွေ့လိုက်ရသည်မို့ သူမလန့်ဖျတ်သွားမိသည်။

"မေမေ"

"ဘယ်သူနဲ့ဖုန်းပြောနေတာလဲ သမီး"

"ဟို . . . ဟို . . . ကိုကို ကိုကိုခိုင်မင်းနဲ့ . . ."

"ဟင် . . . သားလေးဖုန်းဆက်တယ်ဟုတ်လား"

"ကိုကိုဖုန်းလို့ထင်တာပဲ မေမေ၊ ဒါပေမယ့် ဖုန်းက ပြန်ကျသွားလို့"

သူမကြောက်ကြောက်လန့်လန့်ဖြင့် ပြောလိုက်မိ၏။

"ဒါဖြင့် ခဏစောင့်ကြည့်လိုက်ဦးပေါ့၊ ပြန်ဆက်ချင် ပြန်ဆက်လိမ့်မယ်"





"ဟုတ်ကဲ့"

အခန်းထဲမှ မေမေပြန်ထွက်သွားတော့မှသူမသက်ပြင်းချနိုင်သည်။

သူမဆီဖုန်းပြန်၍နှိပ်ကြည့်သော်လည်း ဖုန်းကိုင်မည့်သူမရှိပေ။

သူ ဘာဖြစ်သွားတာပါလိမ့် . . . သူနဲ့ နှောင်းလေးအကြောင်းတွေ ငါလိုက်မေးမိခဲ့တာ များပြီထင်တယ် . . .

သူတို့မင်္ဂလာဆောင်တဲ့နေ့မှာ ဘာဖြစ်ခဲ့ကြပါလိမ့် . . .

သူချစ်သူနှောင်းရိပ်ဝေဟာ အဲဒီနေ့မှာ သေဆုံးခဲ့တာများလား . . .

သူ့ဖုန်းကို ဘယ်လိုမှပြန်ခေါ်၍မရသောကြောင့် သူမစိုးရိမ်ပူပန်နေမိ၏။ ရင်ထဲမှာလည်း ဟာနေလေသည်။

သူနဲ့အနေမနီးအောင် ကြိုးစားချင်ပေမယ့် သူနဲ့မဖြစ်မနေ ပတ်သက်စရာအကြောင်းလေးတွေက ဖန်လာခဲ့ပြီမို့ သူမဆက်ပြီးကူညီရတော့မည်။

♥ ခုချိန်မှာ ရှင်ဟာကျွန်မကို သိပ်ချွဲလမ်းနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ရှင်သိပ်ချစ်ခဲ့ရတဲ့ နှောင်းရိပ်ဝေမဟုတ်ဘူးဆိုတာ သိသွားခဲ့ရင် အခုလိုပဲ ချစ်နိုင်ဦးမလားဟင် . . .

သူမရင်ထဲမှ စကားသံများကို သူမကြားနိုင်သော်လည်း သူမဘာသာသူမ ပြန်လည်ကြားယောင်ပြီး သူမနှလုံးသားကို သူမအံ့ဩနားမလည်နိုင်ဘဲ ဖြစ်နေမိလေသည်။





## အခန်း (၆)

နောက်တစ်နေ့နံနက်တွင် သူ့ထံမှဖုန်းကို သူမမျှော်နေမိသည်။

ရှင်ဟာ တကယ်ပဲ ကျွန်မနှလုံးသားထဲ လျှောက်လှမ်းဝင်လာခဲ့ပြီလား . . .

ရှင့်ကို မေ့မရနိုင်တဲ့ ကျွန်မကိုယ်ကျွန်မ ဒေါသဖြစ်မိတယ် သိလား . . .

လေယာဉ်မယ်ဝတ်စုံလေးလဲပြီး အလုပ်သွားရန် သူမ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှဆင်းလာခဲ့၏။ ထိုစဉ် သူမ၏မိုဘိုင်းလ်ဖုန်းလေး မြည်လာသည်မို့ သူမအလွန်ဝမ်းသာသွားမိသည်။

"ဟယ်လို"

"ဟယ်လို. . . ကိုကိုလားဟင်"

သူမစိတ်စောစွာ အလောတကြီး မေးမိ၏။

"ဟုတ်တယ်. . . ကိုကိုပဲ၊ ကိုကိုဆက်မယ်ဆိုတာ ပန်းရိပ်ကြိုသိနေတယ်ပေါ့"

တစ်ဖက်မှအသံသည် သူ့အသံမဟုတ်သောကြောင့် သူမစိတ်ပျက်သွားမိ၏။

"ဟော့ ပန်းရိပ်၊ ဖြေပါဦး"

"ကိုကိုခိုင်မင်း ဒီလောက်အစောကြီးဖုန်းဆက်တယ် နော်"

"အံ့ဩနေသလား ပန်းရိပ်ရဲ့၊ ပန်းရိပ်က မနက်ငါးနာရီထပြီး အလုပ်သွားတတ်တယ်ဆိုတာ ကိုကိုသိနေတာပဲ၊ ကဲ. . . ပြောပါဦး ကိုကိုမရှိတဲ့ရက်တွေမှာ ကိုကိုမှာခဲ့တဲ့အတိုင်း လိမ်လိမ်မာမာနေရဲ့လားလို့"





သူ့အမေးကြောင့် သူမစိတ်ရှုပ်ထွေးသွား၏။

"ဘယ်လိုလဲ ပန်းရိပ်၊ ဖြေရခက်နေပြီလား"

"ပန်းရိပ်ကို အစေးကနေတောင် လှမ်းပြီးချုပ်ချယ်နေ တာလား ကိုကိုခိုင်မင်း"

"ချုပ်ချယ်တာမဟုတ်ပါဘူး ပန်းရိပ်၊ ကိုယ်သိပ်ချစ်တဲ့ ချစ်သူတစ်ယောက်ကို ဘယ်လိုမှစိတ်မချနိုင်တာပါ၊ မဖြစ်နိုင် လွန်းလို့သာ မင်းကိုခွဲပြီး အလုပ်ကိစ္စနဲ့ မန္တလေးကိုထွက်လာခဲ့ ရတာ၊ ကိုကိုမင်းကို လုံးဝစိတ်ချတာမဟုတ်ဘူး၊ ရန်ကုန်ပြန် လာတာနဲ့ မင်းနဲ့လက်ထပ်ဖို့အမြန်ဆုံးစီစဉ်ရလိမ့်မယ်"

"ကျွန်မကိုဒီလောက်တောင် မယုံကြည်နိုင် စိတ်မချနိုင် ဘဲနဲ့ လက်ထပ်ဖို့ရည်ရွယ်နေတာ ဘာသဘောလဲ ကိုကိုခိုင်မင်း"

"ပန်းရိပ်. . . မင်းလေသံက တစ်မျိုးပါလား၊ ဘာလဲ မင်းဟိုလူနဲ့ ဇာတ်လမ်းဆက်နေပြီထင်တယ်"

ရှင်ထင်တာမမှားဘူး. . . ဟု အရွဲ့တိုက်ပြီး ဖြေလိုက် ချင်သော်လည်း သူမစိတ်ကိုသူမ မျိုသိပ်လိုက်သည်။

"ဒီကိစ္စတွေကို အပြိုင်အဆိုင် ငြင်းခုံနေရမယ့်အချိန်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး ကိုကိုခိုင်မင်း၊ ကျွန်မ duty ဝင်ရဦးမယ်၊ ဒါပဲနော်

"ကောင်းပြီလေ. . . ပန်းရိပ်၊ ကိုယ်ညကျမှ ဖုန်းပြန်ဆက်လိုက်မယ်"

ပြောပြီး သူကသူမထက်ဦးအောင် ဖုန်းချသွား၏။

သူမခံပြင်းဒေါသစိတ်များ ရင်ထဲပြည့်လျှံသွားရသည်

သူ့ကို မချစ်နိုင်ဘူး၊ သူနဲ့လက်ထပ်ဖို့ဆိုတာ ပိုပြီးမဖြစ်နိုင်ဘူး. . . သူဟာ ငါ့ကိုအမြဲတမ်း လွှမ်းမိုးချင်တဲ့သူပဲ. . .

ထိုနေ့တစ်နေ့လုံး ဆူးသစ်ကိုစိုးရိမ်ပူပန်သည့်စိတ်နှင့် ခိုင်မင်းအပေါ် ဒေါသဖြစ်သည့်စိတ်များ ရောယှက်ကာ သူမစိတ်ထဲ ရှုပ်ထွေးနေလေသည်။

ညနေတာဝန်ချိန်ပြီးတော့ အိဇင်ထံဖုန်းဆက်ကြည့်သည်။

"အိဇင်လား၊ မမပါ"

"မမလား. . . ဒီနေ့မနက်တောင် မမဆီဖုန်းဆက်သေးတယ်"

"ဟုတ်လား၊ မမဒီနေ့မနက် dutyရှိတယ်လေ၊ ဒါနဲ့ ည





ကိုဆူးသစ် ဘယ်လိုဖြစ်သွားတာလဲဟင်၊ မမနဲ့ဖုန်းပြောရင်း အသံပြတ်သွားတယ်"

"ဟုတ်တယ်၊ မမနဲ့ဖုန်းပြောမယ်ဆိုပြီး အိမ်ပေါ်ထပ်တက်သွားတာပဲ၊ သူ့အခန်းမှာ အသံတိတ်နေတာနဲ့ သွားဖွင့်ကြည့်တော့ သူမေ့နေတာတွေ့ရတယ်"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်၊ သူက ရောဂါအရမ်းတက်လာရင် မေ့မျောသွားတတ်တယ်လေ၊ ညက ဆရာဝန်ပင့်ရတယ် မမရဲ့၊ ဆရာဝန်ကပြောတယ်၊ သူစိတ်ထိခိုက်စရာအကြောင်းတစ်ခုခုကြောင့် မေ့မျောသွားတာတဲ့"

"ဟုတ်လိမ့်မယ် အိဇင်၊ ညက မမနဲ့သူဖုန်းပြောကြတုန်း သူ့ချစ်သူနှောင်းလေးအကြောင်း ပြောပြခဲ့တယ်လေ၊ သူနဲ့နှောင်းလေးမင်္ဂလာဆောင်တဲ့နေ့ကအကြောင်း ပြောပြရင်းနဲ့ သူ့စိတ်တွေ အရမ်းလှုပ်ရှားပြီး မေ့မျောသွားတာပဲ၊ သူတို့မင်္ဂလာဆောင်တဲ့နေ့မှာ ဘာဖြစ်ခဲ့ကြလို့လဲ အိဇင်"

တစ်ဖက်ဖုန်းမှအိဇင် သက်ပြင်းရှိုက်သံကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့မှာ မမနှောင်းရိပ်ဝေသေဆုံးသွားခဲ့တာပေ

"ဪ . . . ဖြစ်မှဖြစ်ရလေ အိဇင်ရယ်၊ ဒါကြောင့် ဒီလောက်ထိစိတ်ထိခိုက်ပြီး စိတ်ဝေဒနာသည်ဘဝရောက်သွားတာကိုး"

"ကိုကို့အဖြစ်တွေက သိပ်ဆိုးပါတယ် မမရယ်၊ ကို ဟာ သိပ်သနားစရာကောင်းတဲ့ လူတစ်ယောက်ပါ၊ ကိုကို့ကျန်း ရေးအတွက် မမအကူအညီပေးနေတဲ့အတွက် အိဇင်ပြော တတ်လောက်အောင် ဝမ်းသာရပါတယ်၊ ပြီးတော့ သိပ် ကျေးဇူးတင်ပါတယ် မမရယ်"

"ရပါတယ် အိဇင်ရယ်၊ လူတစ်ယောက်ကျန်းမာရေး အတွက် ကူညီပေးရတာ ကုသိုလ်တစ်ခုပဲပေါ့"

"အချိန်ရမယ်ဆိုရင် ကိုကို့ဆီခဏလောက် လာ ပေးပါလားဟင် မမ"

"ဒီနေ့တော့ မမလာတွေ့နိုင်မှာမဟုတ်ဘူး အိဇင်၊ က မမအိမ်ပြန်တာနောက်ကျလို့ မေမေဆူတာခံရတာ နေ့တိုင်းအိမ်ပြန်နောက်ကျလို့ မဖြစ်ဘူးလေ၊ ညကျရင်





ဆီဖုန်းဆက်လိုက်ပါ့မယ်"

"အိဇင်တို့ကြောင့် မမလဲ ဒုက္ခရောက်ရပြီနော်"

"ရပါတယ်ကွယ်"

အိဇင်ဖုန်းချသွား၏။

သူမခေါင်းထဲမှာ သူ့အကြောင်းများသာပြည့်နှက်နေ သည်မဟုတ်ပါလား. . .

ထိုနေ့ညက သူ့ထံ သူမဖုန်းဆက်ခဲ့သည်။

"မနေ့ညက ရှင်ဘာဖြစ်သွားတာလဲ"

"ကိုယ်လဲ သေချာမသိဘူး၊ ကိုယ့်ခေါင်းထဲ ချာချာလည် ပြီး ကိုယ်မူးမေ့သွားတော့တာပဲ၊ နှောင်းလေး ကိုကို့ကို ခွဲမသွား ဘူးနော်၊ ကိုကိုတစ်ယောက်တည်း လွမ်းကျန်ရစ်မှာကို သိပ် ကြောက်နေမိတယ်"

"ကိုကို့ကို ခွဲမသွားပါဘူး"

ပြောပြီး သူမရင်ထဲ တစ်မျိုးကြီးခံစားနေရသည်။

"နှောင်းလေးနဲ့ကိုကိုသိပ်တွေ့ချင်နေတယ်၊ ဒီနေ့ ညနေ ကို့ဆီ ဘာလို့ရောက်မလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နွေရာသီကအလုပ်သွားနေရတယ်လေ ကိုကိုရဲ့"

"ဒါဖြင့် မနက်ဖြန်တွေ့ချင်တယ်ကွာ"

"မနက်ဖြန်. . ."

သူမစဉ်းစားနေမိ၏။ မနက်ဖြန် အလုပ်အားရက်ဖြစ်သည်မဟုတ်ပါလား. . .

"မနက်ဖြန် ကိုကိုနဲ့နွေရာသီသွားနေကျ မဟာဝိဇယဘုရားကိုသွားကြရအောင်၊ အဲဒီမှာ ရေလှူကြမယ်၊ ပန်းကပ်ကြမယ်၊ ပြီးရင် ဆုတောင်းကြမယ်"

သူ့အသံက လန်းဆန်းတက်ကြွနေ၏။

"ဘာလို့အသံတိတ်နေရတာလဲ နွေရာသီလေးရယ်၊ သွားကြမယ်လေလို့ပြောပါလား"

"အင်း. . . ကိုကိုသွားချင်ရင် နွေရာသီလိုက်ခဲ့ပါ့မယ်"

"နွေရာသီဖြေပုံကြီးကလဲကွာ. . ."

"ကဲ. . . ကိုကို မိုးချုပ်ပြီ အိပ်တော့နော်၊ နွေရာသီဖုန်းပိတ်လိုက်တော့မယ်"

"မအိပ်ချင်သေးဘူး၊ တစ်ညလုံး ဒီလိုပဲဖုန်းပြောနေချင်တယ်"

"နွေရာသီကတော့ တစ်နေ့လုံးပင်ပန်းလာလို့ အိပ်ချင်နေပြီ ကိုကိုရဲ့၊ ဒါပဲနော်"

"ဒါဖြင့် အိုကေ. . . အိုကေ၊ အချစ်ဆုံးနွေရာသီလေး. . . Sweet dreams နော်"

"Thank you"

သူမရင်ထဲတွင် ပျော်ရွှင်ပေါ့ပါးသွားသလိုပါပဲလား. . .

သူနဲ့မတွေ့တော့ဘူးလို့ ဆုံးဖြတ်ခဲ့ပဲ့အချိန်က ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ဝမ်းနည်းခြောက်သွေ့နေခဲ့တယ်. . .

မနက်ကျလျှင် သူနှင့်တွေ့ကြရတော့မည်။ သူမရင်ထဲမှ ဝမ်းနည်းငယ်လှုပ်ရှားနေမိတာ ဘာကြောင့်များပါလိမ့်. . .

❦❦❦







www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

နောက်တစ်နေ့နံနက်စောစော။

သူမလမ်းထိပ်တွင် အိဇင်နှင့်သူတို့နှစ်ယောက် ကား ရောက်လာကြပြီး သူမကိုလာစောင့်နေကြသည်။

"ရောက်နေတာကြာပြီလား အိဇင်"

"သိပ်မကြာသေးပါဘူး မမ၊ ငါးမိနစ်လောက်ပဲ ရှိ တယ်"

မနက်အစောကြီး အိဇင်က ဘုရားသွားရန် သူ





လာကြိုမည့်အကြောင်း ဖုန်းဆက်ထားသောကြောင့် သူမအိမ်မှ အရိပ်အခြေကြည့်ပြီး လစ်ထွက်လာခဲ့ခြင်းပါ။

ကားရှေ့ခန်းတွင် သူထိုင်နေပြီး သူမဝတ်စားပြင်ဆင်လာပုံကို ငေးကြည့်နေ၏။

သူမက ကျောက်စိမ်းရောင်ပါတိတ်ဝမ်းဆက်လေးကို မြန်မာဆန်ဆန် ဝတ်ဆင်ထား၏။

ဆံပင်တွေကို ခပ်မြင့်မြင့်စည်းနှောင်ထားပြီး နဖူးထက်သို့ ဆံယဉ်စအချို့ ဝဲကျနေသည်။

သူမကားပေါ်တက်လိုက်သည်နှင့် ဘုရားရှိရာသို့ ကားမောင်းထွက်လာခဲ့ကြသည်။

ဦးကြီးပွက ကားမောင်းပြီး သူနှင့်ရှေ့ခန်းတွင် ထိုင်သည်။ အိဇင်နှင့်သူမက နောက်ခန်းမှာ ထိုင်ကြသည်။

မဟာဝိဇယဘုရားရောက်တော့ ကားပေါ်မှဆင်းလိုက်ကြသည်။

ကားပေါ်ကဆင်းတော့မှ သူ့ကို သူမ အသေအချာကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရခိုင်ပုဆိုးအညိုကွက်ကိုရှပ်အင်္ကျီလည်ကတုံး အဖြူရောင်နှင့်တွဲပြီး ဝတ်ဆင်ထား၏။ ဆံပင်တွေက Hair coat လိမ်းပြီး သပ်သပ်ရပ်ရပ်ဖြီးသင်ထားသည်မို့ ခါတိုင်းနှင့်မတူဘဲ သန့်ပြန့်ခန့်ညား ချောမောနေလေသည်။

သူက သူမကိုပြုံးပြပြီး သူမနားလျှောက်လာသည်။

"နှောင်းလေး . . . ဒီနေ့သိပ်လှတာပဲ"

သူ့မျက်နှာက ကြည်လင်ပြီး လန်းဆန်းတက်ကြွသည့် အမူအရာကြောင့် လူကောင်းတစ်ယောက်လိုပင်။

"ဘုရားရင်ပြင်ပေါ် လျှောက်ပြီး ဘုရားဖူးကြရအောင် ကိုကို"

သူနှင့်သူမက ရှေ့မှ၊ သူမတို့နှင့်ခပ်လှမ်းလှမ်းမှ ဒေါ် ကလျှောက်သည်။

သူက အင်္ဂါထောင့်မှာ ရေသပ္ပာယ်သည်။ ပြီးတော့ ပန်းကပ်သည်။ ဆီမီးများ ဆက်ကပ်ပူဇော်ရှိခိုးကန်တော့သည်။

သူမကို သူ့ဘေးမှာထိုင်ပြီး ရှိခိုးခိုင်းသည်။ သူ ကန်တော့ပြီးတော့ သူက ပြော၏။





"နှောင်းလေးက စနေသမီးဆိုတော့ စနေထောင့်မှာ ရေသပ္ပာယ်ရမယ်နော်"

သူ့စကားကို သူမအလိုက်သင့် ခေါင်းညိတ်ပြလိုက်သည်။

"ကိုကိုလေ နှောင်းလေးနဲ့နောက်ထပ် ဘယ်တော့မှ မဝေးရအောင်ဆုတောင်းတယ် သိလား၊ နှောင်းလေးကော . . . ဘာဆုတောင်းမှာလဲ"

"ကိုကို့လိုပဲပေါ့"

သူမစကားကြောင့် သူအတော်လေးကျေနပ်သွား၏။

ဘုရားမှအပြန် မကြာခင်ကမှဖွင့်လှစ်ခဲ့သောKaraweik Garden Kandawgyi Nature Park သို့လာခဲ့ကြသည်။ သူက ကန်တော်ကြီးရေပြင်၏အလှကိုကြည့်ပြီး ကြည်နူးပျော်ရွှင်နေ၏။

"ရှင်သိပ်ပျော်နေပုံရတယ်"

"ဟုတ်တယ် နှောင်းလေး၊ ကိုကိုလေ နှောင်းလေးနဲ့သာ အတူတူနေခွင့်ရရင် ပြောပြလို့မရလောက်အောင် ပျော်ရွှင်နေမိ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ သိပ်ချစ်တယ် နှောင်းလေးရယ်၊ ကိုကိုတို့လက်ထပ်ကြပါစို့နော်"

သူမလက်ဖဝါးတစ်ဖက်ကို အသာအယာဆုပ်ကိုင်ပြီး သူပြောသည်။ သူမမရှုန်းဖယ်မိပေ။

ရင်ထဲတွင် လှုပ်ရှားလွန်းရသည်မဟုတ်ပါလား. . .

အိဇင်က သူမတို့နှင့်အတော်လှမ်းလှမ်းတွင် ရေပြင်နှင်းရှုခင်းများကို ငေးနေ၏။

"ချစ်တယ် နှောင်းလေးရယ်"

သူက သူမလက်ဖမိုးလေးကို အသာနမ်းရှိုက်ရင်းပြောသည်။

"အို. . ."

သူမလန့်ဖျတ်ပြီး ရှုန်းသော်လည်းမရ။

"ကိုကို့ကို မချစ်တော့ဘူးလားဟင်၊ ကိုကိုတို့အဖြစ်ဟာ ရင်နာစရာပါ နှောင်းလေးရယ်၊ မင်္ဂလာဆောင်တဲ့နေ့မှာမှ ဝေးခဲ့ကြရတာ၊ နှောင်းလေးနဲ့နောက်ထပ်ဝေးရမှာ ကိုကိုသိပ်ကြောက်နေမိတယ်"





သူ့မျက်နှာကိုပြန်ငေးကြည့်ရင်း သူမရင်ခုန်သံကို သူမဘာသာ ပြန်လည်ကြားယောင်နေရ၏။

ထိုရက်များအတွင်း သူနှင့်သူမ နေ့စဉ်လိုလိုဖုန်းပြောဖြစ်ခဲ့ကြပြီး နှစ်ရက်ခြားတစ်ခါလောက် တွေ့ဖြစ်ခဲ့ကြသည်။

အချစ်ဆိုတာ နီးစပ်မှုကြောင့်ပေါက်ဖွားလာနိုင်သလား . . . ဒါမှမဟုတ် အချစ်ကြောင့် သူနှင့်သူမနှလုံးသားချင်း နီးစပ်လာသလားဆိုတာ သူမအသေအချာမတွေးတတ်ပေ။

သို့သော်. . . မှန်းဆ၍ မရနိုင်လောက်သော ရင်ခုန်မှုများနှင့်အတူသူ့ကိုချစ်မိခဲ့ပြီထင်သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

သူနှင့်သူမတို့၏ ဟန်ဆောင်ချစ်သူရက်များ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့၏။

သူ့အပေါ် သနားကရုဏာဖြစ်မိသည့်စိတ်နှင့် သူ့ဝေဒနာ သက်သာပျောက်ကင်းစေချင်သည့်စိတ်များက သူမရင်မှာ ပြည့်လျှံနေလေသည်။

သူနှင့်အတူသွားလာပြောဆိုရသည့် ရက်တွေများလာတော့ သူ့အပေါ် တကယ်ပင် သံယောဇဉ်ဖြစ်လာမိသည်မှာ...





ပါလား. . .

သည်ကနေ့လည်း သူမအလုပ်အားရက်မို့ သူနှင့်အတူ ညနေစာသွားစားရန် ပြင်ဆင်နေမိသည်။

ကိုယ်ကျပ်စပို့ရှပ်အနက်ရောင်လက်ရှည်ကို ဖန်ချောင်းဖန်သီးလေးတွေသီထားသည့် ထဘီစကတ်အဖြူရောင်နှင့်တွဲ၍ ဝတ်ဆင်လိုက်သည်။ ပြီးတော့ ဆံပင်တွေကို Conditioner ဖြန်းပြီး iron flat ပြားဖြင့် ဆွဲလိုက်သည်။

ဖြောင့်စင်းပျော့အိသွားသော ဆံပင်ရှည်ရှည်လေးကို ကျောပေါ်ဖြန့်ချပြီး Camella Two way cake လိမ်းထားသည့် သူမမျက်နှာလှလှလေးကို မှန်ထဲတွင်ကြည့်သည်။

မှန်ကြည့်၍အားရမှ အောက်ထပ်သို့လှေကားအတိုင်း ဆင်းလာခဲ့သည်။

လှေကားမှပြေးဆင်းလာခဲ့ရင်း သူမခြေလှမ်းတွေ ရပ်တန့်သွားရ၏။

လှေကားပေါ်တက်လာသော ကိုကိုခိုင်မင်းကို တွေ့လိုက်ရသောကြောင့်ရယ်ပါ။

"ဟင်. . . ကိုကိုခိုင်မင်း"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းက သူမဝတ်စားပြင်ဆင်ထားပုံကိုကြည့်ပြီး အံ့ဩသွားပုံရ၏။

"ဘယ်တုန်းကပြန်ရောက်တာလဲ ကိုကိုခိုင်မင်း၊ ကားသံတောင်မကြားလိုက်မိဘူး"

ဘာကြောင့်မှန်းမသိ၊ သူမရင်ထဲမှာ အနည်းငယ် လှုပ်ရှားနေမိပြီး အသံတွေက မှုမမှန်ချင်။

"တက္ကစီကိုခြံရှေ့မှာပဲ ရပ်ခိုင်းလိုက်လို့ ကားသံမကြားတာဖြစ်မှာပါ"

ပြောပြီး သူကသူမမျက်နှာကို အကဲခတ်သလို ကြည့်နေ၏။ ပြီးတော့ မေးသည်။

"ဒါက ဘယ်သွားမလို့လဲ ပန်းရိပ်"

"ဟို . . . ဟို"

သူမဘာပြန်ဖြေရမှန်းမသိဘဲ ထိတ်လန့်တုန်ယင်နေမိ၏။

"မင်းဝတ်စားပြင်ဆင်ထားပုံက သိပ်ထူးခြားနေပါလား ပန်းရိပ်၊ ဘယ်သွားမလို့လဲ ကိုကို့ကို မှန်မှန်ဖြေစမ်း"





"ဟို . . . ကေဇင်တို့နဲ့ dinner သွားစားမလို့ ချိန်းထားလို့ပါ"

သူမစကားကို သူကယုံကြည်ပုံမရ။ သူမမျက်ဝန်းတွေထဲစိုက်ကြည့်နေသည်မို့ သူမသူ့မျက်ဝန်းများနှင့် ရင်မဆိုင်ရဲသလို မျက်လွှာချပစ်လိုက်မိသည်။

"ပန်းရိပ်"

"ရှင်"

"မင်းကိုယ့်ကိုရဲရဲမကြည့်ရဲတာ ဘာကြောင့်လဲ၊ ကိုယ့်ကို ဘာတွေဖုံးကွယ်ထားသလဲ"

"ဘာမှဖုံးကွယ်မထားပါဘူး"

အသံမတုန်အောင် ကြိုးစားဖြေသည့်ကြားမှ သူမအသံက အဖျားခတ်တုန်ရီသွား၏။

"ကိုကိုခရီးသွားတဲ့ရက်တွေမှာ ဟိုဆူးသစ်ဆိုတဲ့လူနဲ့ မင်း အဆက်အသွယ်လုပ်နေခဲ့သလားဟင်"

သူမ မဖြေရဲဘဲ ငြိမ်နေမိ၏။

"ဖြေစမ်းပါဦး ပန်းရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရိပ်. . . ပန်းရိပ်၊ နောက်ကျနေလိမ့်မယ် ကို ကေဇင်တို့ စောင့်နေကြတော့မယ်"

ပြောပြီး သူမကျွန်းလှေကားကြီးပေါ်မှ ပြေးဆင်းလို ၏။

ကမန်းကတမ်းပြေးဆင်းလိုက်သောကြောင့် ခြေ သွားလေသည်။

သို့သော် ခိုင်မင်းကသူမကိုယ်လေးကို လှမ်းဖမ်း လိုက်သောကြောင့် သူမအောက်သို့ပြုတ်ကျမသွားခဲ့ပါ။

"ကဲကောင်းလို့ပေါ့ ပန်းရိပ်ရယ်"

တစ်ခါမှသည်လိုတွေ ကိုကိုခိုင်မင်းကို မလိမ်မညာခဲ့ သောကြောင့် သူမကြောက်ရွံ့ထိတ်လန့်နေမိ၏။

"မင်းတုန်တုန်ရီရီနဲ့ ဘာတွေဖြစ်နေသလဲ၊ ကို ပြောစမ်း"

သူမပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူမေးနေသော သူမခေါင်းခါယမ်းနေမိသည်။

"မင်းကိုကို့ကို လိမ်ပြောနေတာ မဟုတ်လား၊ တို့နဲ့ ချိန်းထားတယ်ဆိုတာ ကိုကိုမယုံဘူး"





"တကယ်ပါ ကိုကို၊ ပန်းရိပ်သွားပါရစေ"

ချိန်းထားသည့်စားသောက်ဆိုင်တွင် သူတစ်ယောက်တည်း သူမအား လည်တဆန့်ဆန့် မျှော်နေမည့်အဖြစ်ကို တွေးပြီး သူမစိုးရိမ်နေမိ၏။

"မသွားရဘူး၊ ကိုကိုမင်းကို သွားခွင့်မပြုနိုင်ဘူး"

"ကေဇင်တို့ မျှော်နေကြလိမ့်မယ်"

"ဒါဖြင့် ကောင်းပြီ၊ ကေဇင်တို့ဆီ ကိုကိုကိုယ်တိုင်ဖုန်းဆက်ပြီး ပန်းရိပ်ရောက်မလာနိုင်တော့ဘူးဆိုတဲ့အကြောင်း ပြောပေးမယ်၊ ကေဇင့်ဖုန်းနံပါတ် ကိုကို့ကိုပေး"

သူမငြိမ်သက်တွေဝေသွားမိ၏။

ဒုက္ခပါလား. . . ကိုကိုခိုင်မင်းကို သူမဘယ်လို လိမ်ညာရမှာပါလိမ့်. . .

"ပေးလေ. . . ပန်းရိပ်"

သူမဘာမှပြန်မပြောဖြစ်ဘဲ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိ၏။

"မင်းကိုကို့ကို လိမ်ညာနေတယ်ဆိုတာ ကိုကိုသိတယ် ပန်းရိပ်ရယ်၊ မင်းက တစ်ခါမှမလိမ်ဖူးတော့ ဘယ်လိမ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါ့မလဲ”

သူမရှေ့မှာ ဆက်လက်ပြီး ရပ်မနေဝံ့တော့သလို ထွက်ပြေးလာခဲ့မိသည်။

ရင်ထဲမှာလည်း ဝမ်းနည်းလှိုက်တုန်နေမိလေသည်။

သူမပြေးထွက်လာခဲ့သည့် ခြံထဲသို့ သူကနောက်မှ ပြေးလိုက်လာခဲ့၏။

“ပန်းရိပ် . . . ဘာဖြစ်လို့ထွက်ပြေးသွားတာလဲ . . . ပြောစမ်း”

ပိတောက်ပင်ကြီးအောက်ရောက်တော့ သူမကို လက်နှစ်ဖက်မှ ဆုပ်ကိုင်မိသွားသည်။

သူမရင်ထဲဝမ်းနည်းလာပြီး မျက်ရည်များဝဲလာမိ၏။

သူက သူမပခုံးနှစ်ဖက်မှ သူမကိုယ်လေးကိုဆွဲလှည့်လိုက်ပြီး သူမနှင့်မျက်နှာချင်းဆိုင်ရပ်ခိုင်းသည်။

“ပြောစမ်း ပန်းရိပ်၊ ငါမရှိတုန်း မင်းအဲဒီကောင်နဲ့ အဆက်အသွယ်လုပ်ခဲ့တယ်ပေါ့ ဟုတ်လား၊ အခုလဲ မင်းက မင်းသမီးတစ်ယောက်လိုပြင်ဆင်ပြီး သူနဲ့သွားတွေ့မလို့ပဲ မဟုတ်





လား၊ ပြောစမ်း . . . သူနဲ့မင်း ဘယ်အခြေအနေထိရောက်သွားပြီလဲဟင်”

သူမကိုယ်လေးကို လက်မောင်းနှစ်ဖက်မှ ဆွဲခါ လှုပ်ယမ်းရင်း သူဒေါသတကြီးမေးနေ၏။

“မဖြေဘူးလား ပန်းရိပ်”

“ဖြေပါ့မယ် . . . သူ့ညီမလေးက အကူအညီတောင်းခဲ့လို့အတွက် ပန်းရိပ်သူ့ကို အကူအညီပေးခဲ့မိပါတယ်”

သူ့ကိုဘယ်လိုမှဆက်ပြီး လိမ်ညာ၍မရနိုင်မှန်း သူမသဘောပေါက်နားလည်မိသောကြောင့် အမှန်ကိုပင် ပြောလိုက်သည်။

“တောက် . . . ငါအတန်တန်တားမြစ်ထားတဲ့ကြားထဲကကွာ . . .၊ ဒါဖြင့် အခုလဲ ငါမှန်းတာမှန်နေပြီပေါ့ ဟုတ်လား”

“သွားချိန်းတွေ့မလို့မဟုတ်ပါဘူး၊ သူနဲ့ညစာအတူသွားစားကြမလို့ပါ”

သူမအဖြေစကားကြောင့် သူဒေါသထွက်သွားပြီး သူမမျက်နှာကိုရိုက်ရန် သူလက်တစ်ဖက်ဖြင့်ရွယ်လိုက်၏။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိန်းလိုက်ပုံဖြင့် . . .

"တောက် . . . မင်းဘာ့ကြောင့် ဒီလူ့ကိုတွယ်တာ ရတာ လဲ၊ သူနဲ့ညစာအတူသွားစားဖို့အထိတောင် ဖြစ်နေကြ ကိုး"

"မိတ်ဆွေတစ်ယောက်လို သူ့ကိုကူညီနေတာပါ ကို ခိုင်မင်း"

"မိတ်ဆွေ ဟုတ်လား၊ ဘာမိတ်ဆွေလဲ၊ သူ့ရည်း အနေနဲ့ မင်းသရုပ်ဆောင်နေရတာမဟုတ်လား၊ ဘာလဲ . . . မင်းက ဒီအဖြစ်လေးကိုပဲ သာယာနေသလား ပန်းရိပ်"

"အို . . . မဟုတ်ဘူး၊ မဟုတ်ဘူး"

"မဟုတ်ဘူးဆိုတာ ဟုတ်ရောဟုတ်ရဲ့လား ပန်းရိပ် ဒီမှာ ပန်းရိပ်၊ ဘာမှသွေးမတော်သားမစပ်တဲ့ ယောက်ျား ယောက်နဲ့မိတ်ဆွေဆိုပြီး သမီးရည်းစားတမ်းကစားတာ စရာကောင်းတဲ့အလုပ်မဟုတ်ဘူးနော်"

သူ့စကားတွေရင့်သီးလာသောကြောင့် သူမအံ့ကြိ တွေဝေနေမိစဉ် သူမနှုတ်ခမ်းများ ပွန်းသွားသည်။





"မဖြစ်ဘူး၊ မင်းကိုငါ အမြန်ဆုံးလက်ထပ်မှဖြစ်လိမ့် ယ်၊ ဒါမှ စိတ်ချရမှာ"

သူမထိတ်လန့်သွားမိ၏။

"မနက်ဖြန်ကစပြီး ငါမပါဘဲ မင်းဘယ်မှမသွားရဘူး ားလည်လား"

"ကျွန်မကို ကိုကိုခိုင်မင်း မပိုင်ပါဘူး"

"အေး . . . မပိုင်သေးဘူး၊ မှန်တယ်၊ ဒါပေမယ့် မင်းကို ိုင်ဆိုင်ဖို့ငါအမြဲကြိုးစားနေမှာပဲ၊ တစ်နေ့မင်းလက်ထပ်ရမယ့် ူဟာ ငါပဲဆိုတာ မင်းမြဲမြဲမှတ်ထားပါ ပန်းရိပ်ထင်"

သူမကိုယ်လေးကိုတွန်းပစ်၍ပြောအပြီးမှာ သူမအနီးမှ ဒေါသတကြီး ခြေဆောင့်နင်းလျက်ထွက်သွား၏။

သူမရင်ထဲ ထိခိုက်နာကျင်ပြီး ပါးပြင်ပေါ်သို့ မျက်ရည် ား စီးကျနေသည်။

◀◀◀◀◀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ပန်းရိပ်ကို သူအတင်းအကျပ်လက်ထပ်မည်ဟုပြော သည့်နေ့ကတည်းက သူ့ကိုသူမရှောင်နေခဲ့မိသည်။

မနက်စောစော အိပ်ရာမှနိုးသည်နှင့် ရေမိုးချိုးပြင်ဆင် ပြီး လေဆိပ်သို့ထွက်ခဲ့သည်။

သူလိုက်ပို့ပေးမှာစိုး၍ သူ့ထက်စောအောင်ထပြီး သူ့ အိမ်မှ ထွက်လာခဲ့သည်။

ညနေပြန်ချိန်တွင်လည်း သူလာကြိုသည့်အချိန်ထိ မစောင့်ဘဲ ကမန်းကတမ်းပြန်လာတတ်သည်။





သည်လိုနှင့် ငါးရက်ခန့်ကြာသွားခဲ့ပေပြီ။

သူ့ကိုရှောင်နေတာကို ခိုင်မင်းကသိသည်။

သူမရင်ထဲမှာ ဆူးသစ်အကြောင်းမကြာခဏတွေးမိ၏။ သူမနဲ့မတွေ့ရတဲ့ရက်တွေမှာ သူအရမ်းကိုခံစားနေရရှာမှာပဲ။

သည်ကနေ့တော့ ခိုင်မင်းကို သူမရှောင်၍မရ။ သူက သူမထက်ဦးအောင် အိပ်ရာမှထပြီး ကားပေါ်တွင်အဆင်သင့် စောင့်နေ၏။

သူ့ကိုမထင်မှတ်ဘဲတွေ့လိုက်ရသည်မို့ သူမအံ့အားသင့် သွားမိ၏။

"ဘာကြည့်နေတာလဲ ပန်းရိပ်၊ ကားပေါ်တက်လေ၊ မင်းကို လေဆိပ်လိုက်ပို့ပေးဖို့ မနက်သုံးနာရီကတည်းက ထပြီး စောင့်နေရတာ"

သူမ မငြင်းသာတော့၍ကားပေါ်တက်လိုက်ရ၏။ သူက ကားမောင်းထွက်လာခဲ့သည်။

"ကိုကို့ကိုဘာလို့ရှောင်နေတာလဲပန်းရိပ်၊ ကိုကို့ကိုသိပ် မုန်းနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မမုန်းပါဘူး"

"ဒါဖြင့် ဘာလို့ရှောင်နေရတာလဲ"

"ကိုကိုနဲ့ရင်မဆိုင်ချင်လို့ပါ"

"ဘာကြောင့်လဲ. . . ကိုကိုက သိပ်မုန်းစရာကောင်းနေ လို့လား၊ ဘာကြောင့် ငါ့အသည်းကိုခါးနဲ့မွှန်းနေရတာလဲ"

"ကိုကိုခိုင်မင်းကို ပန်းရိပ်မမုန်းပါဘူး၊ ဒါပေမယ့် ကိုကို ခိုင်မင်းကို ပန်းရိပ်မမုန်းမိစေနဲ့ပေါ့"

"ဘယ်လို"

"ပန်းရိပ်ဟာ အရုပ်တစ်ရုပ်မဟုတ်ဘူး ကိုကို၊ ပန်းရိပ် ခံစားချက်ကို ကိုကိုဘာကြောင့် လျစ်လျူရှုချင်ရတာလဲ"

"ပန်းရိပ်က ဘာတွေခံစားနေရလို့လဲ၊ ဟိုလူနဲ့ မဆက် သွယ်ရတာနဲ့ပဲ ကိုကို့အပေါ်အမျက်ဒေါသတွေရှုနေပြီလား ဟား. . . ဟား"

သူက ခပ်လှောင်လှောင်ရယ်ရင်း ပြောသည်။

ကားက direction ပြောင်းသွားသောကြောင့် သူမအံ့ဩ သွားမိ၏။





"ဘယ်ကိုမောင်းနေတာလဲ ကိုကိုခိုင်မင်း"

"အချိန်တွေအများကြီးကျန်ပါသေးတယ် ပန်းရိပ်၊ မင်း တာဝန်ချိန် လုံးဝနောက်မကျစေရဘူး စိတ်ချ"

"ဘယ်ကိုမောင်းနေတာလဲ အခုရပ်ပါ"

သူမကစွတ်အော်တော့ သူက 'ကားကိုတမင်ဘရိတ် ဆောင့်နင်းပစ်လိုက်သည်မို့ သူမကိုယ်သူမ မနည်းထိန်းလိုက်ရ၏။

သူက ရုတ်တရက် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး မျက်နှာကိုနမ်းရန်ကြိုးစားသည်။

"အို. . . လွှတ်ပါ ကိုကိုခိုင်မင်း"

သူမအလွန်ထိတ်လန့်သွားပြီး သူ့ရင်ဘတ်ကို တွန်းပစ် သည်။ သို့သော် သူကမလွှတ်ဘဲ သူမမေးဖျားလေးကို ဆွဲမော့ လိုက်ပြီး. . .

"မင်းဘာကြောင့် ဒီလောက်ခေါင်းမာနေရတာလဲ ပန်းရိပ်"

"ကျွန်မဘယ်မှာ ခေါင်းမာနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမင်းကို အရူးအမူးချစ်နေတာသိလျက်နဲ့ မင်းနှလုံးသားက ဘာကြောင့်ဒီလောက်ထိမာကျောနေရတာလဲ . . . ပြောစမ်း"

"အချစ်ဆိုတာ လုပ်ယူလို့မရပါဘူး ကိုကိုခိုင်မင်း"

"ဩော် . . . ဟိုဆူးသစ်ဆိုတဲ့လူကိုကျတော့ ချစ်လို့ရသလား ဟင်၊ မင်း သူ့ကိုချစ်နေတယ်မဟုတ်လား ပန်းရိပ်"

သူမ မဖြေ။ သူ့ရင်ဘတ်ကို တအားတွန်းပစ်တော့ သူက လွှတ်ပေးလိုက်သည်။

"ဒီမှာ ပန်းရိပ်၊ မင်းကို ကိုကိုချစ်လာခဲ့တာ အခု မဟုတ်ဘူးနော်၊ ဟိုးငယ်ငယ်ကလေးထဲက အရိပ်တကြည့်ကြည့်နဲ့မြတ်နိုးခဲ့ရတာ၊ မင်းကျောင်းမပြီးသေးလို့ မင်းပညာရေးအတွက် ကိုယ်စောင့်ပေးခဲ့တယ်၊ ပြီးတော့ လေယာဉ်မယ်လုပ်ချင်သေးတယ်ဆိုလို့ မင်းအလိုကိုလိုက်ပြီး ခွင့်ပြုခဲ့တယ်၊ ခုတော့ ချစ်သူသစ်လေးရှာချင်ပါသေးတယ်ဆိုတာကတော့ မင်း မလွန်လွန်းဘူးလား"

"ပန်းရိပ်ချစ်သူသစ် မရှာပါဘူး၊ ပန်းရိပ်မှာ ချစ်သူ





မရှိသေးဘဲ"

"ဘာ . . . ချစ်သူမရှိဘူး ဟုတ်လား၊ မင်းရဲ့ချစ်သူအရင်းခေါက်ခေါက်ကြီးက ဒီမှာလေ မေ့နေပြီလား ပန်းရိပ်ရဲ့"

သူမကိုယ်လေးကို ပခုံးမှဆွဲလှည့်ပြီး သူပြောသည်။

"အချစ်ဆိုတာကို လူတွေကအမျိုးမျိုးအဓိပ္ပါယ်ဖွင့်နေကြတယ်၊ ကိုယ့်အတွက်တော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲ"

ပြောပြီး သူမမျက်နှာကို အတင်းအကြပ်နမ်းသည်။ သူမရှောင်ချိန်မရပေ။

"မင်းကိုငါ မရရအောင်လက်ထပ်မယ်၊ ဒီကိစ္စအမြန်ဆုံးစီစဉ်ရမယ်"

"ပန်းရိပ် . . . ပန်းရိပ် လက်မထပ်နိုင်သေးဘူး ကိုကိုခိုင်မင်း"

သူမအလန့်တကြား အော်မိသည်။

"ဘာ"

"ပန်းရိပ်ကို ခွင့်လွှတ်ပါ၊ ပန်းရိပ် လက်မထပ်ချင်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"လက်မထပ်ချင်သေးဘူး . . . လက်မထပ်နိုင်သေးဘူ ဆိုတဲ့ စကားတွေနဲ့ ငါ့ကိုစောင့်ခိုင်းထားခဲ့တာ ဘယ်လောက်ကြာ နေပြီလဲ ပန်းရိပ်၊ မင်းကိုချစ်လွန်းလို့ အလှကြည့်နေရင်း ငါတ ရစ်ဖြစ်တော့မှာပေါ့၊ မင်းက ငါ့ကိုထားရစ်ခဲ့မှာပဲ မဟုတ်လား"

သူမဘာမှမပြောတတ်တော့ပေ။ ဖြစ်နိုင်လျှင် သူ့ အဝေးဆုံးသို့ ပြေးထွက်သွားချင်နေမိ၏။

သူမရင်ထဲထွက်ပေါက်မဲ့သလိုဖြစ်နေပြီး မျက်ရည်ေ မျက်ဝန်းနှစ်ဖက်မှ လိမ့်ဆင်းလာသည်။

သူမမျက်ရည်တွေကို သူမမြင်အောင် ကားမှန်ပြတင် ဘက်လှည့်ပြီး ထိုင်နေမိ၏။

"မင်းငါ့ကို ဘာမှဆင်ခြေပေးဖို့ကြိုးစားမနေနဲ့ ပန်း လက်ထပ်ဖို့ကိစ္စ မေမေ့ကိုငါပြောထားပြီးပြီ၊ မေမေ သဘောတူတယ်၊ ဒီလအတွင်းမှာပဲ မင်းကိုငါလက်ထပ်မ နားလည်လား"

စကားဆုံးသည်နှင့် သူကားစက်နှိုး၍ လေဆိပ်





မောင်းထွက်လာခဲ့သည်။

သူရောသူမပါ တစ်လမ်းလုံး စကားမပြောဖြစ်တော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေကြ၏။

ညနေပြန်တော့လည်း သူလာကြိုသည်။ သို့သော် သူမ ကို စကားတစ်ခွန်းမှမပြော။

သူက သူမကိုအနိုင်ယူမည့်သူပဲ။ သူကပဲ စိတ်ဆိုးနေရ သေးလား . . . ဟု သူမရင်ထဲမှာ မကျေမနပ်တွေးနေမိသည်။

အိမ်ပြန်ရောက်သည်နှင့် ထမင်းလည်းဆင်းမစားဖြစ်ဘဲ အခန်းထဲမှာပင် ခွေနေမိသည်။

ကိုကိုခိုင်မင်းနှင့်လက်ထပ်ရမှာကို တွေးကြောက်ပြီး သူမငိုရှိုက်နေမိ၏။

သူ့ကိုလက်မထပ်နိုင်ဘူး . . . သူက မရရအောင် လက် ထပ်မယ်တဲ့ . . .

အချစ်မပါတဲ့အိမ်ထောင်တစ်ခုကို မတည်ဆောက်ချင် ဘူး . . . ပန်းရိပ်ဘယ်လိုလုပ်ရမလဲ . . . ဘယ်လိုလုပ်ရမလဲ . . . ထွက်ပြေးရမှာလား . . .



www.burmeseclassic.com

www.burmeseclassic.com



အတွေးများစွာဖြင့် သူမတစ်ယောက်တည်းခေါင်းထဲမှာ ချာချာလည်နေသည်။ ထိုစဉ်. . . သူမမိုဘိုင်းလ်ဖုန်းလေးမြည်လာ၏။

သူများလား. . . ဟု ရင်ခုန်စွာ တွေးမိသည်။ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ တကယ်ပင် သူ့ဖုန်းနံပါတ်ဖြစ်နေ၏။

"ဟယ်လို"

"မမလားဟင်. . . အိဇင်ပါ၊ မမကိုဖုန်းဆက်နေတာကြာပြီ သိလား၊ အိဇင် message တောင်သွင်းထားသေးတယ် ရလားဟင်"

ဖုန်းကိုလုံးဝမဖွင့်ဘဲ ပိတ်ထားခဲ့သောကြောင့် သူမဘာမှ မသိရပေ။

"အခုမှ ဖုန်းဖွင့်ဖြစ်တယ် အိဇင်"

ငိုသံမပေါက်အောင်ကြိုးစားပြီး သူမပြောလိုက်သည်။

"ကိုကိုရော မမနဲ့မတွေ့ရလို့ အရမ်းရောဂါတက်နေပြီ မမ၊ ကယ်ပါဦး မမရယ်"

"ဝမ်းနည်းပါတယ် အိဇင်၊ တို့မှာလဲ တို့ပြဿနာနဲ့တို့မို့





အိဇင်ကိုကိုကို မကူညီနိုင်တော့ဘူး"

"ဒီလိုတော့အပြတ်ကြီးမပြောပါနဲ့ မမရယ်၊ ကိုကို့အဖြစ်က သူရှာနေတဲ့ချစ်သူကို ပြန်တွေ့ပြီးမှ ပျော်ရွှင်မှုလေးတွေပြန်ပြီးမှ ရုတ်တရက်ကြီး မမကပျောက်သွားတော့ အခြေအနေ အတော်ဆိုးရွားနေပြီ၊ တစ်အိမ်လုံးကိုရမ်းနေတာ အိဇင်တို့နေစရာတောင်မရှိတော့ပါဘူး"

ပြောရင်း အိဇင်ငိုသံပေါက်လာ၏။

သူ့အကြောင်းကြားရပြန်တော့ ရင်ထဲမှာ သနားဂရုဏာစိတ်များ ပြည့်လျှံလာရပြန်သည်မဟုတ်ပါလား. . .

"မမလဲ အိဇင်တို့ကို ကူညီချင်ပါသေးတယ်၊ ဒါပေမယ့် မရဲ့ကိုကို ခရီးကနေ ပြန်ရောက်လာပြီလေ၊ သူက မမဘာ ပ်လုပ် အမြဲတမ်းအရိပ်တကြည့်ကြည့်ဖြစ်နေတာ၊ သူသဘော ာူခွင့်မပြုတဲ့ကိစ္စ ဘာဆိုဘာမှ မမလုပ်ခွင့်မရှိလို့ပါ အိဇင်ရယ်"

"မမအစ်ကိုကလဲ ရှင်းပြလို့တောင် မရဘူးလား"

"သူ့အကြောင်း အိဇင်လဲသိမှာပါလေ၊ ဟိုတစ်ခါက ာ်မိတယ်မဟုတ်လား၊ သူ့ကိုမလွန်ဆန်ရဲဘူး အိဇင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . . ဒါဖြင့် ကိုကို့အတွက် အိဇင်လက်ဆော
လိုက်ရတော့မှာပေါ့နော်"

"မမကိုနားလည်ပေးပါ အိဇင်ရယ်"

အိဇင်က ငိုရှိုက်ပြီး ဖုန်းချသွား၏။ သူမရင်ထဲမှာလည်း
မကောင်း။

လွန်ခဲ့သည့်ရက်များက သူမနှင့်တတွဲတွဲသွားလာ
ပျော်ရွှင်လန်းဆန်းနေသည့် သူ့မျက်နှာကိုပြန်လည်မြင်ယော
နေမိ၏။

ခွင့်လွှတ်ပါ ကိုဆူးသစ်ရယ် . . . ပန်းရိပ်ကို ခွင့်လွှ

ရှင့်ကိုပန်းရိပ် ကူညီချင်ပါတယ်၊ ရှင့်ဝေဒနာတွေ
သာအောင် ရှင့်နားမှာ အဖော်ပြုပေးချင်ပါတယ် . . .

ဒါပေမယ့် . . .

ဝမ်းနည်းနာကျင်လွန်း၍ သူမ၏ငိုရှိုက်သံများ
မလာတော့ဘဲ ရင်ထဲမှာပင် ပွဲတင်ထပ်နေလေသည်။

❤❤❤





## အခန်း(၁၀)

ခုတလော သူမဘယ်သူနှင့်မျှစကားသိပ်မပြောဖြစ်ဘဲ
စ်ယောက်တည်း တိတ်ဆိတ်စွာရှောင်ဖယ်နေမိ၏။

ခိုင်မင်းကတော့ သူနှင့်သူမ၏လက်ထပ်ပွဲကိစ္စအတွက်
ပြင်အဆင် စီစဉ်နေလေသည်။

သူမရင်ထဲတွင် ဘာကြောင့်မှန်းမသိ။ တိတ်ဆိတ်
ခြောက်ကပ်နေ၏။

သူ့ကို သတိရနေမိသည်။

ဘာပဲဖြစ်ဖြစ် သူနဲ့အတူသွားလာခဲ့ရတဲ့၊ စကားပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ရက်ကလေးတွေဟာ သူမဘဝမှာ အပျော်ရွှင်ဆုံးရ ကလေးတွေပါပဲ။

ရှင့်ကိုဘာကြောင့်များ သတိရတမ်းတနေမိသလဲဆို ပန်းရိပ်မတွေးတတ်တော့ပါဘူး ကိုဆူးသစ်ရယ်. . .

ရှင်နဲ့ကျွန်မတွေ့ချင်နေမိတယ်၊ ရှင်လဲ ကျွန်မကိုသိ ချင်နေမှာပဲဆိုတာ ကျွန်မနားလည်ပါတယ်လေ. . .

ပန်းရိပ်ဘဝမှာ တစ်ခါမှမရခဲ့ဖူးတဲ့ကြည်နူးပျော်ရွ လေးတွေ ရှင်နဲ့တွေ့မှရခဲ့တာပါ. . . ရှင့်ကိုတွယ်တာနေ ပန်းရိပ်နှလုံးသားကို ပန်းရိပ်နားမလည်နိုင်ဘူး. . .

"သံယောဇဉ်ဆိုတာ ချစ်ခြင်းရဲ့မြစ်ဖျားပဲဆိုရင်. . . ပန်းရိပ် ရှင့်ကို. . .

မိုဘိုင်းလ်ဖုန်းမြည်သံကြောင့် ဝရံတာတွင်ရပ်နေ သူမအခန်းရှိရာသို့ ပြေးဝင်လာခဲ့မိသည်။

ပြီးတော့ ဖုန်းကိုဖွင့်၍နားထောင်ရင်း ဝရံတာသို့ ထွက်လာခဲ့သည်။

"ဟယ်လို"





"မမပန်းရိပ်လားဟင်၊ အိဇင်ပါ။ ကိုကိုက မမနဲ့ခဏ လောက်စကားပြောချင်လို့တဲ့၊ တစ်နေ့လုံးအရမ်းဝေဒနာတက် နေတာ၊ မမဆီဖုန်းဆက်ပေးမယ်ဆိုမှ ငြိမ်ကျသွားတာ၊ ကိုကိုနဲ့ ခဏလောက်စကားပြောပေးပါနော် မမ၊ ကူညီမယ်မဟုတ်လား ဟင်"

သူမလက်ခံရမလို ငြင်းရမလိုနှင့် တွေဝေနေမိစဉ် ဖုန်း ထဲမှ ကြားလိုက်ရသည့်သူ့အသံကြောင့် ရင်ခုန်လှုပ်ရှားသွားမိ ၏။

"နှောင်းလေးလား. . ကိုကိုပါ၊ နှောင်းလေးလား"

"ဟုတ်. . . ဟုတ်ပါတယ်"

"သိပ်သတိရတာပဲ နှောင်းလေးရယ်၊ နှောင်းလေးဆီ ကိုဖုန်းဆက်သေးတယ်၊ ဒါပေမယ့် နံပါတ်က သေချာမသိ တော့ ဘယ်တွေရောက်ရောက်သွားမှန်းမသိဘူး၊ အိဇင်က နှောင်းလေးနံပါတ်ကိုအခုမှပဲ ပေးတော့တယ်"

သူ့စကားကြောင့် သူ့ကို သူမကရုဏာဖြစ်နေမိ၏။

"နှောင်းလေး ကိုကို့ဆီဘာလို့ မလာတော့တာလဲဟင်၊



www.burmeseclassic.com

www.burmeseclassic.com



နှောင်းလေးမရှိရင် ကိုကိုမနေတတ်တော့ဘူး၊ ကိုကိုသေလိမ့်မယ်၊ ကိုကို့ဆီမြန်မြန်လာပါ နှောင်းလေးရယ်နော်"

ပြောရင်းဖြင့် သူငိုရှိုက်နေသောကြောင့် သူမဘာလုပ်ရမှန်းမသိဖြစ်သွား၏။

"မငိုပါနဲ့. . . မငိုပါနဲ့ ကိုဆူးသစ်ရယ်၊ ရှင့်ဆီကွန်းလာချင်ပါတယ်၊ ဒါပေမယ့်. . ."

"ကိုကိုရူးရလိမ့်မယ် ၊နှောင်းလေးရယ်၊ ကိုကို့ကို ထားမသွားပါနဲ့၊ ကိုကို့ဆီ အမြန်လာခဲ့ပါ နှောင်းလေး နှောင်းလေး"

တစ်ဖက်ဖုန်းမှ စူးစူးဝါးဝါးအော်နေသော သူ့အသံကြောင့် အံ့ဩထိတ်လန့်သွားမိ၏။

"ကိုဆူးသစ်. . . ကိုဆူးသစ်၊ ရှင်သတိထားပါဦး"

"ကိုကို့ကိုမချစ်တော့ဘူးလားကွာ၊ ကိုကိုလို့ခေါ်ပါ"

"ကိုကို"

"နှောင်းလေးပြန်လာပါ ၊နှောင်းလေးကို ချစ်တယ်"

သူကပြောရင်း ငိုပြန်သည်။ ကလေးတစ်ယောက်လို အော်ဟစ်ငိုကြွေးနေသည်မို့ သူ့အခြေအနေကို သူမနားလည်





အဘောပေါက်သွားမိသည်။

သူ့အခြေအနေက ယဉ်ယဉ်လေးမှ သွက်သွက်ခါ ရူးသွပ်သည့်အဆင့်သို့ ရောက်တော့မည်။

သူမဘယ်လိုလုပ်ရမှာပါလိမ့်. . .

"အီး. . . ဟီး. . . ဟီး၊ နှောင်းလေးပြန်လာပါ"

ထိုစဉ် သူမနောက်မှခြေသံကြောင့် သူမလန့်ဖျတ်သွားပြီး နောက်သို့လှည့်ကြည့်လိုက်မိသည်။

"ဟင်. . . ကိုကိုခိုင်မင်း"

သူ့ရင်ထဲဒိန်းခနဲဆောင့်ခုန်သွားပြီး လက်ထဲမှမိုဘိုင်းလ်ဖုန်းလေးလွတ်ကျသွားတော့၏။

ခိုင်မင်းက သူမရှေ့တည့်တည့်မှာရပ်လိုက်ပြီး မျက်နှာတင်းတင်းဖြင့် သူမကိုကြည့်နေသည်။

သူမရင်ထဲအရမ်းတုန်လှုပ်သွားမိပြီး သူ့ကိုမကြည့်ဝံ့တော့သလို ခေါင်းငုံ့ချလိုက်မိသည်။

"ကိုကို ဟုတ်လား. . . ဘယ်က ကိုကိုလဲ"

သူမ မဖြေရဲ။ ကြောက်ရွံ့ထိတ်လန့်စိတ်ကြောင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်ခုလုံး တဒိန်းဒိန်းဆောင့်ခုန်နေ၏။

"ငါမေးနေတယ်လေ ပန်းရိပ်၊ ဘယ်က ကိုကိုလဲလို့"

"- - - - - - - - -"

သူက မထိတရိပြုံးလိုက်ပြီး. . .

"ကိုကိုတဲ့. . . ဟော်ဒီနှုတ်ခမ်းလေးကို ရွှေချထား

ကောင်းတယ်. . . တောက်"

သူမကိုယ်လေးကို ဆောင့်တွန်းပစ်လိုက်ရင်း သူ

သည်။

"ငါဒီလောက် တားမြစ်နေတဲ့ကြားထဲက ဒီလူနဲ့

ဖုန်းပြောဝံ့တဲ့မင်းရဲ့သတ္တိကိုတော့ ငါချီးကျူးပါတယ် ပန်းရိပ်

ကဲ. . . ပြောစမ်း၊ မင်းက သူ့ကို ကိုကိုလို့ခေါ်ရအောင်

က ချစ်သူတွေမို့လား"

"မဟုတ်ပါဘူး၊ သူ့ရောဂါအရမ်းအခြေအနေဆိုး

လို့. . ."

"တော်စမ်း. . . သူ့ရောဂါအခြေအနေဆိုးရင်

ကျန်းမာရေးဆေးရုံပို့လိုက်ရုံပေါ့ကွ၊ မင်းကိုလာပြီး





ခေါ်ခိုင်းနေစရာ မလိုဘူး၊ မင်းကကော ဒီလူကို ကိုကိုလို့ ခေါ်စရာလား၊ ဒီမှာ ပန်းရိပ်၊ မင်းနှုတ်ဖျားက ကိုကိုလို့ ခေါ်ရမယ့်သူဟာ ဒီကမ္ဘာ လောကကြီးထဲမှာ ငါတစ်ယောက်ပဲရှိတယ်ဆိုတာ မင်းမသေမချင်းမှတ်ထားလိုက်စမ်း"

သူ့အသံကမာကျောနေပြီး မျက်နှာထားက ခက်ထန်လှ၏။ ပြီးတော့ ဒေါသကြောင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေလေသည်။

"ပန်းရိပ်ထင်. . . ငါဟာ မင်းလက်ထပ်ရတော့မယ့်ယောက်ျားတစ်ယောက်ဆိုတာ မင်းမေ့နေပြီလား"

"မမေ့ပါဘူး"

သူမ မျက်ရည်ဝဲဝဲဖြင့် ဖြေသည်။

"မမေ့ရင် ဒီဘာမဟုတ်တဲ့လူနဲ့ ဘာကြောင့်ဆက်သွယ်နေရတာလဲ ပြောစမ်း၊ ငါ့အပေါ် စိမ်းကားနိုင်သလောက် သူ့အပေါ် မေတ္တာတွေ စေတနာတွေ ကရုဏာတွေ ဘာကြောင့်ပိုနေရတာလဲ မင်းဖြေစမ်း"

သူမလက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်လေးကို ကြမ်းတမ်းစွာ ဆွဲခါ၍မေးနေသောကြောင့် သူမမျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။

"ငိုပြန်ပြီလား ပန်းရိပ်၊ မင်းမျက်ရည်လေးစမ်းစမ်းလုပ်ပြတာနဲ့ ငါအလျှော့ပေးလိုက်လိမ့်မယ်လို့ မထင်နဲ့၊ မင်းကိုငါ မသနားတော့ဘူး၊ ဒီမှာ မင်းမြဲမြဲမှတ်ထားစမ်းပါ၊ ခိုင်မင်းဆိုတဲ့ လူဟာ အချစ်အတွက် အသက်နဲ့လဲသွားမယ်ကွ၊ နားလည်လား"

"ပန်းရိပ်ကိုခွင့်လွှတ်ပါ ကိုကို"

"ကိုကိုဆိုတဲ့အသံကိုကြားရရင် မင်းကိုငါသတ်ပစ်ချင်တယ် သိလား၊ သိပ်အံ့ဩတယ် ပန်းရိပ်၊ မင်းကိုတစ်သက်လုံး နှစ်ပေါင်းများစွာ အရိပ်တကြည့်ကြည့်မြတ်နိုးလာခဲ့တဲ့ ငါ့ကို ဥပေက္ခာပြုခဲ့၊ စိမ်းကားပြင်းဆန်ခဲ့သလောက် မနေ့တစ်နေ့က တွေ့ခဲ့ရတဲ့ စိတ်ဝေဒနာသည်တစ်ယောက်ကို သံယောဇဉ်တွယ် နေတယ်ဆိုတာ အံ့ဩစရာပဲ. . . ဟား. . . ဟား. . .၊ သိပ် ရယ်ရတယ်၊ ပြီးတော့ ငါ့ကိုခေါ်သလို ကိုကိုတဲ့"

လှောင်ပြောင်သရော်သံများက သူမနားနှင့်မဆုံ လောက်အောင် တိုးဝင်လာ၏။

"ဘာကြောင့် ငိုနေရတာလဲ ပန်းရိပ်၊ မင်းအတောင်နဲ့





မတွေ့ရတော့မှာ စိုးလို့လား၊ စိတ်ချ. . မင်းကိုငါ မနက်ဖြန်ပဲ လက်ထပ်တော့မှာ၊ ပထမတော့ ဟိုတယ်လ်ခန်းမ ရက်မရတာနဲ့ နောက်တစ်လ နှစ်လလောက်စောင့်ဦးမလို့ပဲ၊ ခုတော့ ငါစိတ် ပြောင်းသွားပြီ၊ မင်းကို မနက်ဖြန်ပဲလက်ထပ်တော့မယ်"

ပြောပြီး သူမကိုယ်လေးကိုသူ့ရင်ခွင်ထဲအတင်းဆွဲသွင်း လိုက်၏။ သူမရုန်းလေ သူကတိုးပြီး ဖက်ပွေ့လေ။

"ဒီလိုမလုပ်ပါနဲ့ ကိုကို"

သူက လွှတ်မပေးဘဲ တဟားဟားအော်ရယ်နေ၏။

သူမရင်တစ်ခုလုံး တုန်ယင်လှိုက်မောလာပြီး သူ့လက်ထဲ တွင် ပျော့ခွေကျသွားတော့သည်။

"ဟင်. . . ပန်းရိပ်. . . ပန်းရိပ်"

သူ့ခေါ်သံတို့ မကြားတစ်ချက်ကြားတစ်ချက်။ ဘယ် လောက်ကြာကြာ သူမမေ့မျောသွားသည်မသိပါ။

သူမပြန်သတိရလာတော့ သူမအိပ်ခန်းထဲရှိ ခုတင်ပေါ် တွင် ရောက်နေပေပြီ။ သူမဘေးတွင် သူမမိခင်နှင့်ကိုကိုခိုင်မင်း တို့ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတိရပြီလား သမီးလေး၊ သမီးလေး မူးလဲသွားတာ ပါ"

"သတိရပြီ ၊နော် ပန်းရိပ်၊ ကိုကိုလန့်သွားတာပဲကွာ"

သူ့မျက်နှာကိုမကြည့်ချင်တော့သလို သူမမျက်နှာလွှဲ ထားလိုက်သည်။ သူမနှလုံးသားတစ်ခုလုံး စူးရှနာကျင်နေသည်။

သူက သူကိုယ်တိုင်ပောလစ်စ်ဖျော်ပြီး သူမကို တိုက် သည်။

"မင်းညီမက သိပ်အားနည်းနေတယ်ကွယ်၊ မင်းသေချာ ဂရုစိုက်ပါ သားရယ်"

"စိတ်ချပါ မေမေ"

"သမီးသောက်ဖို့ မေမေအားဆေးသွားယူလိုက်ဦးမယ်"

မေမေအခန်းထဲမှထွက်သွားတော့ သူက သူမလက်ဖ ဖက်ကို အသာဆုပ်ကိုင်ပြီး. . .

"ကိုယ့်ကြောင့် ပန်းရိပ် ခုလိုဖြစ်ရတာ ကိုယ်စိတ် ကောင်းဘူးကွာ၊ ကိုကို့ကို စိတ်နာနေသလားဟင် ပန်းရိပ်"

သူမမဖြေဘဲ ငြိမ်သက်နေမိသည်။





"ကိုကို မင်းကိုသိပ်ပြီး ပိုင်ဆိုင်ချင်နေပေမယ့် မင်းဆီက ချစ်တယ်ဆိုတဲ့စကားကိုမကြားရမချင်း မင်းကိုအတင်းအကြပ် လက်ထပ်မယူရက်ပါဘူးကွာ"

သူမအပေါ်အမြဲအနိုင်ယူချင်သော်လည်း သူ့မျက်ဝန်း တွေထဲမှာတော့ သူမအပေါ် ကြင်နာမြတ်နိုးသည့်အရိပ် အယောင်များကို မြင်နေရလေသည်။

"ဒါပေမယ့် ကိုကို့ကို ကတိတစ်ခုတော့ပေးရလိမ့်မယ်"

"ဘာကတိလဲဟင်"

"ဟိုဆူးသစ်ဆိုတဲ့လူနဲ့ ဘယ်တော့မှမဆက်သွယ်ရဘူး ဆိုတဲ့ကတိပဲ"

သူမရင်ထဲနာကျင်သွား၏။

"ဘယ်လိုလဲ မပေးနိုင်ဘူးလား"

"ပန်းရိပ်. . . သူနဲ့မဆက်သွယ်တော့ပါဘူး"

သူမအသံက အင်အားမပါ။ လေးလံတိုးလျနေသည်။

"မင်းက သိပ်ချစ်စရာကောင်းလွန်းတယ် ပန်းရိပ်၊ မင်း မျက်လုံးလေးတွေဟာ သိပ်လှပြီး ယောကျ်ားလေးတွေကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နိုင်စွမ်းတွေပြည့်နှက်နေတယ်၊ ဒါကြောင့် ကိုကိုမင်းကို လုံးဝစိတ်မချနိုင်ဘူး”

သူမမျက်နှာလေးကို စိုက်ကြည့်ပြီး သူပြောသည်။

“စိတ်ချပါ ကိုကိုရယ်”

“မင်းလေ. . . မင်း၊ ငါ့အသည်းကို တစ်ဖွဲ့စီခြွေနေတယ်၊ ကိုကို့ကိုလက်ထပ်ဖို့ ကိုကို့ကိုချစ်လာအောင်ကြိုးစားမိပါကွာ. . . ကြားလား”

သူမခေါင်းညိတ်လိုက်မိသော်လည်း ရင်ထဲမှာတော့ တင်းကြပ်ဆို့နစ်နေ၏။

ခွင့်လွှတ်ပါတော့ ကိုဆူးသစ်ရယ်. . .

ပန်းရိုပ်ဘဝကို ပန်းရိုပ် မပိုင်ဆိုင်တဲ့အတွက် ရှင့်ဆီ ရောက်မလာနိုင်တော့ပါဘူး. . . .





# အပိုင်း (သုံး)



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ပန်းရိပ်ထင်နှင့်မတွေ့ရသည့်နေ့မှစ၍ သူ့ရောဂါ အခြေ
အနေက ဆိုးသည်ထက် ဆိုးဝါးလာခဲ့သည်။

"နှောင်းလေး. . . နှောင်းလေး၊ နှောင်းလေးကို
ခေါ်ပေးကြပါ၊ ကိုကို့ဆီ ပြန်လာခဲ့ပါ နှောင်းလေးရယ်"

သူ့အဖြစ်ကိုကြည့်ပြီး ယူကျုံးမရနိုင်ဘဲ စိတ်ထိခိုက်
နေရသူများက ဘွားဘွားဒေါ်နှင်းအိနှင့် အိဇင်တို့ပင် ဖြစ်သ

"ကိုကို့ရောဂါအခြေအနေက သိပ်ဆိုးနေပြီ ဘွား
မမပန်းရိပ်ထင်လဲ ကိုကို့ကို မကယ်နိုင်တော့ဘူး၊ အိဇင်တို့





လိုလုပ်ကြမလဲဟင်"

"ဘယ်လိုမှလုပ်လို့မရတော့ဘူး အိဇင်၊ နှောင်းလေးကို
မေ့အောင် အာရုံတစ်ခုခုပြောင်းပေးရမယ်လို့ ဒေါက်တာ
ပြောသွားတယ်မဟုတ်လား၊ ဘွားဘွားဆန္ဒပြောရရင်တော့
မြေးလေးကို ခရီးတစ်ခုခုထွက်စေချင်တယ်ကွယ်၊ ဒါမှ စိတ်ပြေ
လက်ပျောက်ဖြစ်မှာပေါ့"

"ဘွားဘွားအစီစဉ်ကောင်းတယ် ဘွားဘွား၊ ကိုကို့ကို
beach တစ်ခုခုကို လိုက်ပို့ပေးရင်ကောင်းမယ်"

သည်လိုနှင့် ဘွားဘွားဒေါ်နှင်းအိအစီအစဉ်အတိုင်း
ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးထွက်လာခဲ့ကြ၏။

ခရီးတွင် ဘွားဘွားဒေါ်နှင်းအိ၊ အိဇင်၊ ဆူးသစ်နှင့်
ဦးကြီးပွတို့လေးဦး ထွက်လာခဲ့ကြခြင်းပါ။

သောင်ပြင်ကျယ်ကြီးနှင့် ပြာလဲ့နေသည့်ပင်လယ်ပြင်
ကိုငေးကြည့်ရင်း သူ့မျက်ဝန်းထဲမျက်ရည်တွေဝေ့ဝဲလာပြန်သည်။

"နှောင်းလေးရယ်. . . ကိုကို့ဆီပြန်လာခဲ့ပါကွာ၊ ကိုကို့
အသည်းတွေကွဲကြေနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သဲသောင်ပြင်ပေါ်တွင် ဒူးထောက်ထိုင်ချရင်း ငိုကြွေး နေသောကြောင့် အိဇင်က . . .

"ထပါ ကိုကိုရယ်၊ ဒီလိုကြီး ထိုင်ငိုမနေပါနဲ့ ကြ မကောင်းပါဘူး၊ ထပါ"

"ငါ့ဘာသာငါ ငါ့ချစ်သူကိုလွမ်းလို့ငိုတာ ဘာဖြစ်သ ငါဘယ်သူ့မှ ဂရုမစိုက်ဘူး"

သူအော်ဆုတ်လိုက်သောကြောင့် ဘွားဘွားနား အိဇင်ပြေးထွက်လာခဲ့သည်။

"ဘယ်လိုလုပ်မလဲ ဘွားဘွား၊ ချောင်းသာရောက် တာတောင် ကိုကိုက နှောင်းလေးကိုမမေ့နိုင်သေးဘူး"

ဘွားဘွားရော ဦးကြီးပွပါ ဘာမှမပြောတတ်တော့သ ခေါင်းခါနေကြ၏။

တစ်ရက် . . . နှစ်ရက် . . . သုံးရက် . . .

သောင်ပြင်တစ်နေရာ(သို့)ကျောက်ဆောင်တစ်ခု မဟုတ် အုန်းပင်တစ်ပင်အောက်တွင် သူတစ်ယောက် ထိုင်ကာ ကြိတ်ဆွေးနေတတ်၏။





တစ်ခုသော ညနေခင်းလေးမှာတော့ . . .

"နင်တို့ငါ့နောက်လိုက်မလာကြနဲ့နော် ငါနိုင်နေပြီ"

ရှင်လန်းမြူးကြွသည့် အသံလွင်လွင်လေးကြောင့် သူ့ မျက်ဝန်းများက အသံလာရာဘက်သို့ အမှတ်မထင်ရောက်သွား ၏။

ဆံပင်ရှည်ရှည်ပျော့ပျော့လေးများ တလွင့်လွင့်နှင့် စွန် ခ်ဘီးတစ်လုံးကိုကိုင်ကာ စွန့်လွှတ်ရင်းသောင်ပြင်ပေါ် ပြေးလွှား နေသော မိန်းကလေးတစ်ယောက်။

သူမကိုငေးကြည့်ရင်း သူ့မျက်ဝန်းတွေပြူးကျယ်သွား လေသည်။

သူမက အပြာရင့်ရောင်ထက်အောက်ဝမ်းဆက်ကို ဝတ် ဆင်ထားပြီး ဖြူဖြူသွယ်သွယ်မြင့်မြင့်လေးရယ်ပါ။

သူမက စွန့်လွှတ်ရင်း သူထိုင်နေသည့် အုန်းပင်တန်း များကြား ရောက်လာ၏။ သူမနောက်မှ လိုက်လာကြသော သူငယ်ချင်းများကို ပုန်းလိုဇောဖြင့်ပြေးလိုက်စဉ်မှာ သစ်မြစ်တစ်ခု ငြိတိုက်မိပြီး ချော်လဲကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ သူထပြေးလာခဲ့ပြီး သူမကိုယ်လေးကို ထွေး
ပေးလိုက်သည်။

"သိပ်နာသွားသလား နှောင်းလေး"

သူမက အံ့သြထိတ်လန့်သွားသည့်အမူအရာလေးဖြင့်
သူ့မျက်နှာကိုမော့ကြည့်သည်။

"ကျေးဇူး"ဟု ပြောပြီး သူမလှည့်ထွက်မည်ပြုစဉ်
သူကတားဆီးလိုက်သည်။

"နေပါဦး နှောင်းလေးရယ်၊ ကိုကို့ကို ထားရစ်ခဲ့
မလို့လား"

သူ့စကားကြောင့် သူ့မျက်နှာကိုနားမလည်သလိုကြ
နေသည်။

"ကိုကို့ကို ခွဲမသွားပါနဲ့ကွာ နော်"

သူမပခုံးနှစ်ဖက်ကို အသာအယာဆုပ်ကိုင်၍ သူ့မျ
နှာလေးကို မြတ်မြတ်နိုးနိုးစိုက်ကြည့်ပြီးပြောနေသော
နှောင်းရှုပါ ရင်ခုန်လှုပ်ရှားသွားမိလေသည်။

သူက မျက်ခုံးများနက်မှောင်ထူထဲကာ မျက်ဝန်း





းရှုပြီး နှုတ်ခမ်းများပိရိသေသပ်ချောမောလွန်းသည်မို့ သူမရင်
ထဲလိုက်ခုန်သွားခြင်းပါ။

"အို . . . ရှင်ဘာတွေပြောနေတာလဲ"

"ကိုကိုလေ . . . နှောင်းလေးကိုသိပ်သတိရတာပဲ၊ ကိုကို့
ကိုခွဲမသွားပါနဲ့နော်၊ ကိုကိုတောင်းပန်ပါတယ်ကွာ"

ပြောပြောဆိုဆို သူကသူမကိုယ်လေးကို တင်းကျပ်စွာ
ခွဲယူပွေ့ဖက်ထားလိုက်၏။

ဆယ်ကျော်သက်လေးမို့ နှောင်းရှုပါ မူးမေ့မတတ် တုန်
သွဲ့သွားမိသည်။

"ရှင် . . . ရှင်ဘယ်လိုလုပ်လိုက်တာလဲ"

"ကိုကို့နားမှာ နေပါကွာနော်"

"အို . . . မနေနိုင်ဘူး"

သူ့ရင်ခွင်ထဲမှရုန်းထွက်ပြီး သူ့မျက်နှာကိုလှမ်းရိုက်ပစ်
လိုက်သည်မို့ သူအံ့သြမှင်သက်သွား၏။

ထိုစဉ် သူတို့နားသို့ အိဇင်ရောက်လာ၏။

"ဘယ်လိုဖြစ်တာလဲ ကိုကိုရယ်၊ အိဇင်ဟိုဘက်ခဏ



www.burmeseclassic.com

www.burmeseclassic.com



လေးသွားတာနဲ့ ဘာပြဿနာတွေဖြစ်နေပြန်ပြီလဲ"

"ကိုကိုနှောင်းလေးကို ပြန်ရှာတွေ့ပြီ အိဇင်"

အိဇင်က အနီးတွင်ရပ်နေသော အပြာရင့်ရောင် ဝမ်းဆက်နှင့်မိန်းကလေးကိုကြည့်ပြီး သဘောပေါက်သွား၏။

"စိတ်မရှိပါနဲ့ ညီမလေးရယ်၊ မမရဲ့ကိုကိုက စိတ်ဝေဒ သည်မို့ပါကွယ်"

မိန်းကလေးနားကပ်ပြီး အိဇင်ခပ်တိုးတိုးပြောလိုက် အိဇင်စကားကြောင့် သူမအလွန်အမင်းအံ့ဩသွားရသည်။

သည်လောက်ချပ်ဖြောင့်တဲ့လူက စိတ်ရောဂါသည် ဆိုပါလား . . .

အိဇင်က သူ့အစ်ကိုလက်မောင်းတစ်ဖက်ကိုဆွဲ ပြီး သူမနားမှ ထွက်သွားတော့၏။

ထိုလူက သူမကိုလှည့်ကြည့်လှည့်ကြည့်ဖြင့် ပါသွား သည်။

"နှောင်းလေး . . . နှောင်းလေး"

ခပ်လှမ်းလှမ်းအရောက်တွင် သူကသူမကိုအော်ခေါ်





မရှိရာပြေးထွက်လာ၏။

"ဟင် . . . ကိုကို"

အိဇင်လက်ထဲမှ ရုန်းထွက်သွားသောကြောင့် အိဇင် လုပ်ရမှန်းမသိဘဲဖြစ်သွား၏။

"ဦးကြီးပွရေ . . . လုပ်ပါဦး၊ ကိုကိုရောဂါထလာပြီ"

သူကသူမထံပြေးလာပြီး သူမလက်ကလေးနှစ်ဖက်ကို ပ်ကိုင်ပြီး . . .

"နှောင်းလေး . . . ကိုကိုနဲ့ပြန်လိုက်ခဲ့ပါကွာနော်၊ ကိုကို့ က် ပြန်လိုက်ခဲ့ပါ နှောင်းလေးရယ်"ဟု ပြောသည်။

နှောင်းရှုပါ သူ့ကိုငေးကြည့်ပြီး သနားသွားမိ၏။

သူ့မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်များရစ်ဝိုင်းနေလေ ည်။ သူက သူမရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး သူမမျက် လေးကိုမော့ကြည့်နေသည်။

"ကိုကို့ကို မသနားဘူးလားဟင်"

ထိုစဉ် သူတို့နားသို့ ဦးကြီးပွနှင့်အိဇင်တို့ရောက်လာကြ ဦးကြီးပွက သူ့ကိုလက်မောင်းနှစ်ဖက်မှ ချုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆွဲခေါ်သွားသည်။

ဦးကြီးပွဆွဲခေါ်ရာနောက်သို့ ယက်ကန်ယက်တန် သွားသည့်သူ့ကိုကြည့်ရင်း နှောင်းရှုပါရင်ထဲမှာ ဝေဒနာထ ပြင်းရှစွာခံစားလိုက်ရ၏။

"တောင်းပန်ပါတယ် ညီမလေးရယ်၊ မမရဲ့ကိုထို ဒီလိုပဲ၊ အပြာရင့်ရောင်ဝတ်စုံဝတ်ထားတဲ့ မိန်းကလေးတွေ တိုင်း နှောင်းလေးနဲ့မှားနေကျပါ"

"သူဘာကြောင့် ဒီလိုဖြစ်သွားတာလဲဟင် မမ"

"ပြောရရင်တော့အရှည်ကြီးပေါ့ကွယ်"

"ပြောပြလို့ရရင် ပြောပြပါလားဟင်၊ ဘာဖြစ်လို့ တော့ ကျွန်မနာမည်က နှောင်းရှုပါမို့ပါ။ ဒါကြောင့် သူခေါ် နှောင်းလေးအကြောင်းကို သိချင်တယ်"

အိဇင်က နှောင်းရိပ်ဝေနှင့်သူ့အကြောင်းကို နှော အားပြန်ပြောပြနေလေသည်။

❖❖❖





## အခန်း(၂)

သူ့အကြောင်းကြားခဲ့ရပြီးနောက် သူ့ကိုရှုပါ အလွန်စိတ် င်စားခဲ့မိလေသည်။

သူ့အကြောင်းကို သူငယ်ချင်းများအား ပြန်ပြောပြဖြစ် သည်။

ပြီးတော့ သူရှိနေတတ်သည့်နေရာများသို့ မယောင် လည်ဖြင့်ရောက်သွားတတ်ပြီး သူ့ကိုတိတ်တခိုးအကဲခတ် နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အလွန်ခန့်ချောသည့် သူ့ကိုရှုပါ စိတ်ဝင်စားနေမိတာ အမှန်ပါပဲ။

ထို့ကြောင့် သူ့ညီမအိဇင်ပြောပြခဲ့သည့် ဇာတ်လမ်းတွင် နှောင်းရိပ်ဝေနေရာ၌ ဟန်ဆောင်ကူညီရန် သူမဆုံးဖြတ်ချက်ချခဲ့မိသည်။

"ကိုကို"

အုန်းပင်တစ်ပင်အောက်တွင်ထိုင်ပြီး ငေးနေသောသူ့ကိုခေါ်လိုက်တော့ သူက တအံ့တဩ လှည့်ကြည့်သည်။

"ဟင်. . . နှောင်းလေး"

"ကိုကို့ဆီ နှောင်းပြန်လာတာပါ"

"ဝမ်းသာလိုက်တာ နှောင်းလေးရယ်၊ ကိုကို့ကိုခွဲမသွားနဲ့တော့ဘူးနော်"

သူမခေါင်းညိတ်လိုက်မိသည်။

သူကသူမကို သူ့ချစ်သူနှောင်းရိပ်ဝေဟုပင် ထင်မှတ်နေပုံရ၏။

ထိုနေ့မှစ၍ ချောင်းသာကမ်းခြေတွင် သူနှင့်နှောင်းရိပ် တို့ချစ်သူများ ဖြစ်သွားခဲ့ကြလေသည်။





သူက သူမကိုအလွန်ချစ်မြတ်နိုးပြီး အလိုလိုက်သည်။

"အုန်းရေသောက်ချင်တယ် ကိုကို"

သူမပူဆာလိုက်သည်နှင့် သူကဘာမဆိုလုပ်ပေးတတ်သည်။

သူ့ရင်ခွင်ထဲတိုးဝင်ပြီး သူ့ကိုချွဲနွဲ့နေရတာကို နှောင်းရှုပါ ပျော်ရွှင်ကျေနပ်နေမိသည်မဟုတ်ပါလား. . .

သူမကို ချစ်ခင်ယုယနေပုံမှာ စိတ်ဝေဒနာသည် တစ်ယောက်နှင့် လုံးဝမတူပေ။

သူက အရမ်းချစ်တတ်ပြီး သူ့ရင်ခွင်ထဲဆွဲသွင်းကာ သူမကိုယုယမှုများပေးတတ်သည်။

သူဟာ. . . ရုပ်လဲသိပ်ချောတယ်၊ ပြီးတော့ သိပ်ချမ်းသာပုံလဲရတယ်. . . သူတည်းခိုတဲ့အခန်းကိုက ချောင်းသာ ကိုတယ်လ်မှာ စျေးအကြီးဆုံး။

သူဟာ စိတ်ဝေဒနာသည်တစ်ယောက်ဖြစ်ပေမယ့် သူနဲ့ချစ်သူဖြစ်ရတာ ပျော်စရာပါလား. . .

သူမအတွေးနှင့်သူမပြုံးနေမိသည်မို့ သူမမေးဖျားလေးကိုဆွဲမော့ပြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြုံးနေတာလဲ နှောင်းလေးရဲ့"

"ကိုကိုနဲ့လျှောက်လည်ရတာ ပျော်လို့ပါ ကိုကိုရယ်"

"ဒါဖြင့် ရန်ကုန်ရောက်ရင် ကိုကိုတို့အတူနေကြရအောင်နော်"

သူမက ခေါင်းမညိတ်ဘဲ မျက်လုံးလေးလှန်၍ စဉ်းစားနေတော့ သူမပါးပြင်ပေါ် သူ့နှာခေါင်းချွန်ချွန်ဖြင့် ဖိကပ်လိုက်၏။

"လွှတ်တော့ကိုကို၊ နှောင်းလေးကို သူငယ်ချင်းတွေစောင့်နေကြပြီ"

"မလွှတ်ချင်ဘူးကွာ၊ မင်းလေးကို ကိုကို့ရင်ခွင်မှာ ထာဝရထွေးပွေ့ထားချင်တယ်"

သူကပြောပြီး သူမမျက်နှာပေါ် သူ့မျက်နှာဖြင့် ထိကပ်လာပြန်သည်။

ရင်ခုန်မှုများစွာဖြင့် နှောင်းလေးရင်ထဲလှိုက်တုန်နေမိ၏။

***





## အခန်း(၃)

ရန်ကုန်သို့ပြန်ရောက်လာကြပြန်တော့လည်း ကိုကိုနှင့်သူမတစ်ရက်မတွေ့ရလျှင် မနေနိုင်ကြ။

ရန်ကုန်မြို့မှာ ရှိရှိသမျှ Super market ၊ Shopping mall နှင့် Cafeteria ဆိုင်များအားလုံးသို့ ခြေရာထပ်ခဲ့ကြ၏။

"Bubble milk tea သောက်ချင်တယ် ကိုကို၊ ဝယ်တိုက်နော်"

"အိုကေ"

"ဒီစကတ်လေးသိပ်လှတာပဲ ကိုကို၊ ဟင်. . . ဒါပေမယ့်တစ်သောင်းခွဲတောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဝယ်ပေးမှာပေါ့"

"ဒီကျောက်နားကွင်းလေးက သိပ်ဆန်းတာပဲ ကြည့်ပါဦး ကိုကို၊ မလှဘူးလားလို့"

သူမက နားကွင်းကိုဝတ်ကြည့်ပြီး နှုတ်ခမ်းလေးစူထား ပြန်ထားလိုက်သည်။

"ခြောက်ထောင်တောင်မှ မဝယ်နိုင်ပါဘူး ကိုကိုရာ"

"ကိုကိုဝယ်ပေးမှာပေါ့၊ မဝယ်နိုင်ဘူးဆိုတဲ့စကားမျိုး မပြောပါနဲ့ အချစ်ရာ၊ ကိုကို့မှာ ပိုက်ဆံတွေဒီလောက်တောင် ချမ်းသာနေတာ၊ နှောင်းလေးလိုချင်တာ မဝယ်ပေးရင် ဘယ်သူ့ ကို ဝယ်ပေးရမှာလဲ"

သူကသူမလိုချင်တာ နှစ်ခါမပူဆာရ၊ အားလုံးဝယ်ပေး ၏။

သူ့ရောဂါအခြေအနေကလည်း လုံးဝသက်သာနေပြီး လူကောင်းတစ်ယောက်လိုဖြစ်နေသည်မို့ အပြင်သွားသည့်အခါ အရင်ကလို အိဇင်တို့ဦးကြီးပွတို့လိုက်ဖို့ မလိုတော့ပေ။

ထို့ကြောင့် သူ့ကိုနှောင်းရှုပါ လိုသလိုခြယ်လှယ်နိုင်း သည်။

ရှုပါသည် တစ်သက်လုံးဆင်းရဲချို့တဲ့ခဲ့သော သူမ





ကိုသူမ စိတ်နာမိ၏။

စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲရှာဖွေစားသောက် ခဲ့ရတာ၊ ပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့ရတာတွေကို မေ့မရနိုင်။

အခုလို သူနှင့်ချစ်သူဖြစ်ခွင့်ရခဲ့တာ သူမအဖို့ နတ်ဘုံ နတ်နန်းပေါ် ချက်ချင်းရောက်သွားသလိုပင် ခံစားနေရ၏။

ဘာပဲဖြစ်ဖြစ် သူနှင့်တွဲရတာ ပျော်သည်။

သူက စိတ်ဓာတ်မနာသည့်တစ်ယောက်ဆိုပေမယ့် အလွန်ချစ်ခင်ကြင်နာတတ်သူ။

သူ့လိုလူကို ခင်ပွန်းအဖြစ် ရွေးခြယ်ခွင့်ရတာ သူမ အတွက် တကယ့်ကို ကံကောင်းတာပါလား. . .

"ရော့. . . နှောင်းလေးအတွက် Platinum hand chain လေး"

ဗလက်တီနမ်(မ်)ထဲတွင် စိန်ပွင့်ကလေးများမြုပ်ထား သည့်ဟန်းချိန်းလေးကို ငေးကြည့်ရင်း သူမရင်ခုန်လှုပ်ရှားနေမိ သည်။

သည်ဟန်းချိန်းမျိုး သူမတစ်သက်တွင် ကိုင်ကြည့်ခွင့်ပင် မရဖူးခဲ့။ ခုတော့ သူမလက်တွင် ဝတ်ဆင်ခွင့်ပင်ရခဲ့ပြီ။

"သိပ်လှတာပဲ ကိုကိုရယ်၊ ကျေးဇူးတင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကျေးဇူးလဲ. . . ကိုတို့ဇနီးချောလေးအတွက် အထူးချစ်လက်ဆောင်ပေးတာပဲ"

"ကိုကို့ဇနီးချော ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုကိုတို့က လက်မှတ်ထိုးပြီးကြပြီပဲ အတူတူနေဖို့ပဲလိုတော့တာ၊ ကဲပြော၊ နှောင်းလေးနဲ့ ဘယ်တော့မှအတူနေခွင့်ရမှာလဲ"

"ဖြည်းဖြည်းပေါ့ ကိုကိုရယ်"

"မဖြည်းချင်တော့ဘူးကွာ၊ ကိုကို့ကို နှောင်းလေးချစ်တယ် မဟုတ်လား"

"သိပ်ချစ်တာပေါ့ ကိုကိုရဲ့"

သူမရယ်ကျဲကျဲလေး ပြောသည်။

"ချစ်ရင် အတူနေကြပါစို့ကွာ နော်"

သူက သူမကိုယ်လေးကိုပွေ့ဖက်လိုက်ပြီး မျက်နှာကို တယုတယနမ်းနေသည်။

သူ့အယုအယတွေကြား နစ်မြောသွားရင်း သူမစိတ်က တစ်စုံတစ်ယောက်ထံသို့ ရောက်သွားလေသည်။

♥ ♥♥♥ ♥





## အခန်း (၄)

သူနှင့်နှောင်းရှုပါတို့ချစ်သူဖြစ်ခဲ့ကြတာ သုံးလနီးပါးရှိခဲ့ပြီမဟုတ်ပါလား. . .

နှောင်းရှုပါက သူ့ကိုတဖြည်းဖြည်းလွှမ်းမိုးလာ၏။ သူက သူမကို နှောင်းရိပ်ဝေအဖြစ်နဲ့ ရှူးရှူးမူးမူးချစ်နေမိခဲ့သည်။

သူမလှည့်စားသမျှ ဘုမသိဘမသိဖြင့် ခေါင်းညိတ်အလျှော့ပေးခဲ့ရတာချည်းပင်။ သူမလိုချင်တာမှန်သမျှ သူက ဖြည့်ဆည်းပေးခဲ့သည်။

သည်လိုနှင့် သူမမှာ သူမမိဘများအတွက် တိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်း၊ မိုဘိုင်းလ်ဖုန်းတစ်လုံးနှင့် ရွှေတွဲလွဲ ငွေတွဲလွဲပြ
လာခဲ့သည်။

သူမက နှုတ်ချိုပြီး အကင်းပါးသူမို့ ပထမတော့ သူ
အကြောင်းကို အိဇင်တို့မရိပ်မိခဲ့ကြပေ။ နောက်တော့ သူ
အတွက် ဆူးသစ်ဘဏ်မှ ငွေခဏခဏထုတ်ရသောအခါ ရိပ်
လာခဲ့ကြသည်။

"ကိုကို. . . နှောင်းလေးကိုသိပ်အလိုမလိုက်ပါနဲ့၊ သူ
အသုံးသိပ်ကြီးလွန်းတယ်"

"သုံးစမ်းပါစေကွာ. . . သူလေးငါ့နားမှာ အမြဲတမ်း
နေဖို့က အဓိကပဲ"

"ဟုတ်တော့ဟုတ်ပါတယ် ကိုကို၊ ဒါပေမယ့် ဒီအတိုင်း
ဆက်ပြီးလွှတ်ထားရင် မလွယ်ဘူးမဟုတ်လား၊ ကိုကိုတို့
တော့လက်ထပ်မှာလဲဟင်"

"ဟုတ်တယ်. . ငါ့မြေး၊ မိန်းကလေးကိုတကယ်သ
ကျနစ်သက်တယ်ဆိုရင် လက်ထပ်လိုက်ကြပါတော့လား"

"ကျွန်တော်တို့က လက်ထပ်ပြီးကြပြီပဲ၊ အတူတူနေ





တော့. . . သူက ခဏစောင့်ပါဦးတဲ့"

တကယ်လည်း နှောင်းရူပါက သူနှင့်လက်ထပ်ပြီးအတူ
နေဖို့ကိစ္စအတွက် နေ့ရွှေ့ညရွှေ့နှင့် အချိန်ဆွဲထားခဲ့ခြင်းပါ။

ဆူးသစ်က စိတ်မနှံ့သူမို့ နှောင်းလေးနှင့်လက်ထပ်ပြီးပြီ
ဟုသာ ထင်မှတ်နေ၏။

"စောင့်ပါဦးဆိုပြီး ကိုကို့ဆီက ချူစားနေတာ ကိုကိုမသိ
ဘူးလားဟင်"

အိဇင်က မခံချင်လွန်း၍ မမျိုသိပ်နိုင်တော့ဘဲ ပြော
လိုက်မိသည်။

"တော်စမ်း အိဇင်၊ နှောင်းလေးကို ဒီလိုပဲပြောရလား၊
ငါ့ဘဝမှာ ပိုက်ဆံမချမ်းသာရင် နေပစေ၊ နှောင်းလေးမရှိလို့
မဖြစ်ဘူး၊ သူ့ကိုငါသိပ်ချစ်တယ်၊ အရမ်းချစ်တယ်၊ ငါတို့ကိစ္စမှာ
နှင်ဝင်မပါပါနဲ့"

သူက အိဇင်ကိုဟောက်ပြီး အိမ်ပေါ်ထပ်သို့ တက်သွား
တော့၏။

"ဘယ်လိုလုပ်ကြမလဲ ဘွားဘွား၊ အိဇင်တို့ကအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်လို့ ဒီကောင်မလေးကို ကိုကို့ကျန်းမာရေးအတွက် လက်
ခဲ့ကြတာ၊ အခုတော့ သူကထင်တိုင်းကြီးနေပြီ၊ ဒီလိုသာဆက်ပြီး
လွှတ်ပေးထားရင် ကိုကို လုံးပါးပါးလိမ့်မယ်"

"ဒါပေမယ့် ညည်းအစ်ကိုက သူမှသူတမ်းတမ်းစွဲပြီး
နေတယ် မဟုတ်လား၊ ဘယ်တတ်နိုင်ပါ့မလဲအေ၊ ဒီတစ်ခေါက်
အဲဒီနှောင်းရှုပါနဲ့တွေ့ရင် အမြန်လက်ထပ်ကြဖို့ ငါကြည့်ပြော
ဦးမယ်"

ဘွားဘွားဒေါ်နှင်းအိ မသက်မသာ သက်ပြင်းချရင်း
ပြောသည်။ အိဇင်တို့မြေးအဘွားနှစ်ယောက် ရတက်မအေး
နိုင်ကြသော်လည်း နှောင်းရှုပါကတော့ဖြင့် အသုံးအစွဲမပျက်
ပျော်ရွှင်လျက်ရှိနေလေသည်။

"JJ Hotel မှာ Buffet သွားစားချင်တယ် ကိုကို၊ သူငယ်
ချင်းတွေက ပြောတယ် သိပ်ကောင်းတာပဲတဲ့"

"သွားစားကြတာပေါ့ နှောင်းလေးရယ်"

ဟိုတယ်လ်စားသောက်ခန်းမထဲရောက်တော့ Buffet
စားရန်ပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာများကိုကြည့်ပြီး





နှောင်းရှုပါအံ့ဩလျက်ရှိသည်။

"အိုး . . ဟင်းတွေက များလိုက်တာ၊ ပြင်ဆင်ထားပုံ
ကလည်း ခမ်းနားလိုက်တာ . . ငါ့တစ်သက်မှာ ဒီလိုမျိုး Buffet
တစ်ခါမှ စားလဲမစားခဲ့ဖူးသလို မြင်လဲမမြင်ခဲ့ဖူးဘူး . ."

"လာလေ . . နှောင်းလေး၊ ဘာဝေးနေတာလဲ၊ ကိုကို
ဟင်းတွေ ခပ်ထည့်ပေးမယ်"

သူမက ပြုံးပြုံးလေးခေါင်းညိတ်ပြလိုက်ပြီး ပန်းကန်
တစ်ချပ်ဖြင့် သူထည့်ပေးသမျှကိုယူနေသည်။ ပြီးတော့ မြိန်ယှက်
စွာ စားသောက်နေလေသည်။

"အိုး . . သိပ်ကောင်းတာပဲ ကိုကို"

"နှောင်းလေးကြိုက်တတ်ရင် ကိုကိုမကြာခဏလာကျွေး
မှာပေါ့"

"တကယ်ပြောတာလား ကိုကို"

"တကယ်ပေါ့ နှောင်းလေးရဲ့"

သူမကသဘောကျစွာ အသံထွက်ရယ်မောလိုက်ပြီး
သူ့နဖူးပြင်ကို လှစ်ခနဲနမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



Buffet စားအပြီး ဟိုတယ်လ်ကြီးထဲလိုက်လျှောက်ကြည့်သည်။ ပြီးတော့ ဟိုတယ်လ်နှင့်ကပ်လျက်တွင် Shopping mall ကြီးတစ်ခုရှိသည်မို့ သူမလိုချင်တာလေးတွေ သူ့ကိုဝယ်ခိုင်းရဦးမည်။

တင်. . . ဟိုမှာ လင်းညိုပါလား. . .

သူမရင်ထဲထိတ်ခနဲဖြစ်သွား၏။

လင်းညိုက ဆေးသေတ္တာအချို့ကို မ,လျက် ပစ္စည်း . . . နေသည်။ မြန်မာဘယဆေးများရောင်းသည့်ကုမ္ပဏီတွင် သူ . . . အလုပ်လုပ်နေတာဖြစ်ရမည်။

သူမလင်းညိုကို ရုတ်တရက်ငေးကြည့်နေမိစဉ် လင်းညို က သူမကိုမြင်သွား၏။ သူမကို လူတစ်ယောက်နှင့်တွဲပြီး မြင် လိုက်ရသည်မို့ အံ့သြသွားရသည်မဟုတ်ပါလား . .

"ကိုကို. . . ဒီမှာ ခဏစောင့်နေဦးနော်၊ နှောင်းလေး ဟိုဘက်ခဏသွားကြည့်လိုက်ဦးမယ်"

"ကောင်းပြီ၊ မြန်မြန်လာနော်"

သူမတို့ထံ လင်းညိုလျှောက်လာမည်စိုး၍ လင်းညိုနှင့် . . . သူမပြေးထွက်လာခဲ့သည်။

ဆူးသစ်က တစ်ဖက်သို့ငေးဖနေသောကြောင့် သူတို့ . . . စ်ယောက်ကိုမမြင်။

"လင်းညို"

"ရှုပါ. . . . နင်ဘယ်ကလာတာလဲ"

"နင်ကကော. . . ဒီမှာ ဘာလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ၊ ငါအရင်လုပ်နေတဲ့ ကုမ္ပဏီ conceirge(တံခါးစောင့်)နေရာက ပြုတ်သွားလို့ ဒီမှာ sales boy လုပ်နေတာ ၊ ဒါနဲ့ နေပါဦး၊ နင်နဲ့တွဲလာတာ ဘယ်သူလဲ"

"ဩော်. . . သူလား၊ ငါ့ရဲ့ မိတ်ဆွေပါ"

"ဟုတ်လို့လား ရှုပါ၊ နင်တို့ကိုကြည့်ရတာ တစ်မျိုးပဲ၊ နေပါဦး နင့်ကိုမေးရဦးမယ်၊ နင်အလုပ်လုပ်တဲ့ ကုမ္ပဏီကိုငါ သွားသေးတယ်၊ နင်အဲဒီက အလုပ်ထွက်လိုက်ပြီဆို"

"ဟုတ်တယ်ဟာ၊ အဲဒီညွှန်ကြားရေးမှူးကြီးဝန်ထမ်း ငါမလုပ်ချင် တော့လို့၊ တစ်နေ့လုံးမတ်တပ်ရပ်ပြီး လာသမျှလူကို နှုတ်ဆက် နေရတာ သိပ်ပင်ပန်းနေပြီ"







www.burmeseclassic.com

www.burmeseclassic.com



"နင်အချိုးတွေ ပြောင်းနေတယ်ဆိုတာ တကယ်ပဲ ထင် ပါရဲ့"

"ဘာအချိုးလဲ"

"နင်High boss တစ်ယောက်နဲ့တွဲနေတယ်ဆိုတာသေ ပြောစမ်း. . . ရှုပါ၊ နင်ငါ့ကိုမေ့လိုက်ပြီလား"

လင်းညိုမျက်ဝန်းထဲတွင် သဝန်တိုသည့် အရိပ်အ ယောင်များ ပေါ်လွင်နေလေသည်။

"နင်နဲ့သူ ချစ်နေကြပြီလား ရှုပါ၊ ပြောပါဦး"

သူက အားမလိုအားမရ ပုံစံဖြင့် သူမပခုံးနှစ်ဖက်ကို ဆုပ်ညှစ်ပြီး မေးသည်။

"အို. . . ဖယ်စမ်းပါ၊ ဟိုက မြင်သွားဦးမယ်"

"ဩော်. . . ငါက နင့်ပခုံးလေးကိုင်တာတောင် သူမြင် သွားမှာ နင်တစိုးရိမ်နေတယ်ပေါ့ ဟုတ်လား၊ ငါသဘောပေါက် ပြီ ရှုပါ၊ နင်တကယ်ပဲ ပြောင်းလဲသွားပြီကိုး"

"နင်ထင်ချင်သလိုထင်နိုင်တယ် လင်းညို"

"ထင်တယ်ကွာ. . . ထင်တယ်၊ နင်ဟာအသည်းနှလုံး





မရှိတဲ့ ငွေမက်တဲ့ မိန်းမပဲ၊ သူဌေးတစ်ယောက်နဲ့တွေ့တာနဲ့ သုံးနှစ်သုံးမိုးချစ်ခဲ့တဲ့ ရည်းစားငါ့ကို မေ့ပစ်ရက်တယ်"

ဒေါသကြောင့် လင်းညိုအသံတွေတုန်ယင်နေ၏။

"တိုးတိုးပြောစမ်းပါ လင်းညို၊ ဒါဂုဏ်သရေရှိလူကြီး လူကောင်းတွေ လာတဲ့နေရာ၊ နင့်အသံကြီးတပြုပြုနဲ့ မနိမ့်ပါဘူး"

"ဘာ. . . ဘာပြောတယ်၊ နင်က သိပ်အဆင့်မြင့်နေ ပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ငါသိပ်အဆင့်မြင့်နေပြီ၊ ငါအရင်က နှောင်းရှုပါ မဟုတ်တော့ဘူး၊ အရမ်းချမ်းသာတဲ့ သူဌေးကြီး ဦးဆူးသစ်နဲ့ မကြာခင်လက်ထပ်တော့မယ့် ဇနီးလောင်းပဲ၊ နင် သိရင် မှတ်ထားလိုက်"

"ဟာကွာ. . . တောက်"

ကြိတ်မနိုင်ခဲမရအမူအရာဖြင့် လင်းညိုလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"နင်က ဘာလုပ်ချင်လို့လဲ၊ လုပ်မနေနဲ့၊ နင့်လောက် တော့ လုံးဝဂရုမစိုက်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်. . . နင်သိပ်အောက်တန်းကျတဲ့ မိန်းမ၊ ငါက နင့်ကို မေတ္တာစစ်နဲ့ချစ်ခဲ့သလောက် ငါ့အချစ်တွေကို နင်သိပ်စော်ကားလွန်းနေပြီ"

"ဒီမှာ လင်းညို၊ လောကမှာ အရေးအကြီးဆုံးဟာ ငွေပဲ Money makes everything တဲ့၊ နင်မကြားဖူးဘူးလား၊ ငါ့ဘဝ မြင့်မားရေး ငါ့မိဘတွေ ကောင်းကောင်းမွန်မွန်နေထိုင်ရေး အတွက် အဆင့်အတန်းရှိတဲ့ သူဌေးတစ်ယောက်ကိုငါရွေးချယ် လိုက်တာ အောက်တန်းကျသတဲ့လား၊ ဆင်းဆင်းရဲရဲ ရုန်းကန် ခဲ့ရတဲ့နေ့ရက်တွေကို ငါသိပ်မုန်းတယ် လင်းညို၊ ချမ်းသာသူ ဆိုတာကို ငါတစ်ခါလောက်ခံစားကြည့်ချင်သေးတယ်၊ နင့်ကိုငါ ချစ်ပါတယ်၊ ဒါပေမယ့်. . . လင်းညိုရယ်၊ နှုတ်ခမ်းပွဲချင်းမီးမွှတ် တော့ကော ဘာထူးမှာမို့လို့လဲ၊ ဒီလိုသူဌေးမျိုးနဲ့ငါ လက်ထပ် တော့မှာကို နင်က ကောင်းချီးဩဘာပေးလိုက်စမ်းပါဟာ"

သူမစကားကြောင့် လင်းညိုအကြီးအကျယ်ဒေါသထွက် သွားပြီး. . .

"သွား. . . သွား၊ နင်ငါ့ရှေ့က အမြန်ထွက်သွားစမ်း နင့်ကိုငါ မုန်းတယ်၊ သစ္စာမဲ့တဲ့မိန်းမ"





"အမလေးသွားမှာပါဟယ်၊ နင်က နေပါဦးလို့ ဆွဲထားရင်တောင် ငါကမနေသေးဘူး၊ ငါ့လိုသူဌေးမလေးနဲ့စကား ပြောခွင့်ရတာကိုပဲ နင်ကျေးဇူးတင်လိုက်ဦး"

ပြောပြီး ခနိုးခနဲ့ရယ်မောလျက် သူ့နားမှနှောင်းရှုပါ ထွက်ခွာသွားတော့၏။

လင်းညိုရင်ထဲတွင် ဒေါသများတဝုန်းဝုန်းတောက် လောင်လျက် ကျန်ရစ်ခဲ့လေသည်။

နှောင်းရှုပါ. . . နှောင်းရှုပါ. . . ငါနင့်ကိုအသည်းနင့် အောင်ချစ်ခဲ့သလောက် နင်ကငါ့အချစ်ကို စော်ကားခဲ့တယ်၊

ဒါပေမယ့် နင်သိထားရမှာက လင်းညိုဆိုတဲ့ကောင် ဟာ နင်စွန့်ပစ်သွားတိုင်း မျက်နှာငယ်လေးနဲ့ငိုပြီး ကျန်ရစ်ခဲ့မှာ မဟုတ်ဘူးဆိုတာပဲ၊ ငါပိုင်ဆိုင်ခွင့်မရတဲ့အရာကို ဘယ်သူမှ မရစေရဘူး ငါ့အကြောင်းကောင်းကောင်းသိစေရမယ်. . .

သူ့ရင်ထဲတွင် နာကျင်ခံခက် အမျက်ထွက်လျက် ရယ်မောနေမိလေသည်။

www.burmeseclassic.com



## အခန်း(၅)

သူနှင့်နှောင်းရှုပါတို့ မင်္ဂလာပွဲကျင်းပကြရန် အစီအစဉ်များစီစဉ်နေကြရင်း အလုပ်ရှုပ်လျှက်ရှိနေသည်။

ထိုနေ့က နှောင်းအတွက် Wedding Gown သွားကြည့်ခဲ့ကြသည်။

နှောင်းက သတို့သမီးဝတ်စုံ တစ်စုံပြီးတစ်စုံ လဲပြနေသည်။

"ဒါလေးနဲ့လှသလား ကိုကို"

"သိပ်လှတယ်"





"ဒါလေးနဲ့ကော. . ."

"အရမ်းလှ"

သတို့သမီးဝတ်စုံ ဝိုင်းရွေးပေးရန် အိဇင်ပါ ပါလာခဲ့၏။

နှောင်းရှုပါက သူမအတွက် သတို့သမီးဝတ်စုံကို ဈေးအကြီးဆုံးမှရွေးသည်။ အလှဆုံးလက်ကိုင်ပန်းကို ရွေးယူသည်။

ဆူးသစ်ကတော့ သူမနှင့်မင်္ဂလာပွဲကျင်းပရတော့မည်မို့ အပျော်လွန်လျက်ရှိသည်။

ဝတ်စုံကြည့်ပြီး ဆိုင်ထဲမှ သူမတို့သုံးယောက်ပြန်ထွက်အလာ ဆိုင်ရှေ့တွင် မျက်နှာထားတင်းတင်းဖြင့် ရပ်စောင့်နေသော လင်းညိုကိုတွေ့လိုက်ရ၏။

မထင်မှတ်ဘဲတွေ့လိုက်ရသည်မို့ နှောင်းရှုပါလိပ်ပြာလွင့်မတတ်လန့်သွားလေသည်။

"သိပ်ပျော်နေသလား ရှုပါ"

မထီတရီမျက်နှာဖြင့် သူမနားတိုးကပ်လာသောလင်းညိုကြောင့် ဆူးသစ်ရော အိဇင်ပါ အံ့အားသင့်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုကြည့်ရတာ တကယ်အဆင့်အတန်းရှိတဲ့ သူဌေးသမီးလေးလိုပါပဲလား၊ ဟား. . . ဟား. . .၊ ဒါပေါ့လေ. . . ရွှေပင်နားတော့ ရွှေကျီးတဲ့"

"ဘာတွေပြောနေတာလဲ၊ ရှင့်ကိုကျွန်မ မသိဘူး"

နှောင်းရူပါမျက်နှာကိုတမင်တင်းပြီး ဟန်ဆောင်လိုက်၏။ ဒါကို လင်းညိုက လှောင်ပြောင်သရော်သလို အော်ရယ်လိုက်ပြီး. . .

"မသိဘူးတဲ့လား ရူပါလေးရယ်၊ မင်းရဲ့ရည်းစားအရှင်ခေါက်ခေါက်ကြီးကို မေ့သွားပြီကိုး. . . ဟား. . . ဟား"

"ဖယ်စမ်း. . . နင်ဒီမှာ လာပြီးရမ်းကားမနေနဲ့"

"ဟော့ကောင်. . . နှောင်းလေးကို ဘာကိစ္စလာနှောင့်ယှက်နေရတာလဲ"

ဆူးသစ်က ဒေါသတကြီးဖြင့် လင်းညိုနား ကမူးရှူးထိုးလျှောက်သွား၏။

အိဇင်က ရုတ်တရက်နားမလည်နိုင်ဘဲဖြစ်နေပြီးမှ. . .

"သူက ဘယ်သူလဲ နှောင်းလေး"





"မသိဘူး မမအိဇင်၊ နှောင်းလေးနောက်က လိုက်နှောင့်ယှက်နေတဲ့သူပါ"

"ဘယ်လို. . . ငါက နင့်နောက်လိုက်နှောင့်ယှက်နေတဲ့သူ ဟုတ်လား ရူပါ၊ ငါလေ နင့်ကိုသိပ်အံ့သြတယ်၊ နင့်ရဲ့ဘဝမှန်ကို ဖုံးကွယ်ဖို့ကြိုးစားမနေပါနဲ့၊ လင်းညိုဆိုတဲ့ငါဟာ မင်းနဲ့သိပ်ချစ်ခဲ့ကြတဲ့ ရည်းစားဆိုတာ သူတို့သိအောင်ပြောပြလိုက်စမ်းပါ"

"နင်ဘာတွေလာပြောနေတာလဲ လင်းညို၊ နင်ငါ့ကိုလာပြီး အနှောင့်အယှက်ပေးမနေနဲ့"

"ဘယ်လိုဖြစ်တာလဲ နှောင်းရူပါ၊ မမဘာမှနားမလည်ပါလား၊ သူက ဘယ်သူလဲ"

အိဇင်အမေးကို နှောင်းရူပါက မဖြေ။

"ဒီလိုပါ အစ်မ၊ သူနဲ့ကျွန်တော်က ချစ်သူတွေပါ၊ ကျွန်တော်တို့ချစ်ခဲ့ကြတာ သုံးနှစ်သုံးမိုးရှိပါပြီ၊ အခု သူကဒီလူနဲ့တွေ့ပြီးမှ ကျွန်တော့်ကိုသစ္စာဖောက်ခဲ့တာပါ"

"ဘာ. . . ဘာပြောတယ်၊ မင်းမဟုတ်တရုတ်တွေပြော



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့"

ဆူးသစ်က သူ့ရင်ဘတ်ကိုတွန်းပစ်ပြီး ရန်တွေ့သည်။

"ကိုကို. . ကိုကို၊ အဲဒီလူပြောတာတွေ မယုံပါနဲ့၊ နှောင်းလေးနဲ့ကိုကိုတို့ဝေးအောင် သူတမင်လုပ်ကြံပြောနေတာ"

"ဒီမှာ ဦးဆူးသစ်၊ ခင်ဗျားသိအောင် ကျုပ်ပြောလိုက်မယ်၊ နှောင်းရှုပါဟာ ကျွန်တော့်ချစ်သူအမှန်ပဲ၊ အခုခင်ဗျားနဲ့သူ လက်ထပ်ကြမှာကို ကျွန်တော်လုံးဝကန့်ကွက်တယ်"

"နှောင်းလေး. . . မင်းဟာ နှောင်းရိပ်ဝေမဟုတ်လား ဟင်၊ နှောင်းရှုပါဆိုတာ ငါမသိဘူး၊ ဘယ်သူလဲဟင်"

"နှောင်းလေးက နှောင်းရိပ်ဝေအစစ်ပါ ကိုကို၊ သူပြော နေတာတွေ မယုံပါနဲ့"

"နှောင်းလေးနဲ့ငါလက်ထပ်ပြီး မင်္ဂလာဆောင်ကြတော့ မှာ၊ မင်းလာပြီး နှောင့်ယှက်မနေပါနဲ့"

"ကျွန်တော့်ချစ်သူ ခင်ဗျားနဲ့လက်ထပ်မှာကို ကျွန်တော် လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ဒီမှာ နှောင်းရှုပါ၊ လွန်ခဲ့တဲ့ငါးနှစ်





လောက်က နင်နဲ့ငါ လိုက်ပြေးခဲ့ဖူးတာ မေ့သွားပြီလားဟင်၊ နင့်မိဘတွေ အတင်းအကြပ်ခွဲလို့ နင်နဲ့ငါဝေးခဲ့ကြရတာ၊ ငါ့မှာတော့ နင့်အပေါ် ခုချိန်ထိ သစ္စာမပျက်ချစ်နေဆဲပဲ၊ နင်ကသာ"

"တော်စမ်း လင်းညို၊ နင့်ရဲ့အဓိပ္ပါယ်မရှိတဲ့စကားတွေနဲ့ ကိုကိုနဲ့ငါ လက်ထပ်မှာကို လာဖျက်မနေပါနဲ့"

"နင်နဲ့ငါ ချစ်ခဲ့ကြတာအမှန်ပဲ၊ ဒါကို အားလုံးလဲသိတယ်၊ နင်ဟာ ငွေမက်တဲ့မိန်းမ၊ ငွေမက်ပြီး သူလိုအရူးတစ်ပိုင်းကိုလက်ထပ်မှာ မဟုတ်လား"

"တော်စမ်း. . . နင်သိပ်မိုက်ရိုင်းတယ်"

"နင်က သစ္စာမဲ့တယ်"

နှောင်းရှုပါက လင်းညိုပါးတစ်ဖက်ကို ဝင်ရိုက်သည်။ လင်းညိုက သူမကိုပြန်တွန်းပစ်သည်မို့ ဆူးသစ်က ဝင်ထိုးသည်။

လင်းညိုနှင့်ဆူးသစ် တစ်ယောက်တစ်ပြန် ထိုးကြိတ်နေကြတော့၏။

"အို. . . မလုပ်ကြပါနဲ့"

"တော်ကြပါတော့. . . တော်ကြပါတော့"



www.burmeseclassic.com

www.burmeseclassic.com



လင်းညိုက ဆူးသစ်ကိုဖိချုပြီး မျက်နှာကို မနားတမ်း ဆွဲထိုးနေသောကြောင့် နှောင်းရှုပါနှင့်အိဇင်တို့ ထိတ်လန့်ပြီး အော်ဟစ်နေကြ၏။

"လာကြပါဦးရှင်. . . လာကြပါဦး၊ ဒီမှာ ရန်ဖြစ်နေကြ လို့"

နှောင်းရှုပါက ပတ်ဝန်းကျင်ကိုအော်ပြီး အကူအည တောင်းသည်။

လူတွေရောက်လာကြပြီး ဖြန်ဖြေလိုက်မှပင် ရန်ငြ သွားတော့၏။

"သိပ်ယုတ်မာတဲ့ကောင်၊ နင်ဟာ ငါ့ရဲ့အနာဂတ် ဖျက်ဆီးတဲ့သူပဲ၊ ငါချမ်းသာမှာကို နင်မနာလိုလို့ ငါတို့လတ် မှာကို လာဖျက်တာမဟုတ်လား"

"နင်လဲ သစ္စာမဲ့တဲ့၊ ငွေတွေဂုဏ်တွေမက်တဲ့ မိန်း နင့်ကိုငါမုန်းတယ်"

"ငါလဲ နင့်ကိုမုန်းတယ်၊ သွား. . . အခုထွက်သွား"

လမ်းမပေါ်တွင် လင်းညိုနှင့်နှောင်းရှုပါတို့တစ်ယော





ကိုတစ်ယောက် အော်ကြီးဟစ်ကျယ်ရန်ဖြစ်နေကြ၏။

ဖုံးကွယ်ထားသည့် သူမစရိုက်များကို ကွက်ကွက်ကွင်း ကွင်းမြင်လိုက်ရသောကြောင့် အိဇင်အလွန်အံ့အားသင့်နေမိလေ သည်။

"ကိုကို. . . ကိုကို"

လင်းညိုထွက်သွားသည်နှင့် နှောင်းရှုပါက လဲကျနေ သော ဆူးသစ်နားပြေးလာသည်။

ဆူးသစ်က လင်းညိုလက်ချက်ကြောင့် မျက်နှာတစ်ခု လုံး အညိုအမည်းစွဲကာ နှုတ်ခမ်းပင်ပေါက်သွားလေသည်။

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်"

ဆူးသစ်မျက်နှာပေါ် လှမ်းကိုင်ပြီးပြောနေသော နှောင်း ရှုပါလက်ကို အိဇင်က ဆွဲဖယ်ပြီးပြောလိုက်သည်။

"သွားပါတော့ နှောင်းရှုပါ. . . သွားပါတော့"

"ဟင်. . . မမအိဇင်၊ နှောင်းကို. . . ဘာလို့နှင်ထုတ် တာလဲဟင်"

"သွားပါတော့ကွယ်၊ တို့ကိုကိုနဲ့ လုံးဝမပတ်သက်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့၊ မင်းရဲ့ရှုပ်ထွေးလှတဲ့ ဇာတ်လမ်းထဲမှာ ကိုကို့ကိုဝင်မပါ
ချင်တော့ဘူး၊ ကိုကိုဟာ စိတ်ဝေဒနာသည်တစ်ယောက်
မင်းရည်းစားနဲ့ဖက်ပြိုင်ပြီး မင်းကိုလုမယူနိုင်ပါဘူး၊ မင်းလ
မင်းသွားပါတော့"

ပြတ်သားလှသည့် အိဇင်၏စကားနှင့်တင်းမာလှသော
မျက်နှာထားကြောင့် နှောင်းရှုပါအလွန်အမင်းအံ့ဩထိတ်လ
သွားလေသည်။

"ဟင့်အင်း. . . ဟင့်အင်း၊ နှောင်းမသွားဘူး၊ နှော
မသွားဘူး၊ ကိုကို. . . နှောင်းကို နှင်မထုတ်ပါနဲ့နော်၊ နှော
ကိုကို့ကို ချစ်တယ်"

"နှောင်းလေး"

"တော်တော့ နှောင်းရှုပါ၊ မင်းကို တို့အစ်ကိုနဲ့
သဘောမတူနိုင်တော့ဘူး၊ မင်းကို အစကတည်းက သိ
သဘောကျခဲ့တာမဟုတ်ဘူး၊ ကိုကိုရဲ့ရောဂါဝေဒနာ
မင်းကိုအလိုက်အထိုက်ဆက်ဆံခဲ့တာ၊ ကိုကို့ဆီက မင်းချ
ချူနေတာလဲ တို့သိတယ်၊ အခုမင်းရဲ့ဇာတ်လမ်းက ပို





ို့မိသားစုက မင်းကိုလုံးဝလက်မခံနိုင်တော့ဘူး နှောင်းရှုပါ၊
င်းသွားပါတော့"

"ကိုကို. . . နှောင်းမသွားချင်ဘူး၊ နှောင်းကို နှင်မထုတ်
မမအိဇင်ကိုပြောပေးပါနော်"

ဆူးသစ်ကို အတင်းအကြပ်ဖက်တွယ်ပြီး ငိုယိုကာ
နှောင်းရှုပါပြောနေသည်။ အိဇင်က ဆူးသစ်ထံမှ သူမ၏
က်များကို ဖယ်ပစ်လိုက်ပြီး သူမကိုတွန်းထုတ်လိုက်သည်။

"သွားစမ်းပါ နှောင်းရှုပါ၊ ကိုကိုဟာ စိတ်ဝေဒနာသည်
စ်ယောက်မို့ မင်းလှည့်စားသမျှခံနေရရှာတာ၊ ငါကတော့
င်းရဲ့အကြံပက်စက်မှုကို လက်မခံနိုင်ဘူး"

"နှောင်းလေး. . . နှောင်းလေး၊ နှောင်းလေးကို နှင်
ထုတ်ပါနဲ့"

ဆူးသစ်ကို လူအချို့က ဝိုင်း၍ဆွဲထားကြသည်မို့ ရုန်း၍
ရပေ။

နှောင်းရှုပါက အိဇင်ကိုစိတ်နာသလိုကြည့်ပြီး အံတင်း
င်းကြိတ်ကာ ထွက်ပြေးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှောင်းလေး. . . နှောင်းလေး"

နှောင်းရှုပါတော့ပြင်ကို ငေးကြည့်ကာအော်ဟစ်ငိုယို ရင်း ဆူးသစ်ကျန်ရစ်ခဲ့၏။

ထိုနေ့မှစ၍ နှောင်းရှုပါနှင့်သူ လုံးဝမတွေ့ရတော့ပါ။ နှောင်းရှုပါနှင့်သူ မင်္ဂလာပွဲကျင်းပကြမည့်ကိစ္စကို ဘွားဘွား ဒေါ်နှင်းအိကော အိဇင်ပါ လုံးဝသဘောမတူခဲ့ကြပေ။

ဒုတိယအကြိမ် မင်္ဂလာပွဲပြုလုပ်ခါနီးမှ ပျက်သွားရသော ကြောင့် ဆူးသစ်ရင်ထဲမှာ ဗလောင်ဆူနေ၏။

သူ့ရင်ထဲမှဝေဒနာတွေကို သူဆက်လက်ခံစားနိုင်စွမ်း မရှိတော့ဘဲ ယဉ်ယဉ်လေးမှသွက်သွက်ခါရူးသွပ်ခြင်းအဆင့်သို့ ရောက်သွားခဲ့လေသည်။

နောက်ဆုံးတော့ သူ့ကိုဘယ်လိုမှမကယ်နိုင်ကြသော ကြောင့် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ခဲ့ကြရလေသည်။

* * *





## အခန်း(၆)

ပြည်တွင်းပြည်ပခရီးသွားများဖြင့် ရန်ကုန်လေဆိပ် အတွင်း ရှုပ်ယှက်ခတ်လျက်ရှိသည်။

လေဆိပ်အတွင်း ပစ္စည်းပေါင်ချိန်သူ၊ လက်မှတ်လဲလှယ် သူ၊ မှတ်ပုံတင်ထားပြီး ပစ္စည်းများစစ်ဆေးသည်ကို စောင့်ဆိုင်း နေသူ ခရီးသွားတို့ဖြင့် စည်ကားနေလေသည်။

မန္တလေး - ရန်ကုန်ခရီးစဉ်အတွက် လိုက်ပါမည့်ခရီး သည်များ အသင့်ဖြစ်စေရန် ကြေညာသံထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ၏ Luggage (အဝတ်သေတ္တာ)နှင့် လေယာဉ်လက်မှတ်တို့ကို ကိုင်ဆောင်ထားပြီး ခရီးသည်များ တန်းစီနေသည့် နေရာသို့လျှောက်လာခဲ့သည်။

လေယာဉ်လက်မှတ်ကို တာဝန်ရှိသူများထံအပ်ပြီး လေယာဉ်ပေါ်တက်လာခဲ့သည်။

လေယာဉ်ပေါ်သို့ခရီးသည်များ အစုံအလင်ရောက်ရှိသွားသောအခါ လေယာဉ်တံခါးများကို ပိတ်လိုက်ကြသည်။ လေယာဉ်စက်စနိုးပြီး လေယာဉ်ဘီးများစတင်ရွေ့လျားလျှက် လေယာဉ်ပြေးလမ်းပေါ်မှာ တရွေ့ရွေ့အရှိန်ယူနေသည်။

ခဏကြာတော့ လေယာဉ်မယ်တစ်ဦး၏ ကြေညာသံကို ကြားရသည်။

လေယာဉ်သည် မြေပြင်မှကောင်းကင်ပေါ်သို့ စတင်ပျံသန်းနေပေပြီ။

မကြာခင် တိမ်တိုက်များကြား ရောက်လာခဲ့သည်။

လွင့်မျောနေသောတိမ်တိုက်များကို ငေးကြည့်ရင်း သူ့စိတ်အစဉ်သည်လည်း တိုဟိုသည်သည်ပြေးလွှားလျှက်ရှိ





သည်။

သူသည် ပြီးခဲ့သောမဝေးသေးသည့် အတိတ်များကို ပြန်တွေးနေမိလေသည်။

ပထမဆုံးနှောင်းရိပ်ဝေနှင့်သူ ဆုံတွေ့ခဲ့ကြပုံ၊ ပြီးတော့ ချစ်သူတွေဖြစ်ခဲ့ကြပုံ၊ ထို့နောက် နှောင်းရိပ်ဝေ သေဆုံးပြီး သူယဉ်ယဉ်လေးရှူးသွားခဲ့သည့်အဖြစ်များကို ပြန်၍သတိရနေမိသည်။

စိတ်ကျန်းမာရေးဆေးရုံတွင် အချိန်အတော်ကြာ ဆေးကုသမှုခံယူပြီးနောက် သူလူကောင်းတစ်ယောက်ပြန်ဖြစ်လာသည်မဟုတ်ပါလား. . .

သူစိတ်ဝေဒနာသည်ဘဝတွင် ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို သူပြန်လည်မှတ်မိခဲ့ရသည်။

အချစ်ဆုံးနှောင်းလေး ရုတ်တရက်ဆုံးပါးသွားခြင်းကြောင့် သူစိတ်ဝေဒနာသည်ဘဝရောက်ခဲ့ရချိန်တွင် သူ့ရောဂါအပေါ်အခွင့်ကောင်းယူ၍ နှောင်းရူပါ၏အလှည့်စားခံခဲ့ရခြင်းများကို မေ့မရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးသည် မနေ့ကဖြစ်ပျက်ခဲ့သလိုပင် ခံစားနေရလေသည်။

ထိုအဖြစ်အပျက်များကြောင့် လှည့်စားတတ်သော မိန်းမများကို သူအလွန်မုန်းတီးခဲ့မိသည်။

ထို့နောက် မန္တလေးသို့ သူတို့မြေးအဘွားသုံးယောက် ပြောင်းရွှေ့နေထိုင်ခဲ့ကြလေသည်။

သူအတွေးထဲနစ်မြောနေစဉ် သူ့ရှေ့ခုံပေါ်သို့ စားစရာများ လာချပေးသည့်အပြာရင့်ရောင်ဝတ်စုံလေးနှင့် လေယာဉ်မယ်လေးတစ်ယောက်ကို တွေ့လိုက်ရ၏။

ရလေယာဉ်မယ်လေးများကို မမြင်မတွေ့ချင်သောကြောင့် သူလေယာဉ်မစီးဖြစ်တာ အတော်ကြာခဲ့ပြီ။ အခု ရန်ကုန်တွင် အရေးကြီးကိစ္စတစ်ခုရှိသောကြောင့် လေယာဉ်စီးဖြစ်ခဲ့ခြင်းပါ။

"သုံးဆောင်ပါရှင်"

ကြည်လင်ချိုအေးနေသည့် လေယာဉ်မယ်လေး၏ အသံကြောင့် မျက်နှာလွှဲထားရာမှ သူမကို လှည့်ကြည့်လိုက်မိ





သည်။

သူ့ရင်ထဲ အနည်းငယ်လှုပ်ရှားသွားမိ၏။

ဟင် . . . ပန်းရိပ်ထင် . . .

သူမကလည်း သူ့ကို တအံ့တသြငေးကြည့်နေသည်။

သူမကို သူကောင်းစွာမှတ်မိသော်လည်း သူမကိုမမှတ်မိသလို လေယာဉ်ပြတင်းဆီသို့ သူအကြည့်လွှဲပစ်လိုက်သည်။

သို့သော် သူမက . . .

"ကိုဆုးသစ် . . . နေကောင်းတယ်နော်"

သူမက သူ့ကို နှုတ်ဆက်လိုက်သောကြောင့် သူအံ့သြသွားမိ၏။

"ကိုဆုးသစ် . . . ရှင်နေကောင်းသွားပြီလားဟင်"

သူက ဘာမှပြန်မဖြေသောကြောင့် သူမစိတ်မကောင်းဖြစ်သွားပုံရလေသည်။

"ကျွန်မကိုမမှတ်မိတော့ဘူးလားဟင်၊ ကျွန်မပန်းရိပ်ထင်လေ"

သူခေါင်းခါပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမှတ်မိဘူး"

သူ့စကားကြောင့် သူမအံ့အားသင့်သွား၏။ သို့သော် သူ့မျက်ဝန်းများက သူမကိုသူအသေအချာမှတ်မိကြောင်း ဖော်ပြလျက်ရှိနေသည်ကို သူမနားလည်နေမိ၏။

သူ့နားမှ သူမလှည့်ထွက်သွားတော့မှ ၂င် သူမကျောပြင်လေးကို မမိုတ်မသုန် သူငေးကြည့်နေမိလေသည်။

တကယ်တော့ သူ့ရင်ထဲမှာ သူမနှင့်ပတ်သက်သည့် အမှတ်တရလေးများ ကျန်ရှိနေခဲ့၏။

သူမသည် သူ့အပေါ် စေတနာသန့်သန့်ဖြင့်သာ အတူအညီပေးခဲ့ပြီး သူ့ငွေကြေးချမ်းသာမှုကို နှောင်းရှုပါကဲ့သို့ အသုံးမချခဲ့ပေ။

သို့သော် ခိုင်မင်းဆိုသောလူ၏ ရင့်သီးသောအပြောအဆိုများနှင့်ရမ်းကားမှုများကြောင့် သူမနှင့်သူလွဲခဲ့ရပြန်သည်။

သူ့ကို ရုတ်တရက် ခွဲခွာထားရစ်ခဲ့သော သူမကိုသူ စိတ်နာနေမိလေသည်။

ပြီးတော့ သူမနှင့်ခိုင်မင်းတို့ စေ့စပ်သည့်သတင်း





အိဇင်ပြသောကြောင့် သတင်းစာထဲတွင် သူကိုယ်တိုင်ဖတ်ခဲ့ရလေသည်။

ဘာပဲဖြစ်ဖြစ် မိန်းမတွေနဲ့ ဝေးလေကောင်းလေပါပဲ။

နှောင်းရှုပါဆိုတဲ့ မိန်းကလေးကြောင့် မိန်းမတွေကို သူတကယ်လန့်သွားမိပါပြီ။ သည်လိုဟန်ဆောင်လှည့်ဖျားပြီး ချူစားတတ်တဲ့ မိန်းကလေးမျိုးတွေနဲ့ ထပ်ပြီးမဆုံချင်တော့ပေ။

ပြီးတော့ လှည့်စားတတ်သည့် ပန်းရိုပ်ထင်။

အို. . . တစ်ယောက်မှမကောင်းဘူး၊ အားလုံးကို မေ့ပစ်တာပဲကောင်းပါတယ်လေ. . .

လေယာဉ်ဆင်းသက်ချိန်တွင် သူမကို လုံးဝ မရှာဖွေမိတော့ဘဲ လေယာဉ်ပေါ်မှ သူဆင်းလာခဲ့သည်။

သို့သော် မထင်မှတ်ဘဲ လေဆိပ်အဝင်ဝတွင် သူမနှင့်သူ ဆုံခဲ့ကြပြန်သည်။ သူမကအိမ်မှ လာကြိုမည့်ကားကို စောင့်နေပုံရ၏။

သည်တစ်ခါတော့ သူမက အလျင်ဦးစွာ သူ့ကိုမျက်နှာလွှဲသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်သူမ မနီးမဝေးရပ်နေမိကြပြီး စကားမပြောဖြစ်ဘဲ တိတ်ဆိတ်နေမိကြသည်။

သူမရှေ့တွင် ကားတစ်စီးထိုးဆိုက်လိုက်တော့မှပင် သူသတိပြန်ဝင်လာမိသလို 'ကက'တစ်စီးကိုတား၍ စီးလိုက်သည်။

သူမ်နှင့်ဆူးသစ်တို့နှစ်ယောက် ရပ်နေကြသည်ကို တွေ့မြင်သွားသော ခိုင်မင်းမျက်နှာတစ်ခုလုံး နီမြန်းလျက်ရှိသည် မဟုတ်ပါလား. . .

သူမကားပေါ်ရောက်သည်နှင့် သူမကိုဆူပူမာန်မဲတော့၏။

"ဒါက ဘာသဘောလဲ ပန်းရိပ်၊ မင်းနဲ့ဟိုဆူးသစ်ဆိုတဲ့လူ ဇာတ်လမ်းဆက်ကြပြန်ပြီပေါ့လေ"

"မဟုတ်ပါဘူး"

"ဘာမဟုတ်ပါဘူးလဲ၊ ငါ့မျက်စိနဲ့တပ်အပ်မြင်တာတောင် မင်းကငြင်းချင်သေးသလား၊ ပြောစမ်း. . မင်းနဲ့သူ မန္တလေးမှာ တွေ့ခဲ့ကြတာမဟုတ်လား၊ သူနဲ့မင်း ဘာတွေ





ဖြစ်ခဲ့ကြသလဲ"

"အို. . . ပန်းရိပ်သိက္ခာကို ဒီလောက်ထိမစော်ကားပါနဲ့ ကိုကို၊ သူနဲ့ပန်းရိပ် လေယာဉ်ပေါ်ရောက်မှတွေ့ခဲ့ကြတာပါ၊ ပန်းရိပ်တာဝန်ကျတဲ့လေယာဉ်ပေါ် ခရီးသည်တစ်ယောက်အနေနဲ့ သူပါလာခဲ့တာပါ"

"ငါမယုံဘူး ပန်းရိပ်၊ မင်းနဲ့သူမန္တလေးမှာ အပျော်လွန်လာခဲ့ကြပုံရတယ်"

သဝန်တိုစိတ်ကြောင့် သူ့မျက်ဝန်းများက မီးဝင်းဝင်းတောက်လျက်ရှိ၏။

"အမိပွါယ်မရှိလိုက်တာ ကိုကိုရယ်၊ သူနဲ့လေယာဉ်ပေါ်ရောက်မှ ဆုံခဲ့ကြတာပါလို့ဆို. . . ကိုကိုယုံအောင် ကျွန်မဘယ်လိုရှင်းပြရမှာလဲ"

"ဘယ်လိုမှရှင်းမပြနဲ့တော့၊ ငါ့ကိုအမြန်ဆုံး လက်ထပ်ပါ"

သူက နှုတ်ခမ်းတင်းတင်းစေ့ပြီး ကားမောင်းနေ၏။

"ငါပြောတာကြားသလား ပန်းရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"........"

"မင်းမဖြေပြန်ဘူးနော်၊ မင်းအမေကျန်းမာရေး မကောင်းဘူးဆိုပြီး မင်းအချိန်ထပ်ဆွဲထားလို့ လက်ထပ်ဖို့ကိစ္စကို ရက်ရွှေ့ထားလိုက်ရတာ အခုတစ်နှစ်တောင်ရှိနေပြီ၊ မင်း ငါ့ကို ခုချိန်ထိ အမျိုးမျိုးလှည့်စားပြီး ငါနဲ့လက်ထပ်ဖို့ကိုရှောင်လွှဲနေတုန်းပဲလား၊ ဟိုလူနဲ့ကျတော့ မင်းတယ်လဲ သဘောတူကြည်ဖြူနေပါလား"

"တော်တော့ ကိုကို၊ ကိုကို့စကားတွေသိပ်လွန်လာပြီ ကျွန်မသိက္ခာကို အဲဒီလောက်ထိမစော်ကားပါနဲ့"

သူက ကားကိုဝူးခနဲထိုးရပ်လိုက်သည်။

"ကဲ. . . ဒါဖြင့် ငါ့ကိုအမြန်ဆုံးလက်ထပ်ပါ့မယ်ဆိုတဲ့ ကတိကိုပေးစမ်း"

သူမအောက်နှုတ်ခမ်းကိုသွားဖြင့် ဖိကိုက်ပြီး ငြိမ်သက်နေ၏။

"ပြောစမ်း ပန်းရိပ်"

သူစိတ်မရှည်တော့သလို သူမကိုယ်လေးကို ဆိုဆောင့်





ဆွဲဆောင့်ပြီးမေးသည်။ သူမရင်ထဲနာကျင်လွန်းသဖြင့် မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်တွေရစ်ဝဲလာသည်။

"ငါ့အချစ်ကို မင်းအမျိုးမျိုး ရှောင်ဖယ်နေပြီးတော့ ဆူးသစ်ဆိုတဲ့လူနဲ့ မန္တလေးမှာ ပြန်တွေ့ခဲ့ကြ ပျော်ခဲ့ကြတာတွေကို မေ့မရနိုင်ဘူးပေါ့ ဟုတ်လား ပန်းရိပ်"

"ကိုကိုကျွန်မအပေါ် ဒီလောက်အထင်သေးနေ. . . သံသယဝင်နေရင် ကျွန်မကိုဘာကြောင့် လက်ထပ်နေဦးမှာလဲ ကိုကိုရယ်. . ."

"ဩော်. . . မင်းက ဆူးသစ်နဲ့ပြန်တွေ့ပြီဆိုတော့ ငါ့ကို အာခံနေပြီပေါ့ ဟုတ်လား"

"ကိုကိုထင်ချင်သလို ထင်နိုင်ပါတယ်"

"တယ်လေ. . . ငါ. . ."

သူမပါးကိုရိုက်ဖို့ သူကရွယ်သည်။

"ရိုက်ချင်ရိုက်လိုက်ပါ ကိုကို၊ ပန်းရိပ်သေချင်တယ်"

"မင်းက သူနဲ့ဝေးရမှာကြောက်လို့ သေချင်ပြန်ပြီပေါ့၊ ငါနဲ့လက်ထပ်ရမှာကို ဘာကြောင့်ဒီလောက်ထိ ငြင်းဆန်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ ပန်းရိပ်ရယ်၊ မင်းကိုချစ်တဲ့စိတ်နဲ့ သတ်မိလိမ့်မယ် သိလား”

သူက သူမကိုငဲ့ထွေးဖက်လိုက်ပြီး နှစ်သိမ့်မှုတွေပေးပြန်သည်။

သူမမျက်ရည်ကျတာမြင်တော့လည်း သူကရူဏာဖြစ်ရပြန်သည်။

သူမမျက်နှာပေါ် သူ့မျက်နှာဖြင့်ထိကပ်ပြီး နမ်းနေသည်မို့ သူမရင်ထဲနာကြည်းမုန်းတီးနေမိ၏။

ရှင့်ကို သိပ်မုန်းတယ်. . . ရှင့်ကိုသိပ်မုန်းတယ်. . .

သူမရင်ထဲမှခံစားချက်တွေကို ဆူးသစ်ကတော့ နားလည်နိုင်လိမ့်မည်မဟုတ်ပါ။

✻✻✻





## အခန်း(၇)

သည်ကနေ့ သူမအလုပ်အားရက်မို့ သူငယ်ချင်းကေဇင်နှင့်အတူ စိန်ဂေဟာ Super center သို့ ဈေးဝယ်ထွက်ခဲ့ကြ၏။

အပေါ်ထပ်မှ အောက်ထပ်သို့ စက်လှေကားဖြင့် ပြန်ဆင်းလာခဲ့ကြစဉ် တစ်ဖက်စက်လှေကားမှ တက်လာသော ဆူးသစ်နှင့် မျက်နှာချင်းဆိုင်ဆုံကြလေသည်။

ရုတ်တရက်မို့ အံ့အားသင့်သွားမိပြီး သူနှင့်သူမမျက်ဝန်းချင်းမလွှဲဖယ်မိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး မျက်ဝန်းချင်းစကားပြောနေမိကြသလား သူမသေချာ မတွေးတတ်ပါ။

နှစ်ဦးစလုံး၏ရင်ထဲတွင် ပြင်းပြသောခံစားချက် ကိုယ်စီဖြင့် လှုပ်ရှားသွားမိကြလေသည်။

"ရွှေဆွဲကြိုးတွေသွားကြည့်ရအောင်. . . လာ"

ကေဇင်က စက်လှေကားအဆင်းတွင် သူမကိုလက်ဆွဲပြီး ခေါ်သည်။

သူမစိတ်အစဉ်သည် အပေါ်ထပ်သို့ရောက်သွားပြီးပြီသော သူ့ထံပါသွားသလို ခံစားနေရ၏။

ပါဝါရတနာရွှေဆိုင်တွင် ကေဇင်ကရွှေဆွဲကြိုး၊ ရွှေလက်ကောက်များ တစ်မျိုးပြီးတစ်မျိုးထုတ်ကြည့်နေသော်လည်း သူမသိပ်စိတ်မပါပေ။

သူမကိုပြန်လည်စူးစိုက်ကြည့်သွားသော နူးညံ့ကြင်နာသည့်သူ့မျက်ဝန်းများကို ရုတ်တရက်မေ့ဖျောက်ပစ်၍မရ...

သူနေပြန်ကောင်းသွားပြီ ထင်ပါရဲ့. . .

သူက အနောက်တိုင်းဝတ်စုံအဝါနုရောင်နှင့်သန့်ပြန့်





ချောမောနေ၏။

"ဗိုက်ဆာသလိုပဲ ပန်းရိပ်ရယ်၊ အပေါ်ထပ်မှာ Ginza pan cafe ရှိတယ်၊ တစ်ခုခုသွားသောက်ကြရအောင်. . . လာ"

စိန်ဂေဟာထဲလှည့်ပတ်ဈေးဝယ်အပြီးမှာ ကေဇင်က အပေါ်ထပ်တွင် တစ်ခုခုသွားစားကြရန်ခေါ်သည်မို့ သူမ လိုက်လာခဲ့ရသည်။ သူ့ကိုပြန်တွေ့ရမလားဟု သူမမျက်ဝန်း တွေက ရှာမိပြန်သည်။ သို့သော် မတွေ့ရပေ။

သူမနှင့်ကေဇင်တို့နှစ်ယောက် Ginza pan cafe မှာထိုင်ပြီး Puff နှင့် Cream Soda တစ်ယောက်တစ်ခွက်စီ သောက်နေကြ၏။

ထိုအချိန်တွင် စိန်ဂေဟာထဲသို့ ခိုင်မင်းဝင်လာပြီး သူမကိုရှာဖွေနေလေသည်။

အလုပ်မှအိမ်ကိုလှမ်းဖုန်းဆက်ကြည့်တော့ သူမစိန်ဂေဟာစူပါစင်တာသွားသည်ဆို၍ ခိုင်မင်းလိုက်လာခဲ့ခြင်းပါ။

သူမနှင့်ကေဇင်တို့ Ginza pan cafe တွင်ထိုင်ပြီး အအေးသောက်နေကြစဉ် သူမတို့နှင့်ဘေးချင်းယှဉ်လျက် စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွင်လူနှစ်ယောက် ဝင်ထိုင်လိုက်ကြ၏။

သူမလှည့်ကြည့်လိုက်တော့ ဆူးသစ်နှင့်သူ့မိတ်ဆွေတစ်ယောက်ကိုတွေ့လိုက်ရသည်မို့ ရင်ခုန်လှုပ်ရှားသွားမိသည်။

သူကလည်း သူမကိုမြင်သွား၏။ သို့သော် တစ်ယောက်ကိုတစ်ယောက် နှုတ်မဆက်ဖြစ်ကြပေ။ ထို့စဉ် . . .

"ဟော့ ပန်းရိပ်"

ခေါ်သံနှင့်အတူ သူမတို့နားပြေးလာသော ခိုင်မင်းကို တွေ့လိုက်ရသောကြောင့် သူမလိပ်ပြာလွင့်စဉ်မတတ်ထိတ်လန့်သွားမိ၏။

"ရှာလိုက်ရတာ ပန်းရိပ်ရယ်၊ စူပါစင်တာတစ်ခုလုံး[illegible] နေတာပဲ၊ ပန်းရိပ်က ဒီမှာ လာပြီးအအေးသောက်နေတယ် ဩော် . . . ကေဇင်လဲပါတာကိုး"

"ကိုကိုဘယ်လိုလုပ်ပြီး လိုက်လာတာလဲ"

"မေမေ့ဆီဖုန်းဆက်ကြည့်တော့ ပန်းရိပ်ဒီကိုသွားတယ် ဆိုလို့ ကိုကိုလိုက်လာတာ၊ Cream Soda တစ်ခွက်ပေး[illegible]"

သူက အအေးလှမ်းမှာပြီး သူမတို့စားပွဲဝိုင်းမှာပင် ဝင်ထိုင်သည်။ ဘေးစားပွဲတွင် ထိုင်နေသော ဆူးသစ်ကိုမြင်[illegible]





ပုံမရသေး။

"ဘာတွေဝယ်ခဲ့ကြသလဲ"

"စုံနေတာပါပဲ ကိုခိုင်မင်းရယ်၊ မိန်းကလေးတွေဆိုတော့ အဓိကကတော့ Cosmetic ပဲ ဝယ်ဖြစ်တာပေါ့"

ခိုင်မင်းအမေးကို ကေဇင်ကဖြေသည်။ ပန်းရိပ်က မဖြေဖြစ်ဘဲ ဆူးသစ်ကိုခိုင်မင်းမြင်တွေ့သွားမှာ စိုးရိမ်နေမိလေသည်။

သို့သော် သူမကံမကောင်းပေ။ သူမ၏ရှုံ့တိုးရှန့်တန့် အမူအရာကြောင့် ဘေးဘီဝဲယာသို့ လိုက်ကြည့်ရင်း ဆူးသစ်ကို ခိုင်မင်း မြင်တွေ့သွားလေသည်။

ချက်ချင်းဆိုသလို သူ့မျက်နှာအမူအရာက တင်းမာသွားပြီး ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်သည်။

"ဘာသဘောလဲ ပန်းရိပ်၊ မင်း . . . မင်းတို့ ဒီမှာလာပြီး တွေ့ကြပြန်ပြီပေါ့ ဟုတ်လား"

သူ့အသံကျယ်ကျယ်ကြောင့် ဆိုင်ထဲမှလူများဝိုင်းကြည့်နေသည်မို့ သူမအလွန်ရှက်သွားမိသည်။ ကေဇင်လည်း လန့်ဖျတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေစမ်း. . . ပန်းရိပ်၊ ဒီလူနဲ့မင်း ငါမသိအောင် ဒီမှာ လာတွေ့ကြပြန်ပြီလား"

သူ့ဒေါသသူ မထိန်းနိုင်သလို လူအများရှေ့ပင်မရှောင်တော့ဘဲ ခိုင်မင်း ရှူးရှူးရှားရှားမေးနေ၏။

"မဟုတ်ပါဘူး"

ဆူးသစ်က စိတ်ရှုပ်သလိုတစ်ချက်လှည့်ကြည့်လိုက်ပြီး စားပွဲမှ နှစ်ယောက်လုံးထသွားတော့၏။

"အို. . . ကိုခိုင်မင်းကလဲ ဖြည်းဖြည်းပြောလဲ ရပါတယ် ဒီလိုမလုပ်ပါနဲ့၊ လူတွေဝိုင်းကြည့်ကုန်ပြီ"

ကေဇင်က သတိပေးနေသော်လည်း သူက. . .

"ငါဂရုမစိုက်ဘူး၊ ဒီကိစ္စ ဒီနေ့အပြတ်ရှင်းမှ ဖြစ်လိမ့်မယ်"

ပြောပြီး ဆူးသစ်နောက်သို့ ခိုင်မင်းက ကမူးရှူးထိုးပြေးလိုက်သွားတော့၏။

"ဒုက္ခပါပဲ ကေဇင်ရယ်၊ ကိုကိုခိုင်မင်း သိပ်ဒေါသကြီးနေပြီ၊ ဘယ်လိုလုပ်ကြမလဲ"





"လိုက်သွားကြရအောင် လာ. . . လာ"

သူမနှင့်ကေဇင်တို့နှစ်ယောက် သူတို့နောက်မှပြေးလိုက်လာခဲ့ကြ၏။

ကားပတ်ကင်ရှိရာသို့ရောက်တော့ ဆူးသစ်ကားက မောင်းထွက်နေပေပြီ။

"ဟော့ကောင်. . . ဆူးသစ်၊ ဆင်းခဲ့စမ်း၊ မင်းနဲ့ငါ ဒီနေ့ စာရင်းရှင်းမယ်"

ဆူးသစ်က ကားမရပ်သဖြင့် ခိုင်မင်းက သူ့ကားပေါ် တက်ပြီး နောက်မှလိုက်သည်။

ကိုကိုခိုင်မင်း၏ဒေါသကိုသိသူမို့ သူမရင်တစ်ခုလုံး တုန်ယင်ထိတ်လန့်နေလေသည်။ သူမတို့လည်း သူတို့နောက်သို့ တက္ကစီတစ်စီးငှား၍ လိုက်လာခဲ့ကြသည်။

ခိုင်မင်း၏ကားကနောက်မှ ထပ်ကြပ်မကွာလိုက်နေသောကြောင့် လူရှင်းသောလမ်းမတစ်နေရာတွင် ဆူးသစ်ကားကို ထိုးရပ်လိုက်၏။ ဆူးသစ်က တစ်ယောက်တည်းရယ်ပါ။

ဆူးသစ်ကားနောက်တွင် ခိုင်မင်းကားကိုထိုးရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦး တားပေါ်မှ ဒေါသတကြီးဆင်းသည်။

"ငါ့ကားနောက်က ဘာလို့တကောက်ကောက်လိုက်နေရတာလဲ"

"မင်းနဲ့ငါ စာရင်းရှင်းစရာရှိလို့ပေါ့၊ ဒီကိစ္စ ဒီနေ့ရှင်းမှဖြစ်လိမ့်မယ်"

"ဘာကိစ္စလဲ"

"ငါနဲ့လက်ထပ်တော့မယ့်မိန်းကလေးကို လိုက်နှောင့်ယှက်နေတဲ့ကိစ္စ"

ငါလဲ ဘာမှမနှောင့်ယှက်ရပါလား၊ ငါနဲ့သူ မထင်မှတ်ဘဲဆုံတွေ့ခဲ့ကြတာကို မင်းဘာသာစန်ကြောင်ပြီး လိုက်စွပ်စွဲနေတာမဲ့"

"ငါ့မျက်စိနဲ့တပ်အပ်မြင်တာ၊ လာပြီးငြင်းမနေနဲ့"

"တဲ့ . . ပြောစမ်းပါဦး၊ ဘာတွေမြင်သလဲလို့"

"မြင်တယ်ကွာ . . . မြင်တယ်၊ မင့်းတို့ရဲ့မျက်လုံးတွေထဲက မရိုးသားမှုတွေကို ငါအတိုင်းသားမြင်နေရတယ်ကွ"

"အဲဒီတော့ မင်းက ဘာဖြစ်ချင်သလဲ"





"မင်းလိုလူကို ပညာပေးချင်တယ်၊ ကဲကွာ"

ပြောပြောဆိုဆိုဖြင့် ခိုင်မင်းကသူ့မျက်နှာကိုဆွဲထိုးလိုက်သည်။ သို့သော် ဆူးသစ်က ရှောင်လိုက်သဖြင့်မထိပေ။

သူနှင့်ခိုင်မင်း တစ်ယောက်တစ်ချက်ထိုးနေကြစဉ် နောက်မှလိုက်လာသော သူမတို့ကားရောက်လာ၏။

"တော်ကြပါတော့ . . . မလုပ်ကြပါနဲ့"

"ရန်မဖြစ်ကြပါနဲ့တော့ရှင်"

ခိုင်မင်းနှင့်ဆူးသစ်ကို ဘယ်လိုမှဝင်ပြီး တားဆီး၍မရဘဲဖြစ်နေ၏။

ဆူးသစ်ရင်ထဲတွင် သူစိတ်ဝေဒနာသည်ဘဝက ခိုင်မင်းထိုးကြိတ်ခဲ့ဖူးသည်မို့ သည့်တစ်ကြိမ်မှာတော့ ခိုင်မင်းကို မနိုင်မချင်း သူထိုးကြိတ်နေမိ၏။

ခိုင်မင်းက ရင်အုပ်ကားကားနှင့်ဗလကြီးထွားသော်လည်း သည်တစ်ခါတော့ သူ့ကိုရှုံးသွားသည်။ ခိုင်မင်းမျက်နှာကိုအားရအောင်ထိုးပြီးမှ သူလွှတ်ပေးလိုက်သည်။

"စိတ်မကောင်းပါဘူး ပန်းရိပ်ထင်၊ ဒါပေမယ့် ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ရိုးသားမှုကို စော်ကားလွန်းနေတော့ ကိုယ်မခံနိုင်တော့ဘူး"

ပြောပြီး ကားပေါ်တက်၍ မောင်းထွက်သွားတော့၏။

"အရူးက တစ်မူးသာသွားရသေးတယ်လို့ကွာ. . . တောက်"

မြေကြီးကိုလက်သီးဖြင့်ထိုးရင်း ခိုင်မင်းမချိတင်ကဲ ကြိမ်းဝါးလိုက်သည်။ ပြီးတော့ ကေဇင့်ကိုလှမ်းမေးသည်။

"ကေဇင်. . . နင့်ဘာသာပြန်လို့ရတယ် မဟုတ်လား"

"ဟုတ်. . . ရ. . . ရပါတယ်"

သူက သူမရှေ့တွင် ဆူးသစ်ကိုရှုံးနိမ့်သွားခြင်းကြောင့် ဒေါသအမျက်ချောင်းချောင်းထွက်လျက် သူမကိုစတင်မဲတော့၏။

"တက်စမ်း ကားပေါ်"

သူမလက်မောင်းတစ်ဖက်ကိုဆောင့်ဆွဲပြီး ကားထဲသို့ သူမကိုယ်လေးကို ဆောင့်တွန်းပစ်လိုက်၏။ ပြီးတော့ ကား မောင်းထွက်လာခဲ့သည်။

"မင်းကို ငါသတ်ပစ်ချင်တယ် ပန်းရိပ်"

"ကျွန်မကို ဒီလောက်အရှက်ရအောင် အော်ငေါက်ပြီး





တာတောင်မှ မကျေနပ်သေးဘူးလား ကိုကို"

"မကျေနပ်ဘူး၊ ဖြစ်နိုင်ရင် မင်းကိုကော မင်းအကောင် ကိုပါ ငရဲပြည်ပို့ပစ်ချင်တယ် သိရဲ့လား၊ ဒါတောင် မင်းတို့က ငရဲပြည်မှာ သွားပြီးဆုံစည်းနေကြဦးမယ်ထင်ပါရဲ့"

"ပန်းရိပ် ဘာမှရှင်းမပြချင်တော့ဘူး ကိုကို၊ ပန်းရိပ် ဘယ်လိုပဲရှင်းပြရှင်းပြ ကိုကိုကသံသယဝင်နေဦးမှာပဲ မဟုတ် လား၊ ဒီတော့ ပန်းရိပ်ကိုလက်မထပ်ပါနဲ့တော့ ကိုကို၊ ပန်းရိပ်ကို စွန့်လွှတ်လိုက်ပါတော့"

"ဘာ. . ."

သူကဒေါသဖြင့် ကားဘရိတ်ကိုဆောင့်နင်းပစ်လိုက် ၏။

"မင်းသေချင်ပြီ ထင်တယ်"

သူ့မျက်နှာမှာ ခက်ထန်နေပြီး ကြောက်စရာကောင်းနေ သည်။

"သတ်ပစ်လိုက်ပါလား ကိုကိုရယ်၊ ကျွန်မတကယ် သေချင်နေပြီ၊ ကျွန်မကိုအမျိုးမျိုးသံသယဝင်နေတဲ့လူတစ် ယောက်ကို ကျွန်မလက်မထပ်ချင်ဘူး၊ ကျွန်မလက်မထပ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမ မမျိုသိပ်နိုင်တော့သလို ပြောမိသည်။

သူမစကားကြောင့် ဒေါ်သမိုးမွန်ပြီး သူမပါးပြင်တစ်ဖက်ကို ရိုက်ချလိုက်၏။ သူမအံကြိတ်ထားမိသည်။

သူနှိပ်စက်သမျှ ခံခဲ့ရတာကြာခဲ့ပြီ။ သို့သော် အခါပေါင်းများစွာဆိုတော့လည်း ရင်ပွင့်မတတ်ခံစားနေရလေသည်။

"မင်း ငါ့ကိုမချစ်နိုင်ပေမယ့် မင်းဟာငါလက်ထပ်ယူမယ့်မိန်းကလေးတစ်ယောက်ဖြစ်နေတဲ့အတွက် ငါသိပ်ချစ်တဲ့မင်းကိုမဲ့တစ်ပေါက်မှ မစွန်းထင်းစေချင်ဘူး နားလည်လား"

သူမပခုံးကို ဆုပ်ကိုင်ပြီး ပရမ်းပတာဆွဲခါနေသောကြောင့် သူမအသက်ပျောက်မတတ်ခံစားနေရ၏။

ဒါနောက်ဆုံးခံစားရခြင်းပဲ ဖြစ်ပါစေတော့ . . . ဟု သူမမျိုသိပ်လိုက်သည်။

သူလိုသံသယများလွန်းတဲ့လူကို သူမလက်မထပ်တော့ဘူးဟု ဆုံးဖြတ်ချက် အခိုင်အမာချလိုက်မိသည်။

✿✿✿





## အခန်း(၈)

နောက်တစ်ပတ်ခန့်အကြာ။

သူမနှင့်ခိုင်မင်းတို့ စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်းကြော်ငြာ သတင်းစာထဲပါလာခဲ့သည်။ သူမကိုယ်တိုင် သူမဆန္ဒတစ်ခုတည်းဖြင့် ထည့်ခဲ့ခြင်းပါ။

ဆူးသစ်နှင့်ခိုင်မင်းပြဿနာဖြစ်ပြီးနောက်ရက်တွင် သူမအိမ်မှထွက်လာခဲ့ပြီး ဇေဇင်တို့အိမ်တွင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းကို လုံးဝလက်မထပ်နိုင်ကြောင်း သူနှိပ်စက်တလှူပြုသမျှတွေကိုလည်း မခံနိုင်တော့ကြောင်း ဖုန်းဖြင့် မေမေ့ထံ ပြောပြခဲ့၏။

သူမအတင်းအကြပ်ငြင်းနေသည်မို့ မေမေက ဘာမှ ထပ်မပြောတော့ပေ။

ကေဇင်တို့အိမ်သို့ ခိုင်မင်းလိုက်လာပြီး တောင်းပန်သော်လည်း သူမလုံးဝလက်မခံတော့ပါ။ သူမဆုံးဖြတ်ချက် အခိုင်အမာချခဲ့ပြီမဟုတ်ပါလား. . .

ထိုရက်များအတွင်း သူမအိမ်သို့မပြန်တော့ဘဲ ကေဇင်တို့အိမ်မှာပင် နေဖြစ်ခဲ့သည်။

သည်လိုနှင့်တစ်လခန့်ကြာခဲ့၏။

ထိုနေ့ညနေက ကေဇင့်အစ်မ လေယာဉ်မယ်တစ်ယောက်၏မွေးနေ့ပွဲကို Oasis restaurant မှာကျင်းပခဲ့သည်မို့ သူမတို့လေယာဉ်မယ်အုပ်စု လာခဲ့ကြသည်။

ထိုဆိုင်ထဲတွင် လုံးဝမျှော်လင့်ထင်မှတ်မထားဘဲ သူ့ကို





တွေ့လိုက်ရ၏။

သူ. . . ဆူးသစ်ရယ်ပါ။

သူကလည်း သူ့မိတ်ဆွေများနှင့်စား ပွဲတစ်ခုလာသည်ဟု ထင်ရသည်။ သူက သူမကို မမြင်ပေ။ သူမလည်း သူ့ကို မမြင်ချင်ယောင်ဆောင်နေလိုက်မိသည်။

“ဟယ်. . . . ဟိုမှာ ကိုဆူးသစ်ပါလား၊ မတွေ့တာ တောင် အတော်ကြာပြီ၊ သွားနှုတ်ဆက်လိုက်ဦးမယ်”

ကေဇင့်အစ်မမွေးနေ့သို့လာသော လေယာဉ်မယ်တစ်ယောက်ကပြောပြီး သူတို့စားပွဲနားလျှောက်သွားသည်။

“ကိုဆူးသစ်. . . ကျွန်မကိုမှတ်မိတယ်နော်”

ဆူးသစ်ကအံ့ဩသလိုကြည့်နေပြီးမှ မှတ်မိသွား၏။

“သြော်. . . မနှင်းနှင်းပါလား”

“ဟုတ်ပါတယ်၊ မတွေ့ရတာ အတော်ကြာပြီနော်၊ နောင်းဆုံးသွားကတည်းက မတွေ့ဖြစ်တာကြာတာ၊ အဲလေ. . . ဝမ်းနည်းစရာတွေပြောမိပြန်ပြီ၊ ဆောရီး. . .”



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်မယ်နှင်းနှင်းက ပန်းရိပ်တို့နှင့်ယှဉ်လျှင် စီနီယာကျသူဖြစ်ပြီး လေယာဉ်မယ်နှောင်းရိပ်ဝေ၏သူငယ်ချင်းဖြစ်သည်။ နှောင်းရိပ်ဝေနှင့်ပတ်သက်ပြီး ဆူးသစ်နှင့်သိကျွမ်းခဲ့ကြခြင်းပါ။

"ရပါတယ် ၊မနှင်းနှင်းကော. . . ဘယ်ကိုလာတာလဲ"

"ကျွန်မသူငယ်ချင်းတစ်ယောက်ရဲ့မွေးနေ့ကို လာတာပါ။ ဟိုမှာလေ. . . ကျွန်မရဲ့သူငယ်ချင်းတွေ"

နှင်းနှင်းညွှန်ပြရာလှမ်းကြည့်ရင်း သူမကိုသူ မြင်တွေ့သွားပြီး အံ့ဩသွားပုံရ၏။ သူမလည်းသူ့ကို ပြန်ပြီးကြည့်နေမိ၏။

သူက သူမကိုပြုံးပြတော့ သူမလည်းပြန်ပြုံးပြလိုက်သည်။

သူမတို့နှစ်ယောက်လုံးရင်ထဲတွင် လှုပ်ရှားနေမိကြသည်မဟုတ်ပါလား. . .

ညှော်ခံပွဲပြီးလို့ပြန်ကြတော့ သူကမပြန်သေးဘဲ သူမကိုစောင့်နေ၏။





"ပန်းရိပ်. . . ခဏလောက်စကားပြောလို့ရမလား"

သူမငြင်းမည်ပြုပြီးမှ မငြင်းဖြစ်တော့။

ကေဇင်က သူမတို့နှစ်ယောက်ကိုကြည့်ပြီး သဘောပေါက်သလို အနားမှထွက်သွား၏။

သူနှင့်သူမ စားပွဲဝိုင်းတစ်ခုတွင်ပြန်ထိုင်လိုက်ကြသည်။ သူက တော်ရုံနှင့်စကားမပြောဘဲ သူမမျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်နေလေသည်။

"ကိုဆူးသစ်. . . ရှင်ပြောစရာရှိတယ်ဆို. . ."

"ဘယ်ကစပြောရမှန်းမသိလို့ပါ ပန်းရိပ်ရယ်၊ ပန်းရိပ်နဲ့ခိုင်မင်းရဲ့သတင်းကို ကိုယ်ဖတ်ခဲ့ရတယ်၊ အဲဒါကိုယ့်ကြောင့် ပန်းရိပ်တို့. . ."

"ရှင့်ကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး၊ ပန်းရိပ်ကိုယ်တိုင်က သူ့ကိုလက်မထပ်ချင်တာပါ၊ သူ့ကိုချစ်လို့လဲမရဘူး။ ပြီးတော့ သံသယတွေနဲ့အနိုင်ယူစွပ်စွဲနေတာလဲ ပန်းရိပ်မခံနိုင်တော့ဘူး၊ ဒါကြောင့်ပါ"

သူမျက်ဝန်းထဲတွင် အစိမ့်ပါယ်တစ်မျိုးရှိနေသောကို သူမ

www.burmeseclassic.com



တွေ့ရသည်။ သို့သော် နားမလည်နိုင်ဘဲ ဖြစ်နေမိ၏။

"အခုလို ရှင့်ကိုကျန်းကျန်းမာမာပြန်တွေ့ရတော့ သိပ်ဝမ်းသာမိပါတယ်"

"ကိုယ်ဝေဒနာ ခံစားနေရတဲ့အချိန်မှာ စေတနာသန့်သန့်နဲ့ ကူညီခဲ့တဲ့ပန်းရိပ်ကို ကိုယ်သိပ်ကျေးဇူးတင်ပါတယ်၊ ပန်းရိပ်ကြောင့် ကိုယ့်ရောဂါဝေဒနာတွေ တခဏပျောက်ကင်းသက်သာခဲ့ရပါတယ်"

"ရပါတယ် ကိုဆူးသစ်၊ ပန်းရိပ်ကလဲ အကူညီပေးနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်၊ ကဲ. . . ပန်းရိပ်ပြန်တော့မယ်နော်၊ သိပ်မိုးချုပ်သွားမှာစိုးလို့"

ပြန်ရန် ပန်းရိပ်ထရပ်လိုက်တော့ သူကပန်းရိပ်လက်တစ်ဖက်ကိုဆုပ်ကိုင်ပြီး တားဆီးလိုက်သည်။

"နေပါဦး ပန်းရိပ်ရယ်. . ."

သူ့အသံက နူးညံ့ကြင်နာမှုတွေ ပြည့်နေသည်။

သူမရင်ထဲ လှုပ်ရှားရလွန်းသည်မဟုတ်ပါလား. . .

"ကိုယ့်နှလုံးသားထဲက လစ်ဟာနေတဲ့နေရာလေးကို





အစားထိုးမပေးနိုင်ဘူးလား ပန်းရိပ်ရယ်. . ."

သူ့အသံက စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေ၏။

"ဖြေပါဦး ပန်းရိပ်ရယ်၊ ကိုယ့်ကို မချစ်နိုင်ဘူးလားလို့"

သူမဘာပြန်ပြောရမှန်းမသိသလို သူနားမှပြေးထွက်လာခဲ့မိသည်။ သူက သူမနောက်မှ ပြေးလိုက်လာပြီး သူမလက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်တားဆီးလိုက်သည်။

"ပြောပါဦး. . . ပန်းရိပ်၊ ကိုကို့ကို ချစ်သလား မချစ်ဘူးလားလို့"

သူမဘာမှပြန်မပြောသဖြင့် သူ့ရင်ထဲမချင့်မရဲဖြစ်ပြီး သူမကိုရင်ခွင်ထဲ ဆွဲဖက်ထားလိုက်သည်။

"မင်းကို သိပ်ချစ်တယ် ပန်းရိပ်ရယ်၊ ကိုကို့ရင်မှာ ခံစားနေရတာတွေ မင်းမမြင်နိုင်ဘူးလားဟင်"

"ကျွန်မမယုံနိုင်ဘူး၊ ရှင် ကျွန်မကို မမှတ်မိချင်ယောင်ဆောင်ခဲ့သေးတယ် မဟုတ်လား"

"အဲဒီတုန်းက ကိုယ့်ရင်ထဲကခံစားချက်ကို ကိုယ်ဖုံးကွယ်ခဲ့မိတာပါ၊ တကယ်တော့ ကိုယ့်နှလုံးသားထဲမှာ မင်းနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမှတ်တရများစွာရှိနေခဲ့ပါတယ် အချစ်ရယ်"

"ရှင့်ကြောင့် ကျွန်မခံစားခဲ့ရတာတွေ များလှပါပြီ၊ ဒါပေမယ့် ကျွန်မက ရှင့်အပေါ် သတိရမိသူမို့ သံယောဇဉ်ဖြတ်ဖို့ မလွယ်ဘူးထင်တယ်"

"ကိုယ့်ကို သတိရတယ် ဟုတ်လား၊ ခုလိုကြားရတဲ့အတွက် ကိုယ့်ရင်ထဲမှာ ဘယ်လိုဝမ်းသာကြည်နူးနေမိမှန်းမသိနိုင်လောက်အောင်ပါပဲ ပန်းရိပ်ရယ်. . ."

"အို. . . ကျွန်မပြန်ပါရစေတော့"

"ပန်းရိပ်ကို ကိုယ်လိုက်ပို့ပေးမယ်၊ ပြီးတော့ ပန်းရိပ်မေမေဆီမှာ ပန်းရိပ်ကိုလက်ထပ်ဖို့ခွင့်တောင်းမယ်နော်၊ မငြင်းဘူးမဟုတ်လား ပန်းရိပ်"

ပန်းရိပ်ဝေခွဲမရနိုင်လောက်အောင် ရင်ခုန်လှုပ်ရှားတွေဝေနေမိစဉ် သူကသူ့ကားဖာခါးကိုဆွဲဖွင့်လိုက်ပြီး ပန်းရိပ်ကိုယ်လေးကို ကားထဲသို့အသာတွန်းပြီး ဝင်စေလိုက်သည်။

ပြီးတော့ ပန်းရိပ်ဘေးရှိကားမောင်းသူနေရာတွင် သူဝင်ထိုင်လိုက်သည်။





"ခုတော့ ကိုကို့ရင်ထဲမှာ မျှော်လင့်စောင့်စားခဲ့ရသမျှအရာအားလုံး ပြီးပြည့်စုံသွားခဲ့ပြီ ပန်းရိပ်၊ ပန်းရိပ်ကို ကိုကို့ရင်ခွင်မှာတစ်သက်လုံးထွေးပွေ့ပြီး ယုယခွင့်ပေးပါတော့ အချစ်ကလေးရယ်. . ."

သူက ပန်းရိပ်မျက်နှာလေးကို သူ့လက်တစ်ဖက်ဖြင့်ဆွဲမော့လိုက်ပြီး မျက်လုံးချင်းဆုံကြည့်နေရာမှ ပန်းရိပ်မျက်နှာပေါ်သို့ သူ့မျက်နှာကိုထိကပ်လိုက်သည်။

ပန်းရိပ်ရင်မှာ တသိမ့်သိမ့် တုန်ယင်လှုပ်ရှားနေပြီး ကြည်နူးပျော်ရွှင်မှုများပြည့်သိပ်လာလျက် မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်များ စီးဆင်းလှမတတ် ဖုံးလွှမ်းသွားသည်။

♥♥ . . . ကိုကိုရယ် တကယ်တော့ ပန်းရိပ်လေ ကိုကို့ကို
သံယောဇဉ်တွယ်တာနေမိတာ အချိန်တွေကြာခဲ့ပါပြီ။
ကိုကို့ကို သတိရမိသူက ဘယ်လိုများ မချစ်ဘူးလို့ ဟန်
ဆောင်နိုင်ပါ့မလဲ ကိုကိုရယ်. . .

ပန်းရိပ်ရင်ထဲမှ စကားသံတွေကို သူကြားလောက်အောင် ပန်းရိပ်မပြောနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

48/31



သို့သော် ကိုကိုကြားနိုင်အောင် ပန်းရိပ်ထုတ်ဖော်ပြော ဖို့ ကြိုးစားရပါလိမ့်မည်။

ချစ်တဲ့ကိုကိုရယ်. . .

သတိရမိသူက ကိုကိုနဲ့တစ်သက်လုံး မခွဲချင်တော့ဘူး ကွယ်. . .

စာဖတ်ပရိသတ်များအားလုံး

ကျန်းမာရွှင်လန်းကြပါစေ...

စာရေးတဲ့

စုလှဖြူ

PM:4:15

3RD, DECEMBER, 2004.

ဘုရက်ဂီစာပေ

www.burmeseclassic.com